KELONG
KEHUA TECH
Online UPS

# The VOICE Daily

AIR KBZ

Vol. 5 / No. 258 | Established in 2004 | ၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၇) ရက်၊ (Wednesday, February 7, 2018)

## ရဲမှတ်တမ်းများကို မိမိဆန္ဒအရ မီးရှို့ခဲ့ဟု ရှိက်တာသတင်းထောက်နှစ်ဦးအမှုမှ တရားလိုပြသက်သေ ဒုရဲအုပ် ထွက်ဆို စာ 6

## ရွှေနန်းတော်ကျောင်း ပြုပြင်မှု အစိုးရနှင့် အမေရိကန် သံအမတ်ကြီးများအဖွဲ့ သဘောထားကွဲ စာ 11

## အမေရိကန် ဥပဒေအကြံပေးကုမ္ပဏီ မြန်မာနိုင်ငံမှ လုပ်ငန်းများရပ်ဆိုင်း စာ 8

## ဘားအံ ယဉ်ကျေးမှုပွဲတော်သို့ ဒေါ်အောင်ဆန်းစုကြည် မတက်ဖြစ် စာ 3

# တနိုင်းဒေသ တိုက်ပွဲအတွင်း ပိတ်မိနေသူ အကုန်လုံးနီးပါးလွတ်မြောက်

မြစ်ကြီးနား၊ ဖေဖော်ဝါရီ ၆

ကချင်ပြည်နယ် တနိုင်းဒေသရှိ ဇီးဖြူကုန်း ပယင်းမော်နှင့် ယင်းမော်အနီး တစ်ဝိုက်တွင် တပ်မတော်နှင့် ကေအိုင်အေတို့ တိုက်ပွဲဖြစ်ပွားနေမှုကြောင့် ပိတ်မိနေသော ဒေသခံမော်လုပ်သား ၃၄၀၀ ဦးအနက် လူဦးရေအများစုလွတ်မြောက်လာပြီး အနည်းငယ်သာ ကျန်ရှိနေသေးကြောင်း ယင်းပိတ်မိနေသူများကို ကူညီဆောင်ရွက်ပေးနေသူများထံမှ သိရသည်။

အဆိုပါ ပိတ်မိနေသည့် ဒေသခံများသည် တနိုင်းမြို့မှ မိုင် ၃၀ ခန့်ရှိသော နမ်ကွမ်းမော်နားရှိ စမတ်ချောင်းတွင် ပိတ်မိနေခဲ့ပြီး ၁၀ ရက်ကြာ ကူညီကယ်ဆယ်ရေးများဆောင်ရွက်ခဲ့ရာ လက်ရှိ ဖေဖော်ဝါရီလ ၆ ရက်နေ့အထိ လူပေါင်း သုံးထောင်ကျော်လွတ်မြောက်လာပြီး လူဦးရေ ၈၀ ခန့်သာကျန်ရှိနေသေးကြောင်း ပိတ်မိနေသူများကို ကူညီဆောင်ရွက်ပေးနေသည့် ဦးနန်မိတ်က ပြောကြားသည်။

"အားလုံးနီးပါးတော့ စာ 2



ဓာတ်ပုံ – ရဲပြည့်စာနည်

မိုးနဂါးခြင်္သေ့အဖွဲ့က တရုတ်နှစ်သစ်ကူးအကြို လှည့်လည်ပွဲကို ဖေဖော်ဝါရီလ ၆ရက်နေ့ ညနေ ၆နာရီကျော်က လမ်းမတော် ၄လမ်းမှ တရုတ်ဘုံကျောင်းအထိ တရုတ်နဂါးအကနှင့် ခြင်္သေ့အကစသည်များဖြင့် စီတန်းလှည့်လည်ခဲ့စဉ်



ဓာတ်ပုံ – ရဲပြည့်စာနည်

# အလှမယ်ရွှေအိမ်စည် ၆၆(ဃ)ဖြင့် အမှုဖွင့်ခံရ

ရန်ကုန်၊ ဖေဖော်ဝါရီ ၆

လူမှုကွန်ရက် စာမျက်နှာပေါ်တွင် သရဖူပြန်သိမ်းခံရသည့်ကိစ္စ ရေးသားဖော်ပြခဲ့မှုဖြင့် မယ်စကြဝဠာမြန်မာအဖွဲ့အစည်း၏ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်စိုးယုဝေက အလှမယ်ရွှေအိမ်စည်ကိုဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)ဖြင့် အမှုဖွင့်တိုင်ကြားထားကြောင်း မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းထံမှ စုံစမ်းသိရှိရသည်။

"ဇန်နဝါရီလ ၃၁ ရက်နေ့က အမှုဖွင့်တိုင်ကြားထားတာပါ။ သရဖူပြန်သိမ်းခံရတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ဖေ့စ်ဘွတ်ခ်ပေါ်က ရေးသားထားတဲ့ဟာတွေကို Screen Shot ယူပြီး ဒေါ်စိုးယုဝေက ရွှေအိမ်စည်နဲ့ နွယ်နီနိုင်တို့နှစ်ဦးကို ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ) နဲ့ အမှုဖွင့်တိုင်ကြားထားတာ"ဟု ရဲအရာရှိက ပြောကြားသည်။

ယင်းအမှုဖွင့် တိုင်ကြားထား စာ 3

## KIA လက်နက်ကိုင်အဖွဲ့က ဖမ်းထားသည့်တိုင်းရင်းသားများ ပြန်လွှတ်ပေးရန် လီဆူပါတီ တောင်းဆို စာ 2

## မြန်မာ - ဘင်္ဂလားဒေ့ရှ်နယ်စပ် ခြံစည်းရိုးမှ အပေါက်များ ပြုပြင် စာ 12




# KIA လက်နက်ကိုင်အဖွဲ့က ဖမ်းထားသည့် တိုင်းရင်းသားများ ပြန်လွှတ်ပေးရန် လီဆူပါတီ တောင်းဆို

**ရန်ကုန်၊ ဖေဖော်ဝါရီ ၆**

KIA လက်နက်ကိုင်အဖွဲ့က တပ်သားစုဆောင်း ဖမ်းဆီးထားသည့် လီဆူ တိုင်းရင်းသား အရပ်သားများကို ပြန်လွှတ်ပေးရန် လီဆူအမျိုးသား တိုးတက်ရေးပါတီ (ဒူးလေးပါတီ) က ထုတ်ပြန်ချက်ထုတ်ကာ တောင်းဆိုလိုက်သည်။

ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့နယ် ကဝါးပန်ရွာအနီး မြစ်ကြီးနား-ဆွမ်ပရာဘွမ် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် KIA လက်နက်ကိုင်အဖွဲ့က လီဆူလူမျိုး ၁၉ ဦးအပါအဝင် ဒေသခံများကို တပ်သားသစ်အဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး မေခမြစ်ကြောင်းတစ်လျှောက်ရှိ သဲပိုင်ရွာမှ လီဆူ ၂ ဦးနှင့်အတူ အခြားဒေသခံများကိုလည်း KIA က ဖမ်းဆီးထားကြောင်း ဒူးလေးပါတီထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယင်းသို့ ဒေသခံများကို တပ်သားသစ်အဖြစ် အဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်းနှင့် ငွေကြေးညှစ်ယူတောင်းခံခြင်းများအပေါ် ပြင်းထန်စွာကန့်ကွက်ပြီး ဖမ်းဆီးထားသူများကိုလည်း အမြန်ဆုံးလွှတ်ပေးရန် တောင်းဆိုကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ ထုတ်ပြန်ချက်ပါ တောင်းဆိုချက်များကို KIA ဗဟိုဌာနချုပ်နှင့် ဒေသခံဆက်ဆံရေးရုံးများသို့လည်း ပေးပို့ထားပြီးဖြစ်၍ ဖမ်းဆီးထားသူများကို အမြန်ဆုံးလွှတ်ပေးမည်ဟု မျှော်လင့်ကြောင်း လီဆူအမျိုးသားတိုးတက်ရေးပါတီ (ဒူးလေးပါတီ) ဥက္ကဋ္ဌ ဦးရွှေမင်းက ပြောကြားသည်။

"ပြည်သူတွေကို သူတို့သဘောနဲ့ အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားတယ်။ ပြန်ပေးသဘောမျိုး ငွေနဲ့ပြန်ရွေးတဲ့ သူတွေကိုတော့ လွှတ်ပေးတယ်။ ငွေကြေးမတတ်နိုင်ဘူးဆိုရင် တပ်သားစုဆောင်းရေးလုပ်တယ်။ အဲဒါကို ကျွန်တော်တို့က ကန့်ကွက်ရှုတ်ချတာပါ။ ကျွန်တော်တို့ ရထားတဲ့ စာရင်းအရတော့ ၂၁ ဦး ဖမ်းထားတယ်လို့ သိရတယ်" ဟု ၎င်းက ဆိုသည်။

ထို့ပြင် ကချင်ပြည်နယ် မြစ်ကြီးနား-ဆွမ်ပရာဘွမ် -ပူတာအို တစ်ခုတည်းသော ဆက်သွယ်ရေးလမ်းကြောင်းဖြစ်သော ပြည်ထောင်စုလမ်းမကြီးရှိ တံတားနှစ်စင်းကို KIA က ဖျက်ဆီးလိုက်သောကြောင့် ပူတာအိုခရိုင်အတွင်း စားနပ်ရိက္ခာ ပြတ်လပ်ခြင်း၊ ကုန်ဈေးနှုန်းများ အဆမတန် မြင့်တက်နေခြင်းကြောင့် အခက်အခဲတွေ့နေရကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

■ J-08

# ရေဝတီတိုင်းတွင် ကျောင်းသားကိုးသောင်းကျော် တက္ကသိုလ်ဝင်တန်းဖြေဆိုမည်

**ပုသိမ်၊ ဖေဖော်ဝါရီ ၆**

ဧရာဝတီတိုင်းမှ ကျောင်းသား ကိုးသောင်းကျော်မှာ ၂၀၁၈ခုနှစ်၊ မတ်လတွင် ကျင်းပမည့် အခြေခံပညာ အထက်တန်း (တက္ကသိုလ်ဝင်) စာမေးပွဲကို ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ပညာရေးမှူးရုံးထံမှ သိရသည်။

"စာရင်းသွင်းထားတာ ၉၄,၁၅၆ ဦး ရှိတယ်၊ ကျောင်းတွင်းရယ်၊ ပြင်ပရယ်၊ ပုဂ္ဂလိကကျောင်းတွေရယ်၊ အားလုံးစုစုပေါင်းပေ့ါ၊ စာစစ်ဌာနတွေလည်း တိုးထားပါတယ်"ဟု တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမန်းသိန်းကျော်က ရှင်းပြသည်။

ဖေဖော်ဝါရီလ ၅ရက်က ပုသိမ်မြို့တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲအကြိုတွေ့ဆုံဆွေးနွေးပွဲ လုပ်ခဲ့ကြောင်း၊ ယင်းဆွေးနွေးပွဲတွင် စာမေးပွဲအတွက် ကြိုတင်ပြင်ဆင်ရမည့်လုပ်ငန်းများ၊ လုံခြုံရေး၊ ကျန်းမာရေးဆောင်ရွက်ပေးနိုင်မှု အခြေအနေများကို ဆွေးနွေးခဲ့ကြောင်း စာဖြေဌာနကြီးကြပ်ရေးမှူး တာဝန်ထမ်းဆောင်ရမည့်ဆရာမ ဒေါ်လင်းလင်းထိုက် က ပြောဆိုသည်။

ဧရာဝတီတိုင်းတွင် ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် စာစစ်ဌာန ၂၂၂ ခုရှိပြီး ဝင်ရောက်ဖြေဆိုသူ၈၁,၄၈၆ ဦး အနက် ၂၂,၃၇၃ ဦးအောင်မြင်ခဲ့ရာ အောင်မြင်မှု၂၇ ရာခိုင်နှုန်း ရှိခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်၊ တက္ကသိုလ် ဝင်တန်း စာမေးပွဲတွင် စာစစ်ဌာန ၂၄၈ ခုရှိပြီး ဝင်ရောက်ဖြေဆိုရန် စာရင်းသွင်းထား သူ ၉၄,၁၅၆ ဦး ရှိကြောင်း တိုင်းဒေသကြီးပညာရေးမှူးရုံးထံမှ သိရသည်။

■ R-11

The VOICE သတင်းစာက အလိုရှိသည်
၁။ သတင်းထောက် (၅)ဦး
၂။ နယ်သတင်းထောက် (၅)ဦး
newsroom@thevoicemyanmar.com နှင့် sawthandaraye@gmail.com

**မျက်နှာဖုံး - တနိုင်းဒေသ တိုက်ပွဲအတွင်း ပိတ်မိနေသူ အကုန်လုံးနီးပါးမှ အဆက်**



ဓာတ်ပုံ- နန်းမိတ်

ပိတ်မိနေသောလူများ တနိုင်းမြို့သို့ ရောက်ရှိလာသည်ကို တွေ့ရစဉ်။

ပြန်ရောက်လာပြီ။ အဲဒီမှာကျန်တာက ဆိုင်ကယ်ရှိတဲ့လူတွေ နည်းနည်းပဲ ကျန်တော့တယ်။ ရာဂဏန်းတော့မရှိဘဲ ဆယ်ကြီးပိုင်းတော့ရှိဦးမယ်"ဟု ၎င်းက ပြောဆိုသည်။

အဆိုပါ ပိတ်မိနေသူများသည် ယခုရက်ပိုင်းအတွင်း နေ့စဉ်လူဦးရေအဝင်နည်းပြီး ယခင်ပိတ်မိခါစကဲ့သို့ မများတော့ကြောင်း၊ လက်ရှိနောက်ဆုံးဝင်ရောက်လာသူအများစုမှာ တနိုင်းဒေသခံများမဟုတ်ဘဲ ရပ်ဝေးဒေသများမှ လာရောက်လုပ်ကိုင်သူများဖြစ်ကြောင်း ကူညီဆောင်ရွက်နေသူများထံမှ သိရသည်။

လက်ရှိ တနိုင်းမြို့အတွင်းသို့ ရောက်ရှိလာသည့် ဒေသခံများကို စာရင်းပြုစု၍ မိမိနေရပ်ဒေသသို့ ပြန်နိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုကူညီရေးအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ အခြားအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာများက စီစဉ်ဆောင်ရွက်ပေးနေကြောင်း ယင်းပိတ်မိနေသူများကို ကူညီဆောင်ရွက်ပေးနေသူများထံမှ သိရသည်။

ဇန်နဝါရီလ ၂၆ ရက်နေ့ မွန်းလွဲပိုင်းက တနိုင်းမြို့နယ်အတွင်းရှိ ဇီးဖြူကုန်း ပယင်းမော်အတွင်း ကေအိုင်အေတပ်စခန်းရှိရာသို့ တပ်မတော်က လေယာဉ်ဖြင့် ဗုံးကြဲသဖြင့် စခန်းတစ်ခုပျက်စီးကာ မော်လုပ်သားဒေသခံ တစ်ဦးသေဆုံးခဲ့ပြီး လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း ယင်းပယင်းမော်လုပ်ကိုင်သူများထံမှ သိရသည်။

လက်ရှိယခုရက်ပိုင်း၌ တနိုင်းဒေသအတွင်း တပ်မတော်နှင့် ကေအိုင်အေတို့ အကြားတိုက်ပွဲဖြစ်ပွားမှုငြိမ်သက်နေပြီး လက်နက်ကြီးပစ်ခတ်သံများလည်း မကြားရတော့ကြောင်း တနိုင်းဒေသခံများထံမှ စုံစမ်းသိရှိရသည်။

ကချင်ဒေသအတွင်း တိုက်ပွဲကြားပိတ်မိနေသော စစ်ဘေးသင့်ပြည်သူများကို ကယ်ဆယ်နိုင်ရေးအတွက် ဖေဖော်ဝါရီလ ၅ ရက်နေ့က မြစ်ကြီးနားမြို့တွင် ဒေသခံ သုံးထောင်ခန့်က ဆန္ဒပြခဲ့သည်။

■ R-06

မိဘမေတ္တာ (Gas)

ကာလေးနာမည်ပေး
ဆရာကြီးရာဇာဇော်ဝင်း (LL.B)
Ph: 01-394727, 01-399425

MIHARA
Travels & Tours
3 to 45 CAR RENTAL SERVICES

# ဘားအံယဉ်ကျေးမှုပွဲတော်သို့ ဒေါ်အောင်ဆန်းစုကြည် မတက်ဖြစ်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၆**

ကရင်ပြည်နယ် ဘားအံမြို့တွင် ဖေဖော်ဝါရီလ ၉ ရက်မှ ၁၂ရက်နေ့(ပြည်ထောင်စုနေ့)အထိ ကျင်းပမည့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပွဲတော်သို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်မည် မဟုတ်ကြောင်း ကရင်ပြည်နယ်အစိုးရထံမှ သိရသည်။

ကရင်ပြည်နယ် အစိုးရအဖွဲ့က နိုင်ငံတော်၏ အတိုင်ပင်ခံအပါအဝင် ပြည်ထောင်စုအစိုးရကို ယဉ်ကျေးမှုပွဲတော်ဖွင့်ပွဲတက်ရောက်ရန် ပြီးခဲ့သည့်ရက်ပိုင်းက ဖိတ်ကြားခဲ့ခြင်းဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်အနေနှင့် အဆိုပါ အခမ်းအနားသို့ မတက်ရောက်ဖြစ်သော်လည်း ပြည်ထောင်စုအစိုးရမှ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တိုင်းရင်းသားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးနိုင်သက်လွင်တို့ တက်ရောက်ကြမည်ဖြစ်ကြောင်း ကရင်ပြည်နယ် အစိုးရအဖွဲ့ ဗမာတိုင်းရင်းသားရေးရာ ဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေးက ပြောကြားသည်။

"အမေက (ဒေါ်အောင်ဆန်းစုကြည်) မအားဘူးနဲ့ တူပါတယ်။ သူတော့ မတက်ဖြစ်ဘူးလို့ အကြောင်းပြန်ထားတယ်။ ပြည်ထောင်စုအဖွဲ့က ဒေါက်တာဖေမြင့်နဲ့ ဦးနိုင်သက်လွင်ကတော့ တက်ဖို့ သေချာတယ်။ တခြားဝန်ကြီး အချို့လည်း တက်မယ်လို့တော့ သိရတယ်" ဟု ၎င်းက ဆိုသည်။

ကရင်ပြည်နယ်တွင် ပထမဦးဆုံး အကြိမ်ပြုလုပ်မည့်အဆိုပါ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပွဲတော်တွင် တိုင်းရင်းသားတို့၏ ရိုးရာဝတ်စားဆင်ယင်မှုများ၊ စာပေနှင့် အနုပညာဆိုင်ရာများကို ထည့်သွင်းပြသသွားမည်ဖြစ်သည်။

ကရင်ပြည်နယ်အတွင်း တိုင်းရင်းသားလူမျိုးများဖြစ်သော ကရင်၊ ဗမာ၊ မွန်၊ ပအိုဝ်း၊ ရှမ်းတိုင်းရင်းသား ငါးမျိုး၏ ရိုးရာယဉ်ကျေးမှုများကို အဓိကထားပြသသွားမည်ဖြစ်ပြီး ရိုးရာအစားအသောက်များ ရောင်းချခြင်း၊ ကပွဲများ ပြုလုပ်ခြင်းတို့လည်း ပါဝင်မည်ဖြစ်ကြောင်း အဆိုပါ ပွဲကျင်းပရေးကော်မတီထံမှ သိရသည်။

ဒေါ်အောင်ဆန်းစုကြည်သည် ပြီးခဲ့သည့်ဒီဇင်ဘာလကုန်ပိုင်းကလည်း ကယားပြည်နယ် လွိုင်ကော်မြို့သို့ ပထမဦးဆုံးအကြိမ်အဖြစ် သွားရောက်ခဲ့ပြီး ငြိမ်းချမ်းရေးစကားဝိုင်းတစ်ရပ်ကိုလည်း လူငယ်များနှင့် ပြုလုပ်ခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အစိုးရတာဝန်ယူပြီးနောက်ပိုင်း တိုင်းရင်းသားဒေသများအဖြစ် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (ပင်လုံခရီးစဉ်)နှင့်ရခိုင်ပြည်နယ် မောင်တောဒေသနှင့် ကယားပြည်နယ်များသို့ သွားရောက်ထားသည်။ ■

J-08

**မျက်နှာဖုံး - အလှမယ် ရွှေအိမ်စည် ၆၆ (ဃ) ဖြင့် အမှုဖွင့်ခံရ မှ အဆက်**

မှုနှင့် ပတ်သက်၍ ဒေါ်စိုးယုဝေထံ မေးမြန်းခဲ့သော်လည်း လတ်တလော ယင်းကိစ္စနှင့်ပတ်သက်၍ ဖြေကြားပေးနိုင်ခြင်း မရှိသေးကြောင်း ပြောကြားသည်။

အလှမယ်ရွှေအိမ်စည်ကလည်း ၎င်းအမှုဖွင့် တိုင်ကြားခံရသည်ကို မသိရှိသေးကြောင်း The Voice Daily သတင်းစာသို့ ပြောကြားခဲ့သည်။

ဆက်သွယ်ရေး ဥပဒေ ပုဒ်မ ၆၆(ဃ) ဖြင့် အမှုဖွင့်ခံရသူ ရွှေအိမ်စည်ကလည်း ဇန်နဝါရီလ ၁၉ ရက်နေ့က ရန်ကင်း မြို့မရဲစခန်းတွင် မယ်စကြဝဠာ မြန်မာအဖွဲ့အစည်း၏ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်စိုးယုဝေကို နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၁၀ ဖြင့် အမှုဖွင့် တိုင်ကြားထားသည်။

ရွှေအိမ်စည်မှာ ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့သည့် Miss Grand International ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ရန် ရွေးချယ်ခံထားရသည့် အလှမယ်ဖြစ်ပြီး ပြိုင်ပွဲကျင်းပခါနီး ယမန်နှစ် အောက်တိုဘာလ စည်းကမ်းသတ်မှတ်ချက်နှင့် မညီညွတ်သောကြောင့် ထုတ်ပယ်ခံခဲ့ရသည်။ ယင်းနောက် နှစ်ဖက်အကြား အပြန်အလှန် ပြစ်တင်ပြောဆိုရာမှ အလှမယ် ရွှေအိမ်စည်က ၎င်း၏ဂုဏ်သိက္ခာ ကျဆင်းစေမှုနှင့် အသရေဖျက် ရေးသားမှုအတွက် မယ်စကြဝဠာ မြန်မာဘက်က အွန်လိုင်း၊ သတင်းစာ၊ ဂျာနယ်တို့မှ တစ်ဆင့် ဝန်ချတောင်းပန်ရန်နှင့် နစ်နာကြေးငွေ ကျပ်သိန်း ငါးထောင်ပေးလျော်ရန် ဇန်နဝါရီလ ၂ ရက်နေ့က နိုင်ငံပိုင်သတင်းစာတွင် အသိပေးထုတ်ပြန်ခဲ့ပြီး သတ်မှတ်ချိန် ၁၄ ရက်အတွင်း ဝန်ချတောင်းပန်လာခြင်း မရှိသောကြောင့် ဥပဒေလမ်းကြောင်းအရ ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း ရွှေအိမ်စည်၏ ဥပဒေ အကြံပေး ရှေ့နေတစ်ဦးက ပြောဆိုသည်။

အမှုဖွင့်ခံရသူ ဒေါ်စိုးယုဝေဘက်ကလည်း ဇန်နဝါရီလ ၁၇ ရက်နေ့က ရွှေအိမ်စည်၏ သတင်းစာတွင် အသိပေးထုတ်ပြန်ကြေညာချက်မှာ မယ်စကြဝဠာ၏ ဂုဏ်သိက္ခာကို ကျဆင်းစေသည့်အတွက် ကျေနပ်စေသည့်အထိ ဝန်ချတောင်းပန်ရန်၊ မယ်စကြဝဠာအဖွဲ့အစည်းက ချီးမြှင့်ထားသည့် အဆောင်အယောင်၊ ဆုကြေးငွေများကို ပြန်လည်အပ်နှံရန်နှင့် ယင်းသို့ မလုပ်ဆောင်ပါက တည်ဆဲဥပဒေများအရ တရားစွဲဆိုမည်ဖြစ်ကြောင်း တုံ့ပြန်ကြေညာချက် ထုတ်ခဲ့ပြီးနောက် ဇန်နဝါရီလ ၃၁ ရက်နေ့က မင်္ဂလာတောင်ညွန့်မြို့မ ရဲစခန်းတွင် အမှုဖွင့် တိုင်ကြားခဲ့ခြင်း ဖြစ်သည်။ ■

S-03


ကျီးပေါင်းရောဂါဖြစ်နေရျင်......
"အေးသစ္စာ" ဆေးခန်းကို သတိရပါ။
နှင်းအင်ဆိုးဆေးခန်း မြန်မာဆရာကြီး တိုင်းရင်းဆေးစစ်စစ်ဖြင့်ကုသည်။
၁။ အမှတ်(၁၄၀၂)၊ [illegible] Ph: 09-798118528, 09-73015215
၂။ အမှတ်(၈) [illegible] Ph: 09-796415108, 09-73015215



The VOICE Daily

VACANCY ANNOUNCEMENT

The Voice Daily သတင်းစာတိုက် Marketing Department တွင် တာဝန်ထမ်းဆောင်ရန်

1. Sales Manager (1) post
2. Asst. Sales Manager (2) posts
3. Sales Supervisor (2) posts
4. Sales Executive (2) posts

The Voice Daily သတင်းစာ Digital Marketing Department အတွက်

5. Asst. Digital Sales Manager (2) posts
6. Digital Sales Executive (2) posts

အမှတ်စဉ်(၁)(၂)အတွက်
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။
- Sales & Marketing အတွေ့အကြုံ (၄)နှစ်နှင့်အထက် ရှိရမည်။
- ပေါင်းသင်းဆက်ဆံရေး ပြေပြစ်သူဖြစ်ရမည်။
- Sales Target ပြည့်မီရန် တာဝန်ယူနိုင်ရမည်။
- Computer Skill (MS Office) ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။

အမှတ်စဉ် (၃)(၄)အတွက်
- တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူ ဖြစ်ရမည်။
- Sales & Marketing အတွေ့အကြုံ (၂)နှစ်နှင့်အထက် ရှိရမည်။
- ပေါင်းသင်းဆက်ဆံရေး ပြေပြစ်သူဖြစ်ရမည်။
- ကွန်ပျူတာအခြေခံ တတ်ကျွမ်းရမည်။

အမှတ်စဉ်(၅)(၆)အတွက်
- Google analytic နှင့် Social Media ကို ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။
- Digital Marketing အတွေ့အကြုံ (၂)နှစ်နှင့်အထက်ရှိရမည်။
- ပေါင်းသင်းဆက်ဆံရေး ပြေပြစ်သူ ဖြစ်ရမည်။

The Voice Daily သတင်းစာတိုက်
အမှတ် - ၁၅၇/၄၊ ဦးချစ်မောင်လမ်း(မြလမ်းမှတ်တိုင်အနီး)ဗဟန်းမြို့နယ်၊ရန်ကုန်။
ဆက်သွယ်ရန် ဖုန်း - ၀၉ ၇၈ ၄၄၅၅ ၀၀၃၊ ၀၉ ၇၉၀၉ ၂၈၇၇၀။
elmarlar@thevoicemyanmar.net သို့ e-mail ပေးပို့ လျှောက်ထားနိုင်ပါသည်။

# EDITORIAL

# အိုးမဲအသုတ်ခံနေသော ကြက်များနှင့် ပန်းတိုင်

မြန်မာနိုင်ငံသားအချင်းချင်းအကြား ယနေ့အချိန်အထိ မသင့်မတင့်ဖြစ်နေခြင်း၊ တစ်ဖက်စွန်းစီမှ အပြန်အလှန် တိုက်ခိုက်နေကြခြင်း၊ အုပ်စုစွဲ၊ ဝါဒစွဲဖြင့် ရန် ငါ စည်းခြားနေခြင်းတို့မှာ မလှုပခဲ့သော သမိုင်းကြောင်း၏ တုပ်နှောင်မှုကြောင့်ပင်လောဟု မေးခွန်းထုတ်စရာ ရှိလာသည်။

မြန်မာနိုင်ငံ လက်ရှိရင်ဆိုင်နေရသော အခက်အခဲပြဿနာများကို သေချာစွာ စေ့ငုဆန်းစစ်ကြည့်ပါက ပြင်ပ ပယောဂထက် မိမိတို့အချင်းချင်း မသင့်တင့်ကြခြင်း တစ်နည်းအားဖြင့် စည်းလုံးညီညွတ်မှု မရှိခြင်းက အဓိက တရားခံဖြစ်နေသည်ကို တွေ့ရသည်။

'နွားကွဲလျှင် ကျားဆွဲ' ဆိုသကဲ့သို့ အချင်းချင်းအကြား ညီညွတ်မှု မရှိခြင်းကြောင့် ဘေးပယောဂများ၊ ဖိအားများ၊ အနှောင့်အယှက်များဒဏ်ကို မခံနိုင်ဘဲ ဒုက္ခတွေ့နေရခြင်းဖြစ်သည်။

ယနေ့ဖြစ်ပေါ်နေသော ပြဿနာ၊ အကျပ်အတည်း အများစုနောက်ကွယ်တွင် အချင်းချင်းအကြား သွေးကွဲ၊ ဆန့်ကျင်နေစေရန် တမင်ရည်ရွယ်ချက်ဖြင့် ရန်တိုက်ပေးနေသည့် အရိပ်လက္ခဏာများ တွေ့နေရသည်။

မြန်မာလူ့အဖွဲ့အစည်း၏ အမြင့်ဆုံး ဘာသာရေးနယ်ပယ်တွင်ပင် သက်ဆိုင်ရာဘာသာအသီးသီး၏ အစစ်အမှန် အဆုံးအမများ၊ မေတ္တာတရားများနှင့် သွေဖည်သော အဓမ္မ အတွေးအခေါ်များ၊ အမုန်းမီးများ တဖြည်းဖြည်း စိမ့်ဝင်လောင်မြိုက်လာသည်။

ထို့အတူ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်အသီးသီးတွင်လည်း အုပ်စုစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲဆန်သော 'မူ' ထက် 'လူ' ကို ဦးတည်ပစ်မှတ်ထားသော အပြန်အလှန် စွပ်စွဲ၊ ပုတ်ခတ်၊ တိုက်ခိုက်မှုများ လွှမ်းမိုးလာသည်။

များသောအားဖြင့် ထိုသို့သော အချင်းချင်းအကြား သွေးကွဲ၊ ရန်စောင်လာကြခြင်းသည် အာဏာနိုင်ငံရေးကစားပွဲကို မရိုးဖြောင့်သော နည်းလမ်းဖြင့် အနိုင်ရရှိရန် ကြိုးစားလာကြခြင်းက အဓိကအချက်ဖြစ်သည်။

ရခိုင်ပြဿနာသည်ပင်လျှင် အာဏာနိုင်ငံရေးကို ဇာတ်ပြုထားသည့် ကစားကွက်တစ်ခုဖြစ်ပြီး မူလကဉ္စမျှလောက် ကြီးမားလာမည်ဟု မျှော်လင့်မထားဘဲ ပြဿနာကို မီးမွှေးခဲ့ခြင်းဖြစ်ပုံရကြောင်း ခန့်မှန်းသုံးသပ်မှုများ ရှိသည်။

ဆိုလိုသည်မှာ ခေတ်အဆက်ဆက် အာဏာကိုဇာတ်ပြုကာ အိမ်ကြက်ချင်း အိုးမဲသုတ်ခွပ်နေကြခြင်းကြောင့် နိုင်ငံနှင့် ပြည်သူများက ကြားမှ မြေစာပင်ဖြစ်ကာ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီအရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကဲ့သို့ ပန်းတိုင်များ ဝေဝါးသွားရခြင်းကို ဆိုလိုသည်။

ယခုလတ်တလောကာလတွင်ပင် အာဏာနိုင်ငံရေးအဝန်းအဝိုင်းမှ အစွန်းနှစ်ဖက်ရှိ လူပုဂ္ဂိုလ်အချို့လုပ်ကြံခံရခြင်း၊ ကွယ်လွန်ခြင်းကိုပင် ဝမ်းသာအားရဖြစ်ခြင်း၊ လူမြင်ကွင်း၌ လုပ်ကြံသတ်ဖြတ်သူကို ထောက်ခံ၊ ဝန်းရံခြင်းတို့မှာ လူ့ဘောင်လူ့ကျင့်ဝတ်များနှင့် ဖီလာပြုနေရုံမျှမက စုံလုံးကန်းနေသည့်သဘော သက်ရောက်နေပေသည်။

ထိုကဲ့သို့ အိုးမဲအသုတ်ခံကာ အချင်းချင်း ခွပ်နေသော ကြက်များ ရှိနေသမျှ မြန်မာနိုင်ငံနှင့် နိုင်ငံသားများ သွားချင်၊ ရောက်ချင်သော ရေတို၊ ရေရှည် ပန်းတိုင်များနှင့် အလှမ်းဝေးနေဦးမည်ဖြစ်ကြောင်း သိစေလိုရင်းဖြစ်သည်။

**အယ်ဒီတာ ( ၆ - ၂ - ၂၀၁၈ )**

**The Voice Daily**

**လပေးမှာယူဖတ်ရှုသည့်**
**စာဖတ်ပရိသတ်များ**
**အဆင်မပြေမှုများရှိပါက**

ဆက်သွယ်ရန် -
ရန်ကုန် - ၀၉ ၇၈ ၅၅၅၅ ၇၇၃ (Hot Line)၊
မန္တလေး - ၀၉ ၇၇၂၂၂၉၀၇၁
နံနက်၉း၃၀မှ ညနေ ၅း၃၀ နာရီအထိသာ

# လွတ်လပ်သည့် ဆက်သွယ်ရေးကြီးကြပ်မှုကော်မရှင် ဖွဲ့စည်းရန်လိုအပ်ဟု တယ်လီနောဆို

**ရန်ကုန်၊ ဖေဖော်ဝါရီ ၆**

ပြည်တွင်းဆက်သွယ်ရေးဈေးကွက်တွင် ယှဉ်ပြိုင်မှုပိုမိုများပြားလာခြင်းကြောင့် ဆက်သွယ်ရေးကဏ္ဍအတွက် လွတ်လပ်သည့်ဆက်သွယ်ရေးကြီးကြပ်မှုကော်မရှင် ဖွဲ့စည်းရန်လိုအပ်ကြောင်း တယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ် Mr. Lars Erik Tellmann က ပြောကြားသည်။

အဆိုပါကော်မရှင်သည် ပြည်တွင်းဆက်သွယ်ရေးဈေးကွက်အတွင်း၌ ဝန်ဆောင်မှုပေးနေသော အော်ပရေတာတစ်ခုခုနှင့် ပတ်သက်ဆက်သွယ်မှု မရှိသည့် အဖွဲ့အစည်းမျိုးဖြစ်ရမည်ဖြစ်ပြီး ယင်းမှသာ ဆက်သွယ်ရေး အော်ပရေတာတိုင်းကို အမှီအခိုကင်းစွာ ကြီးကြပ်နိုင်မည်ဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

"အခုက ဒီလိုကော်မရှင် မရှိသေးတဲ့အတွက် ဆက်သွယ်ရေးအော်ပရေတာတွေကို အစိုးရအနေနဲ့ ကြီးကြပ်ကွပ်ကဲတဲ့အခါမှာ လွတ်လွတ်လပ်လပ် မလုပ်နိုင်သေးပါဘူး။ ဈေးကွက်အခြေအနေရဲ့ ဒီအချိန်ကလည်း လွတ်လပ်တဲ့ကော်မရှင် ဖွဲ့စည်းဆောင်ရွက်ဖို့ လိုအပ်နေပါပြီ" ဟု ၎င်းက ဆိုသည်။

လွတ်လပ်သည့် ဆက်သွယ်ရေးကြီးကြပ်မှုကော်မရှင်ကို ဖွဲ့စည်းရန်အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနအနေနှင့် ပြင်ဆင်ဆောင်ရွက်မှု လုပ်ဆောင်လျက်ရှိကြောင်း တယ်လီနောထံမှ သိရသည်။

လက်ရှိအချိန်တွင် ပြည်တွင်း ဆက်သွယ်ရေး ဈေးကွက်အတွင်းတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ဂျပန်ကုမ္ပဏီများ ပူးပေါင်းဝန်ဆောင်မှုပေးနေသည့် MPT ၊ နိုင်ငံခြားဆက်သွယ်ရေး အော်ပရေတာနှစ်ခု ဖြစ်သော တယ်လီနောနှင့် အူရီဒူးတို့က မိုဘိုင်းလ်ဆက်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုများပေးလျက်ရှိသည်။

အဆိုပါအော်ပရေတာများအပြင် ယခုလာမည့် မတ်လအတွင်းတွင် ဗီယက်နမ်နိုင်ငံအခြေစိုက် Viettel ကုမ္ပဏီနှင့် ပြည်တွင်းကုမ္ပဏီများ ဖွဲ့စည်းထားသည့် Myanmar National Telecom Holdings ကုမ္ပဏီတို့ ပူးပေါင်းလုပ်ဆောင်ထားသည့် MyTel ကလည်း ဆက်သွယ်ရေးဝန်ဆောင်မှုများ ပေးသွားမည်ဖြစ်သည်။ ■ **J-01**

The VOICE Daily CARTOON



The VOICE Daily

**The Product of Myanmar Partners Think Tank Group**
**(A Sister Publication of Living Color Magazine)**

**Editorial Consultant**- Kyaw Min Swe.
**Deputy Chief Editor** -Tin Aung Kyaw, **Editor in Charge** - Kyaw San Min.
**Senior Executive Editors** - Thiri Zaw, Aung Soe, **Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,
**Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin , Thant Zin Oo, Hein Myat Soe, Nay Zar Kyaw, Aung Thiha Tun.
**Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han,
**Manager (DTP)** - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.
**Senior Reporters** - Aung Htet , Khaing Soe Lin , Sithu Aung Myo Kyaw , Pwint Zin Maw Hein, Thet Shine Thu, Nilar Myint, Zaw Moe Lwin,Si Si Thin Hlaing, Zeyar Hein.
**Reporters** - Khine Cherry Tun, San San Htwe, Kyaw Soe Oo, Su Lay Ngone, Thida Swe, Aung Zaw Htoo, Khin Myat Myat Wai.
**Part-time Editors** - Aung Naing Win, Mg Man @ Myo Myint Aung.
**Mandalay Reporters** - Ye Win Naing, Yan Moe Naing, Myat Min, Aung Phyo,
**Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nay Min Htet, Cho Thae Kyi, Yan Kaung, Min Min Aung, Slai Yaw Zin, Ma Ma, Paw Oo, Khin May San, Tin Zaw Oo.
**Photographer** - Ye Pyae Zar Ni, Aung Naing,**Advertising** - Ei Mar Lar, Zaw Zaw Aung
**Distribution** - Htet Khaung, Jet Too Too.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team**- thevoicewebteam@gmail.com,
**Website** - www.thevoicemyanmar.com, **Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080
**Hot Lines** – 09 785555771 **(Newsroom),** 09 785555772**(Advertising),** 09 785555773**(Distribution)**
**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com,
**News Room** : newsroom@thevoicemyanmar.com.

# အစိမ်းရောင်စီးပွားရေးဆိုင်ရာ အာဆီယံဖဟိုဌာနကို ရန်ကုန်တွင် ဖွင့်လှစ်မည်

**နေပြည်တော်၊ ဖေဖော်ဝါရီ ၆**

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များ ဖြေရှင်းနိုင်ရေးနှင့် ကာဗွန်ထုတ်လွှင့်မှု နည်းပါးသည့် နည်းပညာများပြောင်းလဲပေးရေးကို ဆောင်ရွက်နိုင်ရန် အစိမ်းရောင်စီးပွားရေးဆိုင်ရာ အာဆီယံဗဟိုဌာနကို ရန်ကုန်မြို့တွင် ၂၀၁၈ ခုနှစ်အတွင်း စတင်ဖွင့်လှစ်မည်ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက ပြောကြားသည်။

နေပြည်တော် MICC2 တွင် ဖေဖော်ဝါရီ ၆ ရက်နေ့က ပြုလုပ်သော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ကျင်းပသည့် အာဆီယံ အစိမ်းရောင်စီးပွားရေး ဗဟိုဌာန စတင်အကောင်အထည်ဖော်ခြင်းဆိုင်ရာ အစည်းအဝေးအပြီးတွင် ယင်းသို့ပြောခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် ကျင်းပခဲ့သော ၂၅ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အစိမ်းရောင်စီးပွားရေးဆိုင်ရာ ဗဟိုဌာနထူထောင်ရန် ဆုံးဖြတ်ခဲ့ကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနမှ စုံစမ်းသိရှိရသည်။

မြန်မာအပါအဝင် အာဆီယံနိုင်ငံများတွင် သယံဇာတပေါကြွယ်ဝမှုကိုအလွန်အကျွံ ထုတ်ယူသုံးစွဲမှုများကြောင့် ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုများကို ကြုံတွေ့လျက်ရှိရာ ယင်းအခက်အခဲများကို ဖြေရှင်းပေးနိုင်ရန်အတွက် ဒေသတွင်း နိုင်ငံများ ပါဝင်လုပ်ဆောင်နိုင်မည့် အစိမ်းရောင်စီးပွားရေးဆိုင်ရာ အာဆီယံဗဟိုဌာနကိုဖွဲ့စည်းခြင်းဖြစ်သည်ဟု ဦးလှမောင်သိန်းက ပြောကြားသည်။

ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိပညာရေးဝန်ကြီးဌာနပိုင် သုတေသနနှင့်ဆန်း သစ်ထီထွင်ရေးဦးစီးဌာနဝင်း အတွင်း ဖွင့်လှစ်မည့် အစိမ်းရောင်စီးပွားရေးဆိုင်ရာ အာဆီယံဗဟိုဌာနက အစိမ်းရောင်စီးပွားရေး ဆိုင်ရာနည်းပညာနှင့် ပတ်သက်ပြီး ပညာပေးမှုများကို ပထမဆုံးပြုလုပ်မည့်အပြင် သတင်းအချက်အလက် ဖလှယ်ခြင်း၊ ပြန်လည်ပြည့်ဖြိုးစွမ်းအင်ဖြင့် ဆိုလာပါဝါများထုတ်လုပ်ခြင်း၊ ကာဗွန်ထုတ်လုပ်မှုနည်းပါးသည့် စီးပွားရေးဆိုင်ရာလုပ်ငန်းများ တိုးမြှင့်လုပ်ကိုင်သွားရန်အတွက် လူသားအရင်းအမြစ်ဖော်ဆောင်ရေး အစီအစဉ်များကို ပံ့ပိုးကူညီမည်ဟု” ၎င်းက ထပ်လောင်းပြောကြားသည်။

မြန်မာနိုင်ငံအနေနှင့် အမျိုးသားအဆင့်ပတ်ဝန်းကျင်ဆိုင်ရာနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ မဟာဗျူဟာလုပ်ငန်းစဉ်များနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာ၊ အစိမ်းရောင်စီးပွားရေးဆိုင်ရာမူဝါဒနှင့်မူဘောင်များကို ကဏ္ဍအလိုက် ဝန်ကြီးဌာနက ရေးဆွဲထားသည်ဟု သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ဝန်ကြီးဌာန တာဝန်ရှိသူများက ထပ်မံရှင်းလင်းပြောကြားသည်။

■ J-20



ဓာတ်ပုံ - သက်သျှိုင်းသူ

# CANAL+ အခပေးရုပ်သံလိုင်းသစ်မယူလိုသူများကို ငွေပြန်အမ်းမည်ဟုဆို

**ရန်ကုန်၊ ဖေဖော်ဝါရီ ၆**

Forever Group နှင့် ပြင်သစ်နိုင်ငံအခြေစိုက် CANAL+ Myanmar FG Ltd. တို့ အကျိုးတူပူးပေါင်းကာ ထုတ်လွှင့်နေသော CANAL+ Myanmar အခပေးရုပ်သံလိုင်းသစ် မယူလိုသူများကို ညှိနှိုင်း၍ ငွေပြန်အမ်းမည်ဖြစ်ကြောင်း Forever Group မှ အမှုဆောင်အရာရှိချုပ်၊ ဥက္ကဋ္ဌလည်းဖြစ်သူ ဦးဝင်းမော်က ပြောကြားသည်။

ဖေဖော်ဝါရီလ ၆ရက် ညနေပိုင်းက ရန်ကုန်မြို့ ချက်ထရီယမ်ဟိုတယ်တွင် ကျင်းပသော CANAL + အခပေးရုပ်သံလိုင်းသစ်မိတ်ဆက်ပွဲတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခဲ့သည်။

လက်တလောတွင် 4TV နှင့် 5 Network ရုပ်သံလိုင်းကို လပေးသက်တမ်းတိုးထားပြီး CANAL+ အခပေး ရုပ်သံလိုင်းသစ်ကို မကြည့်ရှုလိုသည့် လူ အယောက် ၆၀ ကို ငွေပြန်လည်ပေးအပ်ခဲ့ကြောင်း ၎င်းက ဆိုသည်။

“အခုရုပ်သံလိုင်းကို မကြိုက်တဲ့သူတွေကို ညှိနှိုင်းပေးတယ်၊ မကြည့်ချင်ရင်တော့ ကြည့်ရှုခပေးထားတဲ့သူတွေကို ငွေပြန်ပေးဖို့ စီစဉ်ပါတယ်။ အမြဲတမ်းအားပေးကြည့်ရှုနေတဲ့ ပရိသတ်တွေစိတ်အနှောင့်အယှက်ဖြစ်ခဲ့တဲ့အတွက် တောင်းပန်ပါတယ်၊ ယခင်ကထက် ပိုကောင်းအောင် လုပ်တာဖြစ်တဲ့အတွက်ကြောင့် လတ်တလောအဆင်မပြေမှု ဖြစ်တာတွေကို တောင်းပန်ပါတယ်” ဟု ၎င်းက ဆက်ပြောသည်။

Forever Group အနေနှင့် ပြည်တွင်းရုပ်သံလိုင်းဖြစ်သည့် 4TV နှင့် 5 Network ရုပ်သံလိုင်းမှ ပုံမှန် ထုတ်လွှင့်နေသည့် ရုပ်သံအစီအစဉ်များကို ရပ်ဆိုင်းပြီး CANAL ရုပ်သံအစီအစဉ်အသစ်များကို ဇန်နဝါရီ ၂၉ ရက်မှ စတင်ကာ ပြောင်းလဲ ထုတ်လွှင့်ခဲ့ကြောင်း၊ ယင်းသို့ထုတ်လွှင့်ရာတွင် ကြည့်ရှုသူများကို ကြိုတင်အသိပေးခြင်းမရှိဘဲ ပြောင်းလဲထုတ်လွှင့်မှုများအတွက် ဝေဖန်မှုများ ရှိခဲ့သည်။

CANAL+ Myanmar မှ ရုပ်သံလိုင်းကြေးများကို တစ်လလျှင် Shall Package (ရှယ်အစီအစဉ်) ကို ၄၈၀၀ ကျပ်နှင့် Htoo Shall Package (ထူးရှယ်အစီအစဉ်) ကို ၇၉၀၀ ကျပ်ဟူ၍ နှစ်မျိုးခွဲခြားထားကြောင်း၊ Shall Package တွင် ရုပ်သံအစီအစဉ် လိုင်း ၃၆ ခုပါဝင်ကာ Htoo Shall Package တွင် ရုပ်သံအစီအစဉ်လိုင်း ၇၈ ခု ပါဝင်ကြောင်း CANAL+ Myanmar FG Ltd. ထံမှ သိရသည်။

CANAL+ Myanmar မှ ရုပ်သံလိုင်းများအနေနှင့် မြန်မာပရိသတ်အတွက် အထူးသီးသန့်ဖန်တီးထားသော ရုပ်သံလိုင်း ၈ လိုင်း၊ CANAL + တွင်သာ ကြည့်ရှုခံစားရမည့် ရုပ်သံလိုင်း ၂၅ လိုင်း နှင့် မြန်မာပြည်တွင် ပထမဆုံးထုတ်လွှင့်သော ရုပ်သံလိုင်း ၄၅ လိုင်းကို ပြသသွားမည်ဖြစ်ကြောင်း၊ နောက်ပိုင်းတွင် ယခင်ကပြသခဲ့သည့် ပြည်တွင်းရုပ်သံလိုင်းဖြစ်သည့် 4 TV နှင့် 5 Network ရုပ်သံလိုင်းမှ ထုတ်လွှင့်ခဲ့သည့် ရုပ်သံလိုင်းများထက် ပိုမိုများပြားသည့် ရုပ်သံလိုင်းများကို ပြသရန် စီစဉ်ထားကြောင်း၊ CANAL+ Myanmar ထံမှ သိရသည်။

ပိုမိုကောင်းမွန်သည့် ရုပ်သံအစီအစဉ်များကို ပြသသွားမည်ဖြစ်ကြောင်း၊ ရန်ကုန်နှင့် မန္တလေးတွင် နေထိုင်သည့် 4TV စက် ဝယ်ယူထားသူများ အနေနှင့် စက်အသစ်ဝယ်ယူရန် မလိုအပ်ဘဲ အခြားပြည်နယ်နှင့် တိုင်းများတွင် နေထိုင်သည့်သူများအနေနှင့် နီးစပ်ရာ CANAL+ အရောင်းဆိုင်များတွင် သုံးလသက်တမ်းတိုးပါက စက်အခမဲ့ လဲယူနိုင်ကြောင်း CANAL+ Myanmar ထံမှ သိရသည်။

4TV စက်ဝယ်ယူကာ သက်တမ်းတိုးထားသည့် သူများကို ထူးရှယ် Package လိုင်းများဖြင့် ကျန်ရှိသည့် သက်တမ်းအတိုင်း အစားထိုးပြသမည်ဖြစ်ကြောင်း၊ CANAL+သည် Forever Media Group နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံ ရုပ်သံဈေးကွက်တွင် လာမည့်နှစ် အနည်းငယ်တွင် အဓိကနေရာတစ်ခု ရယူနိုင်ရန် ရည်ရွယ်ထားပြီး နေအိမ် ၁၂ သန်းအထိ ကြည့်ရှုလာစေရန် ရည်မှန်းထားကြောင်း CANAL+ က ထုတ်ပြန်ထားသည်။

■ J-10




# ရဲမှတ်တမ်းများကို မိမိဆန္ဒအရ မီးရှို့ခဲ့ဟု ရိုက်တာသတင်းထောက်နှစ်ဦးအမှုမှ တရားလိုပြသက်သေ ဒုရဲအုပ် ထွက်ဆို

**ရန်ကုန်၊ ဖေဖော်ဝါရီ ၆**

နိုင်ငံတော်လျှို့ဝှက်ချက် အက်ဥပဒေဖြင့် တရားစွဲဆိုခံထားရသည့် ရိုက်တာသတင်းထောက် နှစ်ဦးကို ဖမ်းဆီးခဲ့သည့်နေ့က ရဲမှတ်တမ်းများကို မိမိသဘောဆန္ဒအရ မီးရှို့ဖျက်ဆီးခဲ့ကြောင်း တရားလိုပြသက်သေ ဒုရဲအုပ်တင်ထွေးဦးက တရားခွင်တွင် ထွက်ဆိုခဲ့ကြောင်း သတင်းထောက် နှစ်ဦး၏ရှေ့နေ ဦးသန်းဇော်အောင်က ပြောကြားသည်။

သတင်းထောက် နှစ်ဦး၏စတုတ္ထမြောက်ရုံးချိန်းကို အင်းစိန်မြို့နယ်တရားရုံးတွင် ဖေဖော်ဝါရီလ ၆ရက်က ပြုလုပ်ခဲ့ပြီး တရားလိုဘက်က သက်သေသုံးဦးကို စစ်ဆေးခဲ့ရာတွင် သတင်းထောက် နှစ်ဦးဖမ်းဆီးခဲ့စဉ်က ဖြစ်စဉ်နှင့် ကွဲလွဲနေကြောင်းၾင်းကဆက်လက်ပြောကြားသည်။

"ဖမ်းဆီးခဲ့တုန်းက သူပါဝင်ခဲ့တဲ့အကြောင်း၊ ဖမ်းဆီးခဲ့တဲ့ထဲပါလို့ ပြောတယ်။ ရုံးမှာသက်သေ မထွက်ဆိုခင် အကြောင်းအရာတွေကို ထွက်ဆိုသွားတဲ့အကြောင်းအရာတွေကို တစ်စုံတစ်ယောက်က ဒီလိုပြောပါလို့ ပြောဆိုလို့ တရားရုံးမှာ ထွက်ဆိုသလို ဖြစ်နေတယ်။ အဲဒီတုန်းက ဖမ်းဆီးတုန်းက အချက်အလက်တွေကို မီးရှို့လိုက်တယ်။ ဘာကြောင့် ရှို့သလဲလို့ မေးတယ် မပြောဘူး။ သူ့သဘောနဲ့ မီးရှို့တာလို့ ပြောတယ်။ ရဲမှတ်တမ်းတစ်ခုကို ဖျောက်ဖျက်တယ်လို့ ပြောလို့ရတယ်။ အမှုအတွက်က ထူးခြားချက်ပေါ့။ ရဲမှတ်တမ်းကို မီးရှို့ရတာလည်းက စိတ်ဝင်စားဖို့ကောင်းတယ်" ဟု ၎င်းက ဆိုသည်။

ထို့အပြင် သတင်းထောက်များကို ဖမ်းဆီးခဲ့စဉ်က ရှာဖွေပုံစံ ဖြည့်သွင်းရာတွင် လက်မှတ်မထိုးပါက အမှုထပ်တိုးမည်ဟု ခြိမ်းခြောက်မှုများ ပြုလုပ်ခဲ့သလားဟု မေးမြန်းခဲ့ရာတွင် မလုပ်ခဲ့ဟု ဒုရဲအုပ်တင်ထွေးဦးက တရားရုံးတွင် ထွက်ဆိုခဲ့သည်ဟု ၎င်းကပြောကြားသည်။

တရားခွင်တွင် ပြန်လှန်မေးခွန်းမေးမြန်းရာတွင် ကွဲလွဲချက်များရှိနေကြောင်း သတင်းထောက်နှစ်ဦး၏ရှေ့နေ့ တရားလွှတ်တော်ရှေ့နေ ဦးခင်မောင်ဇော်က ပြောကြားသည်။

"ပြန်လှန်စစ်မေး ကွဲလွဲချက်ကတော့ သတင်းထောက်တွေမှာ ရှာဖွေပုံစံ ဖြည့်သွင်းတာ ထောက်ကြန့်ရဲစခန်းမှာ လုပ်တယ်လို့ သတင်းထောက်က ပြောတယ်။ ဒါပေမဲ့ သက်သေရဲက ထွက်ဆိုတာက ဖမ်းဆီးတဲ့နေရာမှာပဲ ရဲလုပ်ငန်း ရှာဖွေပုံစံ ရှာဖွေတွေ့ရှိတာ အခု ၂၀ လောက်ရှိတယ်။ လမ်းပေါ်မှာ ရှာဖွေပုံစံ လုပ်ခဲ့တယ်" ဟု ၎င်းကဆိုသည်။

အဆိုပါသတင်းထောက် နှစ်ဦး၏ နောက်ထပ်ရုံးချိန်းကို ဖေဖော်ဝါရီ ၁၄ ရက်ကို ထပ်မံချိန်းဆိုခဲ့သည်။

ရိုက်တာ သတင်းထောက် နှစ်ဦးဖြစ်သော သက်ဦးမောင် (ခ) ဝလုံးနှင့် ကျော်စိုးဦး (ခ) မိုးအောင်အပါအဝင် ရဲဝန်ထမ်းနှစ်ဦးတို့ကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်က စစ်ဘက်ဆိုင်ရာ စာရွက်စာတမ်းများ လက်ဝယ်တွေ့ရှိသည် ဟူ၍ ထောက်ကြန့်နယ်မြေရဲစခန်းက ဖမ်းဆီးခဲ့ပြီး နိုင်ငံတော်လျှို့ဝှက်ချက် အက်ဥပဒေနှင့် အရေးယူထားခြင်း ဖြစ်သည်။ **J-18**

# အကြွေးပေးရန်ရှိသဖြင့် စိတ်ဓာတ်ကျနေသည်ဟုဆိုသော အမျိုးသားတစ်ဦး ကြိုးဆွဲချ အဆုံးစီရင်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၆**

ပေးဆပ်ရန် အကြွေးများရှိသဖြင့် စိတ်ညစ်နေသည်ဟုဆိုသော အသက် ၅၁ နှစ်အရွယ် အမျိုးသားတစ်ဦး သေတမ်းစာရေးကာ ကြိုးဆွဲချအဆုံးစီရင်မှုတစ်ခု ဖေဖော်ဝါရီလ ၅ ရက် မွန်းလွဲ ၁ နာရီခန့်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် ဖြစ်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။

အဆိုပါအမျိုးသား၏ ကြိုးဆွဲချအဆုံးစီရင်မှုကို အပြင်မှနေအိမ်သို့ပြန်လာသည့် အသက် ၅၀ အရွယ် ဇနီးဖြစ်သူက စတင်တွေ့ရှိခဲ့ပြီး မသေဆုံးသေးဟု ထင်မှတ်ကာ ညီမဖြစ်သူ၏ အကူအညီဖြင့် ကြိုးကို ဖြတ်ချပြီး ကြမ်းပြင်ပေါ်၌ ရှေးဦးသူနာပြုစုနည်းဖြင့် ပြုစုခဲ့သော်လည်း သေဆုံးသွားခြင်းဖြစ်သည်။

"သေဆုံးနေတဲ့ ရုပ်အလောင်းကို တွေ့ပြီး စစ်ဆေးကြည့်တော့ အင်္ကျီအိတ်ကပ်ထဲကနေ စာရွက်တစ်ရွက်တွေ့တယ်။ အဲဒီစာရွက်ပေါ်မှာရေးထားတာက လူဘဝနေရတာစိတ်ကုန်လာပြီ၊ ခွင့်လွှတ်ပါ၊ သားနဲ့သမီးကို စောင့် ရှောက်ပါ"လို့ရေးသားထားတယ်။ သူ့ဇနီးပြောပြတာကတော့ အကြွေးတွေပေးရန်ရှိလို့ စိတ်ဓာတ်ကျနေတာလို့ပြောပြတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

သေဆုံးသူအမျိုးသားမှာ နေအိမ်နောက်ဖေးဘက်အခန်း ကြမ်းပြင်ပေါ်တွင် လည်ပင်းကြိုးပွန်းဒဏ်ရာ၊ ကြိုးဆွဲသေဆုံးသူတို့တွင် တွေ့ကြုံရလေ့ရှိသည့် လက္ခဏာများဖြင့် ပက်လက်အနေအထား သေဆုံးနေသည်ကိုတွေ့ရှိရသဖြင့် ရုပ်အလောင်းကို သင်္ချိုင်း(စံပြ)ဆေးရုံကြီးသို့ ပို့ဆောင်ကာ ယင်းမြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၆/၁၈ ဖြင့် ဖွင့်ကာစစ်ဆေးနေသည်။

■ J 16

The VOICE Daily CARTOON





# မြဝတီကုန်သွယ်ရေးဇုန်တွင် ကုန်ပစ္စည်းအလိုအလျောက် ရှင်းလင်းသည့်စနစ် မတ်လ၌ စမ်းသပ်မည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၆**

မြဝတီနယ်စပ် ကုန်သွယ်ရေးဇုန်တွင် ကုန်ပစ္စည်းအလိုအလျောက်ရှင်းလင်းသည့်စနစ် (Myanmar Automated Cargo Clearance System – MACCS) ကို ၂၀၁၈ ခုနှစ် ဇွန်လတွင် စတင်အသုံးပြု ဆောင်ရွက်ရန်အတွက် မတ်လမှ မေလကုန်အထိ စမ်းသပ်ဆောင်ရွက်မည်ဖြစ်ကြောင်း အကောက်ခွန် ဦးစီးဌာနထံမှ သိရသည်။

မြဝတီကုန်သွယ်ရေးဇုန်တွင် MACCS စနစ်ကို ၂၀၁၈ ခုနှစ် ဇွန်လတွင် စတင်အသုံးပြုဆောင်ရွက်မည်ဖြစ်ပြီး ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှ ၁၆ ရက်နေ့အထိကို ပြင်ဆင်ရှင်းလင်းပွဲပြုလုပ်မည်ဖြစ်ကာ ဖေဖော်ဝါရီလ ၁၉ ရက်နေ့မှ မတ်လ ၂ ရက်နေ့အထိကို သွင်းကုန်၊ ထုတ်ကုန် (Importer/ Exporter Code) ကုတ်ထုတ်ပေးခြင်းနှင့် သွင်းကုန်၊ ထုတ်ကုန်လုပ်ငန်းရှင်များနှင့် ဆက်စပ်အဖွဲ့အစည်းများကို မှတ်ပုံတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း အကောက်ခွန်ဦးစီးဌာန၊ MACCS ဌာနခွဲ ဦးစီးအရာရှိ ဦးဟန်ထွေးအောင်က ပြောကြားသည်။

"မတ်လကနေစပြီး မေလကုန်အထိကို စမ်းသပ်ကာလလုပ်မယ်။ ကုန်ပစ္စည်းတိုင်း ဒီစနစ်နဲ့လုပ်လို့ရမှာပါ။ ခွဲခြားမထားပါဘူး။ လောလောဆယ်တော့ မြဝတီကုန်သွယ်ရေးဇုန်မှာပဲ လုပ်ဦးမယ်။ နောက်ပိုင်းကျရင် မြဝတီက တံတား (၂) ဖွင့်ရင် ဆိပ်ကမ်းတွေမှာလည်း တိုးချဲ့လုပ်မယ်။ အခု တံတား (၂) က မပြီးသေးတဲ့ အတွက် ကုန်သွယ်ရေးဇုန်မှာ ကနဦးလုပ်မှာပါ" ဟု ၎င်းကဆက်လက်ပြောဆိုသည်။

အသုံးပြုသူများသုံးစွဲရ အဆင်ပြေစေရန်အတွက် ၂၀၁၈ ခုနှစ် မတ်လမှ မေလကုန်အထိ စမ်းသပ်ကာလအဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး နောက်ပိုင်းတွင် မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်သာမက ဆိပ်ကမ်းများတွင်လည်း တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကာ MACCS စနစ်ကို ဂျပန်နိုင်ငံ၏ နည်းပညာနှင့် ငွေကြေးပံ့ပိုးမှု ဂျပန်ယန်းငွေ သန်း ၃၉၉၀ ဖြင့် ရန်ကုန်မြို့အတွင်းရှိ လေဆိပ်၊ ဆိပ်ကမ်းနှင့် သီလဝါ အထူးစီးပွားရေးဇုန်တို့တွင် ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း အကောက်အခွန် ဦးစီးဌာနထံမှ သိရသည်။

အဆိုပါကုတ်ထုတ်ပေးခြင်းနှင့် မှတ်ပုံတင်လုပ်ငန်းများနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက အကောက်ခွန် ဦးစီးဌာန၊ MACCS ဌာနခွဲ ဖုန်း ၀၁-၃၇၉၄၂၉ ထံဆက်သွယ်မေးမြန်းနိုင်ကြောင်း ယင်းဦးစီးဌာနထံမှ သိရသည်။ ■J-11


ဓာတ်ပုံ – ရွှာညီသစ်သီးပွဲရုံ

# မူဆယ်နယ်စပ် ကုန်သွယ်မှုပမာဏတက်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၆**

တရုတ်ဘက်သို့ မူဆယ်နယ်စပ်မှ ဆန်၊ ပြောင်းနှင့် ရော်ဘာတင်ပို့မှုများ သဖြင့်ကုန်သွယ်မှုပမာဏမြင့်တက်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက ပြောကြားသည်။

နယ်စပ်စခန်း ၁၆ ခုတွင် ကုန်သွယ်မှုအများဆုံးဖြစ်သည့် မူဆယ်နယ်စပ်စခန်းသည် ပြီးခဲ့သည့်နှစ်က နယ်မြေပဋိပက္ခများနှင့် တရုတ်ဘက်က အဖမ်းအဆီးများခဲ့သည့်အတွက် ကုန်သွယ်မှုပမာဏများ လျော့ကျခဲ့ပြီး ယခုနှစ်တွင် ပို့ကုန်ပမာဏများ တိုးလာခဲ့ကြောင်း ၎င်းကဆိုသည်။

"အခုကက ဆန်တင်ပို့တာ သိသိသာသာတိုးလာတယ်။ ကုန်သွယ်မှုပမာဏက ၁ ဒသမ ၆ သန်း (ဒေါ်လာ)လောက်အထိတိုးလာခဲ့တယ်။ ပြောင်းဆိုရင်လည်း မနှစ်က ကာလတူထက် တန်ချိန်သုံးသိန်းလောက်ပိုလာတယ်။ တစ်ဆင့်ခံပို့တဲ့သကြားက ယာယီပိတ်ထားခဲ့ပေမယ့် လယ်ယာထွက်ကုန်တွေက ပိုပို့လာတော့ ကုန်သွယ်မှုတွေတက်လာတယ်" ဟု ၎င်းကရှင်းပြသည်။

ယခုဘဏ္ဍာနှစ် ၁၀ လတာကာလအတွင်း မူဆယ်မှတစ်ဆင့် တရုတ်သို့တင်ပို့သည့် ပမာဏမှာ အမေရိကန်ဒေါ်လာ ၃၂၅၅ သန်းကျော်ရှိခဲ့ပြီး တရုတ်မှ တင်သွင်းသည့်ပမာဏမှာအမေရိကန်ဒေါ်လာ သန်း ၁၃၀၀ ကျော်ရှိခဲ့ကြောင်း၊ ပို့ကုန်ပမာဏမှာ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ဒေါ်လာသန်း ၃၀၀ နီးပါးတိုးလာကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနထံမှ သိရသည်။

မူဆယ်နယ်စပ်ကုန်သွယ်ရေးသည် တစ်ဆင့်ခံသကြားတင်ပို့မှု ပိတ်ခံပြီးသည့်နောက် ကုန်သွယ်မှုပမာဏများ သိသိသာသာကျဆင်းခဲ့ပြီး ယခုဆောင်းစပါးပေါ်ချိန်တွင် ဆန်တင်ပို့မှုကောင်းလာ၍ ဖရဲသီးတင်ပို့မှုလည်း များလာသောကြောင့် ကုန်သွယ်မှုတိုးလာကြောင်း ဆန်ကုန်သည် ဦးရဲမောင်က ပြောကြားသည်။

ယခုဘဏ္ဍာနှစ်တွင် နယ်စပ်ကုန်သွယ်ရေးနှင့် ပင်လယ်ရေကြောင်း ကုန်သွယ်ရေး၏ စုစုပေါင်းကုန်သွယ်မှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၂၇ ဘီလီယံကျော်ရှိပြီး ကာလတူထက် ဒေါ်လာလေး ဘီလီယံကျော် ပိုမိုကုန်သွယ်နိုင်ခဲ့သည့် အပြင် ကုန်သွယ်ဖက်နိုင်ငံအဖြစ် နိုင်ငံပေါင်း ၃၀ နီးပါး ပိုတိုးလာကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး ဌာနထံမှ သိရသည်။ ■

J-13

## ဖေဖော်ဝါရီလ ၆ ရက်နေ့ စတော့အိတ်ချိန်း ဈေးကွက်အခြေအနေ

| Name | Opening Price | 11(AM)Price | 1(PM)Price | Change | Trading Shares | Trading Value (MMK) |
|---|---|---|---|---|---|---|
| FMI | 12000 | 12500 | 12000 | - | 3500 | 42,315,000 |
| MTSH | 3000 | 3000 | 3000 | - | 6683 | 20,049,000 |
| MCB | 7800 | 7800 | 7800 | - 500 | 0 | 0 |
| FPB | 27000 | 27000 | 26500 | + 500 | 478 | 12,716,500 |
| TMH | 3100 | 3000 | 3000 | - 100 | 4811 | 14,433,000 |

**နိုင်ငံခြားငွေလဲလှယ်နှုန်း** **Source: KBZ Bank**

| 5.2.2018 | USD | EURO | SGD |
|---|---|---|---|
| ဝယ်ဈေး (ကျပ်) | ၁၃၂၀ | ၁၆၁၀ | ၁၀၀၂ |
| ရောင်းဈေး (ကျပ်) | ၁၃၂၆ | ၁၆၂၀ | ၁၀၀၅ |

**Source: ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်း**

| 5.2.2018 | ရွှေဈေး | |
|---|---|---|
| ပြည်တွင်းရွှေ (ကျပ်) | ၉၄၃,၀၀၀ (ဖွင့်) | ၉၄၅,၀၀၀ (ပိတ်) |
| ကမ္ဘာ့ရွှေ (ဒေါ်လာ) | ၁၃၃၈ (ဖွင့်) | ၁၃၃၆ (ပိတ်) |

# NEWS IN BRIEF

## ချည်မျှင်နှင့် အထည်အလိပ် ကုန်စည်ပြပွဲပြုလုပ်မည်

နိုင်ငံတကာချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်းဆိုင်ရာ ကုန်စည်ပြပွဲကို မတ်လ ၂၈ ရက်နေ့မှ ၃၀ ရက်နေ့အထိ ရန်ကုန်မြို့ရှိ ရှိုင်းဂါးဒင်းဟိုတယ်တွင် ပြုလုပ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်းရှင်များ အသင်းထံမှ သိရသည်။

ယင်းပြပွဲကို စက်မှုဝန်ကြီးဌာန၊ ဗီယက်နမ်အထည်အလိပ်နှင့် အဝတ်အစားအသင်း၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ ချည်မျှင်နှင့် အထည်အလိပ် လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းပြုလုပ်ခြင်းဖြစ်ပြီး ဗီယက်နမ်၊ ဂျာမနီ၊ အီတလီ၊ ဆွစ်ဇာလန်၊ ကိုရီးယား၊ မလေးရှား၊ တရုတ်နှင့် အင်ဒိုနီးရှားနိုင်ငံများမှ ထုတ်ကုန်အသစ်များ ပါဝင်ပြသကြမည်ဖြစ်ကာ အထည်ချုပ်လုပ်ငန်းနှင့် အထည်အလိပ်လုပ်ငန်းကဏ္ဍ၏ လက်ရှိအခြေအနေနှင့် အနာဂတ်အခွင့်အလမ်းများအကြောင်းကိုလည်း ဟောပြောပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ယင်းအသင်းထံမှ သိရသည်။ ■J-11


ဓာတ်ပုံ-အောင်နိုင်

# ရထားလမ်းကူးဂိတ်များကို အလိုအလျောက်အဖွင့်အပိတ်စနစ် တပ်ဆင်မည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၆**

ရန်ကုန်မြို့ပတ်ရထားလမ်းတစ်လျှောက်ရှိ ကား-ရထားလမ်းကူးဂိတ် ၂၅ ခုတွင် ဂျပန်နည်းပညာဖြင့် အလိုအလျောက်အဖွင့်၊ အပိတ်စနစ် (Automatic Level Crossing) တပ်ဆင်မည်ဖြစ်ကြောင်း မြန်မာ့မီးရထားထံမှ သိရသည်။

"ရထားလမ်းကူးဂိတ်ကို တင်ဒါအောင်တဲ့သူက ဂျပန်နည်းပညာပဲ သုံးရမယ်လို့ သတ်မှတ်ထားတာ။ လာပြိုင်တဲ့ကုမ္ပဏီကလည်း ဂျပန်ကုမ္ပဏီတွေ ဖြစ်နေတယ်" ဟု မြန်မာ့မီးရထား(ထောက်ပံ့ရေးရုံး)မှ တာဝန်ရှိသူက ဆိုသည်။

Automatic Level Crossing တပ်ဆင်ခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသည့် ကုမ္ပဏီများကို တင်ဒါခေါ်ယူရာတွင် ဂျပန်ကုမ္ပဏီနှစ်ခု လျှောက်ထားမှု ရှိပြီး တင်ဒါကို အမြန်ဆုံးရွေးချယ်မည်ဖြစ်ကာ တင်ဒါအောင်မြင်သည့်ကုမ္ပဏီကို အသိပေးကြေညာမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA ၏ချေးငွေ အမေရိကန်ဒေါ်လာ ၂၀၇ သန်းဖြင့် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအနက် Automatic Level Crossing များ တပ်ဆင်ခြင်းလုပ်ငန်းပါဝင်ကြောင်း မြန်မာ့မီးရထား၊ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီမှ တာဝန်ရှိသူက ပြောကြားသည်။

"တင်ဒါရွေးချယ်ပြီးတာနဲ့ လုပ်ငန်းစတင်မှာဖြစ်တယ်။ ၂၀၂၁ မှာ တပ်ဆင်တဲ့လုပ်ငန်း အပြီးလုပ်မှာဖြစ်တယ်" ဟု ၎င်းက ဆိုသည်။

ရထားလမ်းကူး Automatic Level Crossing တပ်ဆင်မှုသည် ကုန်ကျစရိတ်များပြားနိုင်ခြင်းကြောင့် မြို့ပတ်ရထားလမ်းပိုင်းတွင်သာ တပ်ဆင်မည်ဖြစ်ပြီး မြို့စွန်မြို့ဖျားရှိ တရားဝင် ရထားလမ်းကူးများ၌ တပ်ဆင်မည်မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။

ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း အဆင့်မြှင့်ရာတွင် နိုင်ငံတော်ဘတ်ဂျက်ဖြင့် ပလက်ဖောင်းများ ပြုပြင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်ကြောင်း မြန်မာ့မီးရထားထံမှ သိရသည်။ ■ **J-06**

# မြိတ်တွင် လျှပ်စစ် တစ်ယူနစ်ဈေးနှုန်း ကျပ် ၄၀၀ နီးပါးအထိ မြင့်တက်

**မြိတ်၊ ဖေဖော်ဝါရီ ၆**

မြိတ်မြို့တွင် မီးလင်းရေးအဖွဲ့အသီးသီးက ဇန်နဝါရီလအတွက်ကောက်ခံသည့် လျှပ်စစ်တစ်ယူနစ် ဈေးနှုန်းများမှာ ကျပ် ၄၀၀ နီးပါးအထိ မြင့်တက်လာခဲ့ကြောင်း လျှပ်စစ်မီးသုံးစွဲသူများထံမှ သိရသည်။

လျှပ်စစ်တစ်ယူနစ်ဈေးနှုန်းမှာ လအလိုက် တဖြည်းဖြည်း ဈေးနှုန်းတက်လာခြင်းဖြစ်ပြီး ပြီးခဲ့သည့် စက်တင်ဘာလက တစ်ယူနစ်လျှင်ကျပ် ၃၃၀၊ အောက်တိုဘာလတွင် ကျပ် ၃၄၀၊ နိုဝင်ဘာလတွင် ကျပ် ၃၅၀ ၊ ဒီဇင်ဘာလတွင် ကျပ် ၃၅၅ နှုန်းနှင့် ဇန်နဝါရီလတွင် ကျပ် ၃၇၅ နှုန်းအထိ ဈေးမြင့်လာကြောင်း လျှပ်စစ်မီးသုံးစွဲများထံမှ သိရသည်။

လျှပ်စစ်ဈေးနှုန်းများ မြင့်တက်လာသည့်အတွက် လျှပ်စစ်မီးသုံးစွဲသူတို့အကြား ဝေဖန်ပြောဆိုမှုများ ရှိနေသည်။

"ဈေးက ကျတယ်ကို မရှိဘူး" ဟု မြိတ်တောင်နယ်မြေနေ လျှပ်စစ်မီးသုံးစွဲနေသူ အသက် ၅၀ ကျော် အမျိုးသမီးတစ်ဦးက ပြောသည်။

ယင်းကဲ့သို့ လျှပ်စစ်မီတာ ဈေးနှုန်းများမြင့်တက်နေခြင်းသည် ဒီဇယ်ဈေးနှုန်းများ မြင့်တက်လာသည့်အတွက်ဖြစ်ကြောင်း မီးလင်းရေးအဖွဲ့အသိုင်းအဝိုင်းမှ သိရသည်။

"တကယ်တမ်း တွက်ချက်မယ်ဆိုရင် တစ်ယူနစ်ကို ၃၉၀ ကျပ်နှုန်း ကျနေတယ်။ မီးလင်းရေးအဖွဲ့တွေ ဝိုင်းတိုင်ပင်ပြီး ၃၇၅ ကျပ်နှုန်းနဲ့ပဲ ကောက်ခဲ့တာပါ" ဟု မြို့သစ်မီးလင်းရေးအဖွဲ့ ဒါရိုက်တာ ဦးသန်းထွန်းအောင်က ပြောသည်။

ပြီးခဲ့သည့် ဒီဇင်ဘာလက ဒီဇယ်ဈေးမှာ တစ်ပီပါလျှင် ကျပ် ၁၆၀,၀၀၀ ရှိခဲ့ပြီး ဇန်နဝါရီလတွင် ကျပ် ၁၇၅,၀၀၀ အထိ ဈေးနှုန်းမြင့်တက်လာခဲ့ကြောင်း မီးလင်းရေးအဖွဲ့များထံမှ သိရသည်။

မြိတ်မြို့တွင် ပုဂ္ဂလိက မီးလင်းရေးအဖွဲ့ ၉ ဖွဲ့ရှိသည်။ ■ **Dawei Watch**


**သတင်းကိစ္စ** ဆက်သွယ်လိုပါက . . .

**ဖုန်း - ၀၉ ၇၈၅၅၅ ၅၇၇၁**


# အမေရိကန် ဥပဒေအကြံပေးကုမ္ပဏီ မြန်မာနိုင်ငံမှလုပ်ငန်းများရပ်ဆိုင်း

**ရန်ကုန်၊ ဖေဖော်ဝါရီ ၆**

မြန်မာနိုင်ငံ ရန်ကုန်မြို့၌ ရုံးခန်းလာရောက်ဖွင့်လှစ်ထားသော ထင်ရှားသည့်အမေရိကန်ဥပဒေအကြံပေးကုမ္ပဏီ Herzfeld Rubin Meyer & Rose သည် ဖေဖော်ဝါရီလကုန်မှစ၍ ၎င်း၏ လုပ်ငန်းများကို ရပ်ဆိုင်းတော့မည်ဖြစ်ကြောင်း ယင်းကုမ္ပဏီက The Voice သို့ အတည်ပြုပြောကြားသည်။

ဖေဖော်ဝါရီလ ၁ ရက်နေ့ကစ၍ လတ်တလော အဆိုပါကုမ္ပဏီသို့ အမှုလာရောက်အပ်နှံမှုများကို ရပ်ဆိုင်းထားပြီဖြစ်ပြီး ကျန်ရှိနေသည့် ဝန်ဆောင်မှုများကို ဆက်လက်လုပ်ဆောင်နေကာ ဖေဖော်ဝါရီလကုန်၌ လုပ်ငန်းအားလုံးရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီထံမှ သိရသည်။

"ဝန်ဆောင်မှုလုပ်ငန်းဆိုတော့ လုပ်ငန်းအားလုံး သိမ်းလိုက်ဖို့ဆိုရင်တော့ နည်းနည်းကြာမယ်လေ။ ဖေဖော်ဝါရီလကုန်လောက်ဆိုရင်တော့ ကျန်တာတွေ အကုန်လုံး ပြီးသွားနိုင်ပါတယ်" ဟု Herzfeld Rubin Meyer & Rose ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြပြောဆိုသည်။

ထိုသို့ ကုမ္ပဏီရပ်ဆိုင်းမည်ဆိုခြင်းနှင့်ပတ်သက်၍ ဖေဖော်ဝါရီလ ၁ ရက်နေ့က မြန်မာနိုင်ငံတွင် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် မဂ္ဂဇင်းတစ်စောင်၌ တရားဝင်သတင်းထုတ်ပြန်ခဲ့ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုက မြန်မာနိုင်ငံကို စီးပွားရေးပိတ်ဆို့မှုများ ဖြေလျှော့ထားခဲ့သော်လည်း ငွေရေးကြေးရေးနှင့် ပတ်သက်သည့် ပိတ်ဆို့မှုတစ်ခု ကျန်ရှိနေသေးခြင်း၊ မြန်မာအစိုးရ၏ ဘင်္ဂါလီ (မူရင်းသတင်းတွင် ရိုဟင်ဂျာဟု ဖော်ပြထား) ကိစ္စကို ကိုင်တွယ်မှုများ အပြင် အခြားအကြောင်းများစွာကြောင့် အဆိုပါကုမ္ပဏီကို ပိတ်လိုက်ခြင်းဖြစ်ကြောင်း Asia Times သတင်းဌာနက ဖော်ပြထားသည်။

Herzfeld Rubin Meyer & Rose ဆိုသည့် အမေရိကန်ဥပဒေအကြံပေးကုမ္ပဏီသည် မြန်မာနိုင်ငံ၌ ၂၀၁၃ ခုနှစ်မှစ၍ ဥပဒေအကြံပေးကုမ္ပဏီအဖြစ် ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကာ ယင်းငါးနှစ်တာ ကာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်အောင် ကူညီပေးနိုင်ခဲ့သည်ဟု ယင်းသတင်းဌာနက ဖော်ပြထားသည်။

အဆိုပါဥပဒေအကြံပေးကုမ္ပဏီသည် အမေရိကန် ကုန်သည်ကြီးများအသင်း၏ အဖွဲ့ဝင်ဖြစ်ပြီး အမေရိကန်အစိုးရ၏ မြန်မာအပေါ် စီးပွားရေးပိတ်ဆို့ထားမှုများကို ဆန့်ကျင်ကြောင်း အမြဲတစေဝေဖန်ထောက်ပြမှုများ ပြုလုပ်ခဲ့သည်။

"ဒီကုမ္ပဏီကတော့ မြန်မာနိုင်ငံကို တော်တော်လေး သံယောဇဉ်ရှိတဲ့ ကုမ္ပဏီပါ။ အဓိကကတော့ အမေရိကန် Fund (ရန်ပုံငွေ) တွေနည်းလာတာ၊ US ရဲ့ Monetary Sanction ကျန်နေသေးတာ၊ ရခိုင်ကိစ္စတွေ ရှိနေတာတွေကြောင့် ထွက်သွားရတယ်ထင်တယ်။ အမေရိကန် အာမခံကုမ္ပဏီတစ်ခုလည်း ထွက်မယ်လို့ ကြားနေတယ်" ဟု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောဆိုသည်။

၂၀၁၇ ခုနှစ်အတွင်း အာရှဒေသတွင်းရှိ အမေရိကန်စီးပွားရေးလုပ်ငန်းရှင်များသည် မြန်မာနိုင်ငံသို့ လာရောက်ဆွေးနွေးမှုများ ပြုလုပ်ထားပြီး ယခုဘဏ္ဍာနှစ် ၂၀၁၇ ဧပြီလ ၁ ရက်နေ့မှ ဒီဇင်ဘာ ၃၁ ရက်နေ့အထိ အမေရိကန်ပြည်ထောင်စုက အမေရိကန်ဒေါ်လာ ၁၂၈ သန်းကျော်အထိ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားသည်။ ■ **S-04**

# ဂျူဒိုသင်တန်းအခမဲ့ ဖွင့်လှစ်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၆**

အမျိုးသား၊ အမျိုးသမီးအသက်အရွယ် ကန့်သတ်ချက်မရှိ ဂျူဒို တိုက်ခိုက်ရေးနည်းပညာသင်တန်းကိုအခမဲ့သင်တန်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီအသိအမှတ်ပြုလိုင်စင်ရ နိုင်ငံတော်အဆင့်အားကစားအုပ်ချုပ်စီမံရေးမှူး မခိုင်ချမ်းမြေ့သူက ပြောကြားသည်။

"သွားရင် လာရင်း တစ်ခုခုပေါ့ ကိုယ့်ကို တိုက်ခိုက်လာရင် အရေးပေါ်ကာကွယ်ဖို့ပါ။ တရားဥပဒေ ဖြေရှင်းတာက နောက်တစ်ပိုင်းပေါ့ ။ မတရားခံရရင် ပြန်ခုခံတတ်ဖို့ ရည်ရွယ်ပြီးလုပ်တာပါ။ သင်တန်းတက်မယ့်သူက တီရှပ်အကျီနဲ့ ဘောင်းဘီ အရှည်တစ်ထည်ပါလာရင် ရပြီး အကုန်အခမဲ့ပါ" ဟု ၎င်းကဆိုသည်။

ကိုယ်ခံပညာကို အခြေခံမှစတင်ကာ LEVEL တစ်ခုထိကို ရာသက်ပန်သင်ကြားပေးမည်ဖြစ်ပြီး ငွေကြေးမတတ်နိုင်သူများအတွက် အစားအသောက်ပါ အခမဲ့ စီစဉ်ထားကြောင်း ၎င်းကပြောကြားသည်။

သင်တန်းတက်ရောက်လိုသူများ အနေနှင့် အမှတ် ၃၅၊ မြေညီ ၁၆၄ လမ်း၊ တာမွေသို့ ဆက်သွယ်နိုင်မည် ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများ အနေနှင့် တစ်ပတ်လျှင်နှစ်ရက်နှုန်း စနေ၊ တနင်္ဂနွေနေ့ နံနက် ၉ နာရီခွဲမှ စတင်ကာ တန်းခွဲ သုံးကြိမ်ခွဲ၍သင်ကြားပေးသွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

တန်းခွဲတစ်ခုတွင် လူဦးရေ ၆၀ မှ ၁၀၀ ဝန်းကျင်အထိကို လက်ခံသင်ကြားပေးသွားမည်ဖြစ်သည်။ ■ **J-18**

# မြောက်ဦးမြို့နယ် အုပ်ချုပ်ရေးမှူးဟောင်းကို သတ်ဖြတ်ရန် AA မှ ကြိုတင်ကြံစည်ဟု ပြည်ထဲရေးထုတ်ပြန်

**စစ်တွေ၊ ဖေဖော်ဝါရီ ၆**

မြောက်ဦးမြို့နယ် အုပ်ချုပ်ရေးမှူးဟောင်း ဦးဘိုဘိုမင်းသိုက်ကို သတ်ဖြတ်ရန် ရခိုင်လက်နက်ကိုင်တပ်ဖွဲ့ AA (Arakan Army)အဖွဲ့က ကြိုတင်ကြံစည်လုပ်ဆောင်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဖေဖော်ဝါရီလ ၅ရက်တွင် ထုတ်ပြန်သည်။

ဇန်နဝါရီလ ၁၆ ရက်က မြောက်ဦးမြို့တွင် ကျင်းပမည့် ရခိုင်ဘုရင့်နိုင်ငံတော် အချုပ်အခြာ အာဏာကျဆုံးခြင်း အောက်မေ့ဖွယ် အခမ်းအနား လုပ်ဆောင်ရန် အာဏာပိုင်များက ပိတ်ပင်မှုကြောင့် လူထုဆူပူ အုံကြွခဲ့ကြောင်း၊ လူထုဆန္ဒပြကာ အကြမ်းဖက်မှုများ လုပ်ဆောင်လာသောကြောင့် ရဲတပ်ဖွဲ့ဝင်များက လူစုခွဲမှုကို အခြေခံလျက် မြောက်ဦးမြို့နယ်၊ အုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်ခဲ့သော ဦးဘိုဘိုမင်းသိုက်ကို လုပ်ကြံသတ်ဖြတ်ရန် AA လက်နက်ကိုင်အဖွဲ့က ကြိုတင်ကြံစည် လုပ်ဆောင်မှုရှိသည်ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မြောက်ဦးကိစ္စကြောင့် ဦးဘိုဘိုမင်းသိုက်ကို စစ်တွေမြို့သို့ လက်ထောက်ညွှန်ကြားရေးမှူးတာဝန်ဖြင့် ပြောင်းရွှေ့လိုက်သည်ကို သိရပြီးနောက် တိန်ညိုကျေးရွာအုပ်ချုပ်ရေးမှူးဟောင်း ဦးကျော်မြင့် (၄၇နှစ်) ၏ လိုင်စင်မဲ့မော်တော်ယာဉ်ဖြင့် ဦးဘိုဘိုမင်းသိုက်ကို စစ်တွေသို့သွားပါက လိုက်ပါပို့ဆောင်ပေးရန် ဖုန်းဆက်အကြောင်းကြားခဲ့ပြီး AA အဖွဲ့ စည်းရုံးရေးမှူး ဦးကိုလတ်၊ ဦးစပိုင်၊ ဦးဇော်မျိုးအောင်နှင့် ဝပ်ရှော့ဆရာ ဦးမျိုးချစ်အောင် (တိန်ညိုကျေးရွာ)တို့နှင့် အတူ သတ်ဖြတ်ရန် တိုင်ပင်ခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

၎င်းအား ပို့ဆောင်ချိန်တွင် ဦးကျော်မြင့်က ဦးကိုလတ်ထံသို့ ဖုန်းဖြင့် ကားစီစဉ်ထားရန် အကြောင်းကြားပြီး ယာဉ်မောင်းအဖြစ် ဦးမျိုးချစ်အောင်ကိုတာဝန်ပေးခဲ့ကာ ဦးစပိုင်နှင့် ဇော်မျိုးအောင်တို့ကို ပစ်စည်းသယ်ယူရန် တာဝန်ပေးခဲ့ကြောင်း ယင်းထုတ်ပြန်ချက်အရသိရသည်။

၎င်းတို့သည် ဇန်နဝါရီ ၃၀ ရက် မွန်းလွဲ ၂ နာရီခန့်က မြောက်ဦးမြို့မှ စစ်တွေသို့ ထွက်ခွာလာကြပြီး ပုဏ္ဏားကျွန်းမြို့မှ ၇မိုင်ဝေးသည့် ယိုးငူကျေးရွာအနီးတွင် ဦးဘိုဘိုမင်းသိုက်ထံမှ ဖုန်းများ သိမ်းဆည်းခဲ့ကြောင်း၊ ယင်းနောက် ဦဘိုဘိုမင်းသိုက်က ပြန်လည်ခုခံသဖြင့် ရန်းရင်းဆန်ခတ်ဖြစ်ကာ ဦးစပိုင်နှင့် ဦးဇော်မျိုးအောင်တို့မှ ဓားဖြင့် ထိုးသတ်ခဲ့ပြီး ယာဉ်မှာလည်း လမ်းဘေးသို့ တိမ်းမှောက်ခဲ့ကြောင်း ထုတ်ပြန်ထားသည်။

ဦးကျော်မြင့်နှင့် မိသားစုဝင်များမှာ အခင်းဖြစ်ပွားချိန်၌ ရခိုင်ပြည်နယ်တွင်မရှိဘဲ ဇန်နဝါရီလ ၂၈ ရက်ကပင် ရန်ကုန်မြို့သို့ထွက်ခွာသွားကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကျေးရွာအုပ်ချုပ်ရေးမှူးဟောင်း ဦးကျော်မြင့်နှင့် မိသားစုဝင်များကို ရန်ကုန်မြို့၌ ဇန်နဝါရီလ ၃၁ ရက်နေ့က ဖမ်းဆီးစစ်ဆေးရာ ၎င်းမှာ ဦးဘိုဘိုမင်းသိုက်ကို သတ်ဖြတ်ရန်ကြံစည်ခဲ့ကြောင်း၊ သတ်ဖြတ်ခဲ့သူများနှင့်လည်း ဖုန်းဖြင့်အဆက်အသွယ်ရှိခဲ့ပြီး ဦးကျော်မြင့်တို့ မိသားစုက မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ်မှ ဘူးသီးတောင်၊ မောင်တောဒေသသို့ ကော်မရှင်စားဖြင့် ဆက်သွယ် ရောင်းဝယ်ခြင်းနှင့် ကိုယ်တိုင် ဝယ်ယူရောင်းချခြင်းတို့ကို ဆောင်ရွက်ခဲ့သည်ဟုဝန်ခံထွက်ဆိုကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်သည်။

၎င်းတို့က မူးယစ်ဆေးဝါးရောင်းရငွေများဖြင့် AA အဖွဲ့အတွက် M 16 ၁၀ လက်နှင့်ပစ္စတိုကျည်၅၀ စသည့်လက်နက်ခဲယမ်းများကို ၂၀၁၇ ခုနှစ် ဇူလိုင်လမှစ၍ အကြိမ်ကြိမ်ဝယ်ယူစုဆောင်း၊ သယ်ဆောင်ကာ လျှို့ဝှက်ပို့ဆောင်ပေးခဲ့ပြီး ပစ္စတိုတစ်လက်၊ ကျည်ဘောက်တစ်ခု၊ ကျည်ကိုးတောင့်ကို ၎င်းကိုင်ဆောင်ရန် သိမ်းဆည်းထားခဲ့ကြောင်း ဝန်ခံထွက်ဆိုကြောင်း ဖော်ပြထားသည်။

၎င်းတို့မိသားစုသည် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၇ ခုနှစ် နိုဝင်ဘာလအထိ WY စိတ်ကြွ ဆေးပြား ၄၄ သိန်းကို ၉ ကြိမ်ရောင်းဝယ်ခဲ့ရာ စုစုပေါင်း အမြတ်ငွေ ကျပ် ၃၉၇၅ သိန်းရရှိခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ထုတ်ပြန်ချက်သည် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအပေါ် စွပ်စွဲခြင်းဖြစ်ကြောင်း၊ မြောက်ဦးမြို့နယ် အုပ်ချုပ်ရေးမှူးဟောင်း အသတ်ခံရမှုမှာ AA လုပ်ဆောင်ခြင်း မဟုတ်ကြောင်း၊ ထုတ်ပြန်ထားသော သေနတ်အမျိုးအစားမှာလည်း AA တိုက်ခိုက်ရေးအဖွဲ့တွင် မသုံးကြောင်း၊ ဖမ်းဆီးခံထားရသူများနှင့်လည်း ဆက်သွယ်မှုမရှိကြောင်း AA က ပြောဆိုထားသည်။

လက်ရှိအချိန်၌ တိန်ညိုကျေးရွာသား သုံးဦးကို AA နှင့်ဆက်နွှယ်သည်ဟုဆိုကာ မတရားအသင်း အက်ဥပဒေ ပုဒ်မ ၁၇(၁)ဖြင့် ဖမ်းဆီးကာ အမှုဖွင့်ထားကြောင်း၊ ယင်းအပြင် ဦးကျော်မြင့်နှင့် မိသားစုဝင်များကိုလည်း ဖမ်းဆီးစစ်ဆေးနေပြီး ကျေးရွာသားအချို့ကို လည်း စစ်ဆေးခြင်းနှင့် ကျေးရွာအတွင်း လက်နက်များ ရှာဖွေခြင်းများလည်း ရှိကြောင်း ဒေသခံများထံမှ သိရသည်။

ယခုအချိန်၌ ဦးဘိုဘိုမင်းသိုက် အသတ်ခံရမှုကြောင့် ပုဏ္ဏားကျွန်းမြို့နယ် ရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၃၀၂၊၄၄၀၊ ၁၁၄ ဖြင့် အမှုဖွင့်ထားပြီး လုပ်ကြံသတ်ဖြတ်သူဟုယူဆရသူ အချို့ကို ဖမ်းဆီးခြင်းနှင့် ကွင်းဆက်တရားခံများကို ဆက်လက်ဖော်ထုတ်နေကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။ ■

**R-22**

# မွန်တွင် နိုင်ငံခြားသား လည်ပတ်ခွင့် မရှိသည့် နယ်မြေအချို့ကန့်သတ်မှု ပယ်ဖျက်

**မော်လမြိုင်၊ ဖေဖော်ဝါရီ ၆**

မွန်ပြည်နယ်အတွင်းတွင် နိုင်ငံခြားသား ခရီးသွားများ သွားလာလည်ပတ်ခွင့် မရှိသည့်နယ်မြေများအနက်မှ အချို့ကို ကန့်သတ်အဖြစ်မှ ပယ်ဖျက်ပေးလိုက်သည်ဟု ဟိုတယ်နှင့် ခရီးသွားလာရေးဌာန (မော်လမြိုင်ရုံးခွဲ)မှ သိရသည်။

သံဖြူဇရပ်မြို့နယ်အတွင်းရှိ ဝဲကလိရေပူစမ်း၊ ပင်ဆားကွင်း၊ သေမင်းတမန်ရထားလမ်း၊ မဟာမိတ်စစ်သင်္ချိုင်း၊ ကျိုက္ခမီရေလယ်ဘုရားနှင့် စက်စဲကမ်းခြေ၊ ဘီးလင်းမြို့နယ်အတွင်းရှိ ကေလာသတောင်၊ ကျောက်ပိဘုရားနှင့် ကျောက်တံခါးဘုရား၊ သထုံမြို့နယ် အတွင်းရှိ မြသပိတ်စေတီတို့ကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလက သွားလာခွင့်ကန့်သတ်မှုမှ ဖြေလျှော့ပေးလိုက်ခြင်း ဖြစ်သည်။

"သွားလာခွင့် ဖြေလျှော့လိုက်တော့ နိုင်ငံခြားဧည့်သည်တွေ အေးဆေးသွားလို့ရတယ်။ မဟုတ်ရင် ခွင့်ပြုချက်ယူနေရတယ်၊ ဆိုလိုတာက ကုမ္ပဏီနဲ့ချိတ်ဆက်ပြီး လာတဲ့ဧည့်သည်ဆိုရင် ပြဿနာမရှိဘူး။ ဘယ်ကုမ္ပဏီနဲ့မှ မချိတ်ဆက်ဘူး ကိုယ့်ဘာသာ ကိုယ်ဝင်လာမယ်၊ အဲနေရာတွေကိုသွားမယ်ဆိုရင် လဝကက အရေးယူမှာပဲ၊ အခုဆို အဆင်ပြေတာပေါ့လေ။ လွတ်လွတ်လပ်လပ် သွားလာလို့ရတယ်" ဟု ဟိုတယ်နှင့် ခရီးသွားလာရေးဌာန (မော်လမြိုင်ရုံးခွဲ) မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကံမြင့်က ပြောသည်။

မွန်ပြည်နယ်အတွင်းရှိ သံဖြူဇရပ်မြို့နယ်နှင့် ကျိုက်မရောမြို့နယ်တို့ကို ယခင်က မြို့ပေါ်ရော မြို့ပြင်ပါ နိုင်ငံခြားသား သွားလာခွင့်ကိုကန့်သတ်ထားကာ ဘီးလင်းနှင့် သထုံကိုမူ ယခင်က မြို့ပေါ်တွင်သာ သွားလာခွင့်ပြုထားပြီး ယခုဆိုလျှင် မြို့ပြင်သို့လည်း သွားလာခွင့်ပြုပေးလိုက်သည်ဟု ၎င်းက ပြောသည်။

"ဒီလိုမျိုး ဖြေလျှော့ပေးလိုက်ခြင်းအားဖြင့်က နိုင်ငံခြားခရီးသွားတွေအတွက် ပိုပြီးအဆင်ပြေလာမယ်၊ ကိုယ့်ဒေသကို ဧည့်သည်တွေ ပိုဝင်လာမယ်၊ အရင်က ဆိုရင်ခွင့်ပြုချက်တင်ရတော့ အဆင်မပြေမှုတွေ ကြန့်ကြာမှုတွေရှိခဲ့တယ်" ဟု ဒေသခံ ခရီးသွားလမ်းညွှန် ကိုဇင်က ပြောသည်။

မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်အနက်မှ ကျိုက်ထို၊ ပေါင်၊ မော်လမြိုင်၊ ချောင်းဆုံနှင့် မုဒုံမြို့နယ်တို့တွင် နိုင်ငံခြားသားခရီးသွားများ မြို့ပေါ် မြို့ပြင် သွားလာခွင့်ပြုထားသည့်နယ်မြေဖြစ်သည်။

ဘီးလင်း၊ သထုံနှင့် ရေးမြို့နယ်တို့တွင် မြို့ပေါ်တွင် သွားလာခွင့်ပြုထားပြီး မြို့ပြင်ကိုသွားမည်ဆိုပါက ခွင့်ပြုချက်တောင်းခံရသည့် နယ်မြေအဖြစ် သတ်မှတ်ထားကာ ကျိုက်မရောနှင့် သံဖြူဇရပ်မြို့နယ်ကိုမူ မြို့ပေါ်ရော မြို့ပြင်ပါ ခွင့်ပြုချက်တောင်းခံရမည့်နယ်အဖြစ် သတ်မှတ်ထားသည်။

မွန်ပြည်နယ်အတွင်းသို့ ကမ္ဘောဒီးယား၊ ထိုင်း၊ ပြင်သစ်၊ တရုတ်၊ ဂျာမနီ၊ အမေရိကန်၊ ဩစတြေးလျ အစရှိသည့် နိုင်ငံပေါင်း ၅၂ နိုင်ငံခန့်မှ နိုင်ငံခြားသားများ လာရောက်လည်ပတ်လေ့ရှိသည်။

မွန်ပြည်နယ်အတွင်းတွင် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ လိုင်စင်ယူထားသော ဟိုတယ် ၃၁ လုံး၊ တည်းခိုခန်း ၂၂ လုံးတို့မှ အခန်းပေါင်း ၁၈၅၁ ခန်းရှိသည်ဟု ဟိုတယ်နှင့် ခရီးသွားလာရေးဌာန (မော်လမြိုင်ရုံးခွဲ) ရှိ စာရင်းအရ သိရသည်။ ■ **Dawei Watch**

# NEWS IN BRIEF

## ဂေါက်သီးရိုက်ပြိုင်ပွဲမှရရှိသော အလှူငွေကို စာသင်ကျောင်းဆောက်ရန် လှူဒါန်းမည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၆**

ဇောတိကရန်ပုံငွေဂေါက်သီးပြိုင်ပွဲမှ ကောက်ခံရရှိသော အလှူငွေ ကန်ဒေါ်လာ သုံးသောင်းတစ်ထောင်ကျော်ကို ရွှေပြည်သာမြို့နယ်ရှိ လိုတရာဘုန်းတော်ကြီးသင် စာသင်ကျောင်းဆောက်ရန်နှင့် ကျောင်းသားများ နေ့စဉ်စားသောက်စရိတ်အတွက် လှူဒါန်းမည်ဖြစ်ကြောင်း PTTEP မြန်မာ့စီမံကိန်းထံမှ သိရသည်။

ဇောတိကရန်ပုံငွေဂေါက်သီးပြိုင်ပွဲကို PTTEP မြန်မာ့စီမံကိန်းမှ ဦးဆောင်၍ကျင်းပခြင်းဖြစ်ပြီး ၎င်း၏လုပ်ဖော်ကိုင်ဖက်များနှင့်ကန်ထရိုက်တာများပါဝင်သော ဂေါက်သီးကစားသမားစုစုပေါင်း၁၆၀ ဦးထံမှ ကောက်ခံရရှိသော အလှူငွေများဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

လွန်ခဲ့သော ငါးနှစ်မှစ၍ယနေ့အချိန်ထိ ဂေါက်သီးရိုက်ပြိုင်ပွဲမှ ကောက်ခံရရှိငွေ စုစုပေါင်း အမေရိကန် ဒေါ်လာ ၁၄၀,၀၀၀ ကို ရန်ကုန်မြို့ရှိ စာသင်ကျောင်းအချို့တွင် လှူဒါန်းထားကြောင်း သိရသည်။ ■



MANDALAY VOICE




ဇာတိမာန်ရွေ့လျားစာကြည့်တိုက်တွင် ငှားရမ်းဖတ်ရှုနေသော ကျောင်းသားများကိုတွေ့ရစဉ်

# ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ သုတမျှဝေပွဲကျင်းပမည်

**မန္တလေး၊ ဖေဖော်ဝါရီ ၆**

မန္တလေးမြို့တော်ရှိ ဇာတိမာန် လူငယ်စာဖတ်အသင်းအနေနှင့် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ကျရောက်မည့် ၁၀၃ နှစ်မြောက် ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ် သုတမျှဝေခြင်း ပွဲတော် ကျင်းပမည်ဖြစ်သည်။

"အသင်းတည်နေရာမှာပဲ ကျင်းပမယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဂုဏ်ကျေးဇူးကို ဖော်ညွှန်းတဲ့အနေနဲ့ ကျင်းပတာဖြစ်တယ်။ ပြီးတော့ ကလေးတွေစာဖတ်တတ်ဖို့နဲ့ စာပေဗဟုသုတတွေရဖို့လည်း ရည်ရွယ်ပါတယ်။ ဒီပွဲမှာ ကလေး ၂၀၀၀ ကို သုတရသစာအုပ် ၂၀၀၀ ဝေပေးမယ်" ဟု ယင်းအသင်းမှ တာဝန်ရှိသူ စာရေးဆရာနောင်ရှုပက ပြောကြားသည်။

ကလေးများကို သုတရသစာအုပ်များမျှဝေရန် ဇာတိမာန်လူငယ်စာဖတ်အသင်းကဖွင့်ထားသော ရွေ့လျားစာကြည့်တိုက် ၄၀ မှ အသင်းဝင် ကျောင်းသားကျောင်းသူများကို ဖိတ်ခေါ်ထားသည်ဟု ၎င်းကပြောဆိုသည်။

ရတနာပုံတက္ကသိုလ်ကျောင်းသားများဖြင့် ဖွဲ့စည်းထားသော University Clean and Green Association အသင်းကလည်း အဆိုပါ သုတမျှဝေပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းပုံပါ စတစ်ကာများဝေငှခြင်း၊ ပဲပြုတ် နံပြားကျွေးခြင်းများ ပူးပေါင်းပါဝင်မည်ဖြစ်ကြောင်း ယင်းအသင်းထံမှ သိရသည်။

အောင်မြေသာစံမြို့နယ် ရွှေလောင်းညွှန့်ရပ်ကွက်ရှိ ဇာတိမာန်လူငယ်စာဖတ်အသင်းသည် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း၊ မူလတန်းအဆင့်၊ အလယ်တန်းအဆင့် အင်္ဂလိပ်သဒ္ဒါသင်တန်းများ၊ အလယ်တန်းအဆင့် သင်္ချာသီအိုရီသင်တန်း၊ အခြေခံပန်းချီသင်တန်း၊ အင်တာနက်-အီးမေးလ်အသုံးပြုနည်းသင်တန်းများကို နွေရာသီအခမဲ့သင်တန်းများအဖြစ် မတ်လ ၇ ရက်နေ့ကစ၍ ပို့ချမည်ဖြစ်သည်။ ■

M-01

# ရတနာပုံတက္ကသိုလ် ခြေလျင်တောင်တက်အသင်း ပုပ္ပားတောင်မကြီးပေါ်တက်မည်

**မန္တလေး၊ ဖေဖော်ဝါရီ ၆**

ရတနာပုံတက္ကသိုလ် ခြေလျင်တောင်တက်အသင်းအနေနှင့် ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်း ပေ ၄၉၈၁ မြင့်သော ပုပ္ပားတောင်မကြီးပေါ်သို့ တက်ရောက်မည်ဖြစ်ကြောင်း ယင်းအသင်းထံမှ သိရသည်။

"တောင်တက်အားကစားဟာ တခြားအားကစားတွေနဲ့မတူဘူး။ သဘာဝနဲ့ယှဉ်ပြီး ကစားရတာဖြစ်တယ်။ လူစားလဲလို့မရဘူး။ အချိန်သတ်မှတ်ချက်လည်း မရှိဘူး။ အနိုင်၊ အရှုံးမရှိဘူး။ အသက်အရွယ်၊ အသားအရောင်ခွဲခြားမှုလည်းမရှိဘူး။ အဲဒီလိုမရှိဘဲနဲ့ ကစားရတဲ့ အားကစားနည်းဖြစ်တယ်။ ဒီအားကစားနည်းက ရုပ်ပိုင်းဆိုင်ရာတင် မဟုတ်ဘူး ကြံ့ခိုင်မှုကိုပါဖြစ်စေတယ်။ စည်းကမ်းရှိမှု တာဝန်ယူမှု တာဝန်ခံမှု စတာတွေရမယ်။ အားကစားနည်းတစ်ခုဆို တာထက် ကျောင်းသားကျောင်းသူတွေရဲ့ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုကိုလည်း အထောက်အကူဖြစ်စေဖို့ ရည်ရွယ်တယ်" ဟု ရတနာပုံတက္ကသိုလ် ခြေလျင်တောင်တက်အသင်း အုပ်ချုပ်သူ ဆရာဦးလှမင်းဦးက ပြောကြားသည်။

ပုပ္ပားတောင်တက်ရောက်ခရီးစဉ်သည် တစ်ညအိပ် နှစ်ရက်ခရီးဖြစ်ပြီး အသင်းဝင်အင်အား ၂၀၀ ခန့် ပါဝင်မည်ဖြစ်ကြောင်း၊ ပုပ္ပါးတောင်ခရီးစဉ် အကြိုအဖြစ် ဖေဖော်ဝါရီလ ၃ ရက်နေ့က ပုသိမ်ကြီးမြို့နယ်ရှိ ဗျိုင်းရယ်တောင်သို့ တက်ရောက်ခဲ့သကဲ့သို့ ရတနာပုံတက္ကသိုလ်တွင် သဘာဝပတ်ဝန်းကျင်အရေး ဆောင်ရွက်နေသော University Clean and Green Association-UCGA နှင့်ပူးပေါင်းကာ တက္ကသိုလ်ပရိဝုဏ်အတွင်း အမှိုက်ကောက် သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း UCGA အသင်းထံမှ သိရသည်။

ရတနာပုံတက္ကသိုလ်ခြေလျင်တောင်တက်အသင်းကို ၂၀၀၁ ခုနှစ် ဇွန်လက စတင်ဖွဲ့စည်းခဲ့ရာ လက်ရှိတွင် အသင်းဝင် ကျောင်းသား၊ ကျောင်းသူ ၆၀၀ ဦးခန့်ရှိကာ မန္တလေးမြို့အနီးဝန်းကျင်ရှိ မြခနောက်တောင်၊ စိန်ခနောက်တောင်၊ ဗျိုင်းရယ်တောင်၊ ပြဒါးလင်းဂူ၊ ပြက္ခရွေ့တောင် စသည့်တောင်များကို တက်ရောက်ခဲ့ပြီးဖြစ်သည်။ ■

M-01

# မန္တလေးတက္ကသိုလ် ကျောင်းသားများ လုံခြုံရေးအသိအားနည်းဟု ဒုပါချုပ်ဆို

**မန္တလေး၊ ဖေဖော်ဝါရီ ၆**

မန္တလေးတက္ကသိုလ်တွင် ပညာသင်ယူနေသော ကျောင်းသားကျောင်းသူများ အနေနှင့် လုံခြုံရေးအသိအားနည်းနေသေးကြောင်း ယင်းတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်က ပြောကြားသည်။

တစ်ခုခုဖြစ်ပြီဆိုရင် လုံခြုံရေးအားနည်းတယ်ပဲ ပြောနေတယ်။ ကျောင်းသားတွေကရော စည်းကမ်းလိုက်နာရဲ့လား ပြန်ကြည့်ရမယ်။ ဘယ်သူမှ ကျောင်းသားကတ်မဆွဲကြဘူး။ စတစ်ကာတွေ မကပ်ကြဘူး။ ကျောင်းလုံခြုံရေးအတွက် တာဝန်ပေးထားပြီးသား။ အသေးစိတ်ကတော့ ချပြလို့မရဘူး" ဟု ၎င်းက ပြောဆိုသည်။

ကျောင်းလုံခြုံရေးအတွက် ဂိတ်စောင့်များ၊ ရဲတပ်ဖွဲ့လုံခြုံရေးများချထားပေးပြီးဖြစ်ကာ လုံခြုံမှုရှိစေရန် ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမဝန်ထမ်းများအားလုံး၏ မော်တော်ယာဉ်၊ ဆိုင်ကယ်များတွင် ကျောင်းအမှတ်တံဆိပ် စတစ်ကာကပ်ခြင်း၊ ကျောင်းသားကတ်များ ချိတ်ဆွဲဝင်ရောက်စေခြင်းတို့ လုပ်ဆောင်ပေးလျက်ရှိကြောင်း မန္တလေးတက္ကသိုလ်အသိုင်းအဝိုင်းထံမှ သိရသည်။

"တက္ကသိုလ်အနေနဲ့က လုံခြုံရေးဆောင်ရွက်ပေးနေတယ်ဆိုပေမယ့် ပြဿနာတစ်ခုခုဖြစ်တုန်းခဏပဲ ကြပ်ကြပ်မတ်မတ်လုပ်တယ်။ ပြီးရင် ဒီအတိုင်းပဲ။ ဒီမှာဆိုရင် ကျောင်းထဲမှာ ခိုးထိုးမှုဖြစ်တယ်။ ဆိုင်ကယ်ခဏခဏပျောက်တယ်။ ပုလင်းကွဲနဲ့ထောက်ပြီး ပစ္စည်းလုတယ်။ ဒါမျိုးတွေဖြစ်နေတာ" ဟု မန္တလေးတက္ကသိုလ်ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ ကိုကျော်ဝင်းစိန်က ပြောကြားသည်။

တက္ကသိုလ်တွင် ပညာသင်ယူနေသည့် ကျောင်းသားကျောင်းသူများအနေနှင့် ဆိုင်ကယ်ပျောက်ဆုံးခြင်း၊ ပစ္စည်းခိုးယူခံရခြင်းများ ကြုံတွေ့နေရသကဲ့သို့ ကျောင်းဝင်းအတွင်းသို့ လာရောက်လည်ပတ်သူများလည်း ယင်းပြဿနာနှင့် ကြုံနေရသည်ဟု သမဂ္ဂအဖွဲ့ဝင် အချို့ထံမှသိရသည်။

ကျောင်းလုံခြုံရေးအတွက် စတစ်ကာများ၊ ကျောင်းသားကတ်များဆွဲရန် ကျောင်းတာဝန်ရှိသူများက ညွှန်ကြားစာများ ထုတ်သော်လည်း တစ်လ နှစ်လခန့်သာ စစ်ဆေးမှုများလုပ်လေ့ရှိပြီး နောက်ပိုင်းတွင် စစ်ဆေးခြင်းမရှိတော့၍ ကျောင်းသားများအနေနှင့် ချိတ်ဆွဲခြင်းမရှိတော့ကြောင်း ကျောင်းသားများထံမှ သိရသည်။

လုံခြုံရေးတိုးမြှင့်ပေးရန်လိုအပ်နေ




မန္တလေးတက္ကသိုလ်ရှိ ဆိုင်ကယ်ရပ်နားရန်နေရာတွင် သတိပေးစတစ်ကာများ ကပ်ထားသည်ကိုတွေ့ရစဉ်

သည့်အတွက် ကျောင်းသားသမဂ္ဂအနေနှင့် ကျောင်းတာဝန်ရှိသူများနှင့် ညှိနှိုင်းကာ လုံခြုံရေး တိုးမြှင့်လုပ်ဆောင်ရန်ရှိကြောင်း ကျောင်းသားသမဂ္ဂအဖွဲ့ထံမှ သိရသည်။

မန္တလေးတက္ကသိုလ်တွင် ပြီးခဲ့သည့် ငါးလခန့်အတွင်း ဆိုင်ကယ် ၂၅ စီးခန့် ပျောက်ဆုံးခြင်း၊ ဆိုင်ကယ်တူးဘောက်အတွင်း ထည့်ထားသည့်ငွေများ ခိုးယူခံရခြင်းတို့အပြင် ညပိုင်းအချိန်များ၌ လက်ကိုင်ဖုန်းနှင့် ဆိုင်ကယ်များ လုယူခံရခြင်းများဖြစ်ခဲ့ကြောင်း ရဲမှတ်တမ်းများအရ သိရသည်။ ■

M-04

# ရွှေနန်းတော်ကျောင်းပြုပြင်မှု အစိုးရနှင့် အမေရိကန်သံအမတ်ကြီးများအဖွဲ့ သဘောထားကွဲ

**မန္တလေး၊ ဖေဖော်ဝါရီ ၆**

မြန်မာမှုအနုလက်ရာများကြောင့် စံပြုရမည့်ကျောင်းအဖြစ်သတ်မှတ်ထားသော ရွှေနန်းတော်ကျောင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် အလှူရှင်အမေရိကန်သံအမတ်ကြီးများအဖွဲ့တို့အကြား သဘောထားကွဲနေသည်။

အမေရိကန်သံအမတ်ကြီးများအဖွဲ့၏ လှူဒါန်းငွေဖြင့်ဆောင်ရွက်နေသော World Monuments Found အနေနှင့် ရွှေနန်းတော်ကျောင်းကိုပြုပြင်ထိန်းသိမ်းရာတွင် ဟောင်းနွမ်းဆွေးမြည့်နေသော တိုင်များကို အစားထိုးလဲလှယ်လိုပြီး ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနက စတီးပိုက်များဖြင့်ထောက်၍ ထိန်းသိမ်းလိုခြင်းကြောင့် သဘောထားကွဲလွဲနေခြင်းဖြစ်သည်။

"ကျွန်တော်တို့က ရှေးမူအတိုင်းမြေစိုက်တိုင်ထောင်ချင်တယ်။ ရှေးဟောင်းက စတီးပိုက်တွေထောက်ပြီး ထိန်းသိမ်းချင်တယ်။ မတူညီတဲ့ အတွေးအခေါ်တွေ အယူအဆပေါ့။ ကျွန်တော်ထင်ပါတယ်။ တိုင်အဟောင်းတွေရဲ့ဘေးမှာ စတီးပိုက်တွေနဲ့ထောက်ပြီး ထိန်းသိမ်းတယ်ဆိုတာ နိုင်ငံတကာက ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းတွေနဲ့ ကွဲလွဲနေတယ်။ ပုဂံလိုနေရာမျိုးမှာ စတီးပိုက်နဲ့ထောက်ပြီး ပြင်ခဲ့တာမျိုးပေါ့။ ဒီလိုလုပ်တာက ယာယီအဖြေထုတ်တာလို့ ယူဆတယ်။ ကျွန်တော်တို့အနေနဲ့ ကုန်းဘောင်ခေတ်မှာဆောက်ခဲ့တဲ့ကျောင်းကို ကုန်းဘောင်ခေတ် လက်ရာအတိုင်း မြေစိုက်ပြန်လုပ်မယ်။ ဒီအခါမှာ တိုင်ဆက်ဖို့ လိုလာပြီ။ တကယ်ပျက်စီးနေတဲ့တိုင်တွေကို တိုင်အသစ်နဲ့ပြန်ပြီး အစားထိုးဖို့ လိုမယ်" ဟု ရွှေနန်းတော်ကျောင်းကြီးကို ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နေသော World Monuments Found စီမံကိန်းဒါရိုက်တာ Jeffery Allen က ပြောကြားသည်။

ယင်းသို့ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် သဘောထား ကွဲလွဲနေသောကြောင့် ရွှေနန်းတော်ကျောင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ရှေ့ဆက်လုပ်သင့်မသင့်နှင့် ပတ်သက်ပြီး မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးနှင့်လည်း ဆွေးနွေးညှိနှိုင်းနေသည်ဟု ၎င်းက ပြောဆိုသည်။

ရွှေနန်းတော်ကျောင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို အမေရိကန်နိုင်ငံ သံအမတ်ကြီးများ ရန်ပုံငွေမှလှူဒါန်းငွေ အမေရိကန်ဒေါ်လာ ငါးသိန်းဖြင့် ၂၀၁၄ ခုနှစ်ကစတင် လုပ်ကိုင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၆ ဇွန်လတွင် ဘတ်ဂျက်ပြီးဆုံးခဲ့သဖြင့် ပုဂ္ဂလိကအလှူရှင်များ၏ လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ငါးသောင်းနီးပါးဖြင့် ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းနှစ် အောက်တိုဘာလအတွင်း ရန်ပုံငွေ ဒေါ်လာသုံးသိန်း ထပ်မံရရှိခဲ့သည့်အတွက် ဆက်လက်ပြင်ဆင်နေခြင်းဖြစ်ကြောင်း World Monuments Found ထံမှ သိရသည်။

"အဓိကတော့ တန်ဖိုးပေါ့။ သူတို့လဲထားတဲ့အသစ်အတိုင်းလိုချင်လား။ ရှေးမူမပျက်လိုချင်လားပေါ့။ အသစ်လဲရတာလွယ်တယ်။ ကျွန်တော်တို့ဘက်က ပညာရှင်တွေထောက်ပြတာကလည်း တိုင်အဟောင်းတွေအတိုင်းထားမယ်။ ထောက်လို့ရတာထောက်၊ ထောက်လို့မရတာကိုမှ ပြန်ဆက်ပေါ့။ အားလုံးအသစ်လဲဖို့တော့ မဖြစ်နိုင်ဘူး။ တန်ဖိုးချင်းကွာတယ်။ ဒီဘက်ကပညာရှင်တွေ ထောက်ပြတာက အဟောင်းအတိုင်းပဲ ပိုကောင်းတယ်။ လက်ရှိအတိုင်းလည်း လူအများကြီးတက်နေကြတာပဲ။ အင်ဂျင်နီယာအသင်းက အကြံပြုတာကလည်း ဒီအတိုင်းထားရင်တောင်မှ နှစ်အများကြီးခံမယ်။ ရှေးဟောင်းပစ္စည်းဆိုတာ အစားထိုးလို့မှ မရတာ။ လက်ရှိရွှေကျောင်းက ထိခိုက်ပျက်စီးနေတာမှမဟုတ်တာ။ ထိခိုက်ပျက်စီးတဲ့ ဆင့်တွေ၊ ထုပ်တန်းတွေ၊ ယက်မတွေ၊ ကြမ်းခင်းတွေပြင်လို့ရတယ်။ ဒါတွေလုပ်ဖို့ ကျွန်တော်တို့ခွင့်ပြုထားတယ်" ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ပြောကြားသည်။




**ရွှေကျောင်းရှိ တိုင်လုံးများကို World Monuments Found က ရှေးမူမပျက် အစားထိုးလဲလှယ်ထားသည်ကိုတွေ့ရစဉ်**

ရွှေကျောင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် အဓိကကြုံတွေ့နေရသည့်အခက်အခဲမှာ တိုင်လုံးများ ပြုပြင်လဲလှယ်သည့် ကိစ္စဖြစ်နေပြီး ဟောင်းနွမ်းနေသည့်တိုင်များကို အစားထိုးလဲလှယ်နိုင်ရန် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ အောက်တိုဘာလအတွင်းက တင်ပြထားခဲ့ပြီး လက်ရှိအချိန်ထိခွင့်ပြုခြင်းမရှိသေးကြောင်း Jeffery Allen က ထပ်လောင်းပြောဆိုသည်။

လက်ရှိတွင် နရားရုပ်ပြုပြင်ခြင်းလုပ်ငန်းများကိုသာ လုပ်ဆောင်နေပြီး ဝရန်တာကိုပြုပြင်မှုများ ပြုလုပ်နိုင်ရန်လိုအပ်သည့် ကြမ်းခင်း၊ ဆင့်၊ ယက်မများကို အမေရိကန်ဒေါ်လာလေးသောင်းဖိုးခန့် ဝယ်ယူထားပြီးဖြစ်ကြောင်း၊ ရှေးဟောင်းအဆောက်အအုံ ဆောက်လုပ်ခြင်းနည်းပညာကို နိုင်ငံတကာစံနှုန်းအတိုင်း လုပ်ဆောင်လျက်ရှိသောကြောင့် စတီးပိုက်ဖြင့်ထောက်ခြင်းကို လုံးဝလက်မခံကြောင်း၊ စတီးပိုက်၊ သံပိုက်များဖြင့် ထောက်၍ ဝရန်တာကိုပြုပြင်မည် မဟုတ်ကြောင်းလည်း Jeffery က ထပ်မံပြောကြားသည်။

ရွှေနန်းတော်ကျောင်းသည် အမိုးသုံးဆင့်၊ လယ်ပေါ်နှစ်ထပ်၊ စမြင်းပါသော ဇေတဝန်ဆောင်ဖြစ်ပြီး၊ ရှေးအစဉ်အလာ ဘုန်းကြီးကျောင်းများနှင့် တည်ဆောက်ပုံမတူဘဲ စနုဆောင်ကို နေကျော်တည်ဆောက်ထားကာ ကျောင်းဦးပြာသာဒ်နှင့် ဘောဂဆောင်မပါသော ကျောင်းကြီးဖြစ်ကြောင်း၊ ကျောင်းကြီးတစ်ဆောင်လုံးတွင် အရှေ့အနောက်တိုင် ၁၅ လုံးတန်းနှင့် တောင်မြောက်တိုင် ၁၀ လုံးတန်းရှိ၍ တိုင်ပေါင်း ၁၅၀ တိုင်၊ နရားရုပ်ထောက်တိုင် ၄၂ တိုင်နှင့်သရွတ်ကင်းအုတ်လှေကားငါးစင်းဖြင့် တည်ဆောက်ထားသော ကျောင်းကြီးဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန (မန္တလေးဌာနခွဲ) မှတ်တမ်းများအရ သိရသည်။

အဆိုပါရွှေနန်းတော်ကျောင်းကြီးသည် အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ မဟာအတုလဝိဇယာရာမတိုက် မဟာရံတံတိုင်း နှစ်ခုအကြား အရှေ့တောင်ထောင့်တွင်တည်ရှိသည်။

■ M-05




**ပုသိမ်ကြီးမြို့နယ်၊ လက်ကောင်းကျေးရွာဒေသခံတောင်သူ ဦးကျော်ဝင်းတို့ မိသားစုပိုင်ဆိုင်သော လယ်မြေ သုညဒသမ ၇၂ ဧကကို မြို့နယ်မြေစာရင်းဦးစီးဌာနက မြေကွက်နစ်ကွက်ဖော်ကာ အခြားသူများထံ ရောင်းချနေခြင်းနှင့်ပတ်သက်၍ နစ်နာသည်ဟုဆိုကာ မြေရှင်မိသားစုက မန္တလေးမြို့ မီဒီယာစင်တာ၌ ဖေဖော်ဝါရီလ ၆ ရက်နေ့ မွန်းလွဲပိုင်းက ရှင်းလင်းနေစဉ်။ အဆိုပါမြေသည် လယ်ယာမြေ လုပ်ကိုင်ခွင့် ပုံစံ ၇ ရရှိပြီးဖြစ်သည့်မြေဖြစ်ကြောင်း ယင်းမိသားစုက ပြောဆိုသည်။**

# မန္တလေးတွင် အခွန်ထမ်းအသစ် လေးသောင်းကျော်ဖော်ထုတ်

**မန္တလေး၊ ဖေဖော်ဝါရီ ၆**

မန္တလေးတိုင်းအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ အခွန်ရှောင်မှုများမရှိစေရန်နှင့် အခွန်ထမ်းအသစ်များဖော်ထုတ်လျက်ရှိရာ အခွန်ထမ်းအသစ် လေးသောင်းကျော်ဖော်ထုတ်နိုင်ခဲ့ကြောင်း မန္တလေးတိုင်းအခွန်ဦးစီးဌာနထံမှ သိရသည်။

အခွန်ထမ်းသစ်ဖော်ထုတ်ရေးလုပ်ငန်းများကို မန္တလေးတိုင်းအစိုးရ၏ ဦးဆောင်မှုဖြင့် ၂၀၁၇ ခုနှစ် စက်တင်ဘာလအတွင်းက စတင်ခဲ့ပြီး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းလုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ စက်တင်ဘာလတတိယပတ်မှ ဇန်နဝါရီလကုန်အထိ အခွန်ထမ်းသစ် လေးသောင်းကျော်ဖော်ထုတ်နိုင်ခဲ့ပြီး နှစ်သောင်းခန့်မှာ အခွန်စည်းကြပ်မှု ခံယူထားပြီးဖြစ်ကြောင်း မန္တလေးတိုင်းအခွန်ဦးစီးဌာနမှအရာရှိတစ်ဦးက ပြောကြားသည်။

"အခွန်ငွေ ဘယ်လောက်ရတယ်ဆိုတာကတော့ အခွန်ထမ်းသစ်ဖြစ်တာကြောင့် မှန်းလို့မရဘူး။ အခွန်ထမ်းအသစ်တွေဆီကနေ ကုန်သွယ်ခွန်က ဘယ်လောက်ရတယ်၊ ဝင်ငွေခွန်က ဘယ်လောက်ရတယ်ဆိုတာ နှစ်ကုန်စာရင်းချုပ်မှ သိနိုင်မယ်။ အခုက ဖော်ထုတ်တာပဲရှိတယ်။ လုပ်ငန်းကြီးရင် အခွန်ရတဲ့ပမာဏများမယ်၊ လုပ်ငန်းသေးရင် နည်းမယ်" ဟု ၎င်းကရှင်းပြသည်။

မန္တလေးတိုင်းအနေနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အခွန်ငွေကျပ် ၁၈၉ ဘီလီယံရရှိမည်ဟု လျာထားပြီး လက်ရှိအချိန်ထိ ကျပ် ၈၃ ဘီလီယံကျော်ရရှိထားပြီဖြစ်ကြောင်း မန္တလေးတိုင်းအခွန်ဦးစီးဌာနရှိစာရင်းများအရ သိရသည်။

■ M-05

# မြန်မာ - ဘင်္ဂလားဒေ့ရှ်နယ်စပ်ခြံစည်းရိုးမှ အပေါက်များ ပြုပြင်

ရန်ကုန်၊ ဖေဖော်ဝါရီ ၆

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ခြံစည်းတွင်ကျန်ရှိသည့် မိုင် ၄၀ ကို သံဆူးကြိုးကာရံရေးအတွက် လမ်းဖောက်လုပ်မှုများကနဦးဆောင်ရွက်နေပြီး ယခင်ကာရံထားသော ခြံစည်းရိုး မိုင် ၁၃၀ မှ ပျက်စီးနေသည့်သံဆူးကြိုးနေရာများကိုလည်း ပြန်လည်စိစစ်၍ပြုပြင်လျက်ရှိကြောင်း အမှတ် (၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ်မှ **ဒုတိယကွပ်ကဲ**ရေးမှူးချုပ် ရဲမှူးကြီး ဗညားဦးက ပြောကြားသည်။

"အဲဒါ တပ်က ဆောင်ရွက်နေတာ။ ကျွန်တော်တို့က လှည့်ကင်းသွားတယ်၊ ပေါက်တယ်ဆို ဘယ်နေရာ ပေါက်နေတယ်၊ ဒါတွေပြန်ဖာပေးပါဆိုပြီးတော့ အဲဒီလောက်ပဲပြောတာဗျ။ နိုင်ငံတော် ပရောဂျက်ဖြစ်တော့ အုပ်ချုပ်ရေးပိုင်းကပဲ သေချာသိမယ်။ ကျွန်တော်တို့က ပုံမှန်ခြံစည်းရိုးလှည့်ကင်းလုပ်ရတာပဲရှိတယ်" ဟု ၎င်းက ဆိုသည်။

သို့သော် ခြံစည်းရိုးကာရံမှုနှင့် ပြင်ဆင်မှုအခြေအနေတို့ကို မသိရှိကြောင်း၊ နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ်အနေဖြင့် နယ်စပ်တစ်လျှောက် လုံခြုံရေးလမ်းကြောင်းများကို တပ်မတော်နှင့် ပူးပေါင်း၍ လုံခြုံရေးယူလျက်ရှိကြောင်း ရဲမှူးကြီးက ဆက်လက်ဖြေကြားသည်။

အဆိုပါ နယ်စပ်ခြံစည်းရိုးကာရံမှုအစီအစဉ်မှာ အများပြည်သူအလုပ်မဝေးသည့်နေရာများဖြစ်ပြီး တာဝန်ယူဆောင်ရွက်နေသော ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ပေးမှသာ ပြည်သူက သိရှိရမည်ဖြစ်ကြောင်း မောင်တောမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ဝင်းက ပြောဆိုသည်။

"ခြံစည်းရိုး အသစ်ကာရံမယ့်ကိစ္စက မြေပြင်အနေအထား မရောက်တော့မပြောနိုင်သေးဘူး။ သဘာဝဘေးကြောင့် ပျက်စီးတဲ့ အရင်ခြံစည်းရိုးတော့ ပြုပြင်တာနည်းနည်းရှိတယ်" ဟု ၎င်းက ဆိုသည်။

နယ်စပ်ခြံစည်းရိုး ပျက်စီးမှုများ ပြုပြင်ခြင်း၊ ကျန်ရှိသည့်နေရာများကို အမြန်ဆုံး ခြံစည်းရိုးကာရံသည့်လုပ်ငန်းများသည် ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုက်ရိုက်သက်ဆိုင်ခြင်းကြောင့် အဆိုပါဝန်ကြီးဌာနသို့ အတည်ပြု မေးမြန်းနိုင်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြောကြားသည်။

လက်ရှိတွင် နယ်စပ်ခြံစည်းကာရံရေးအတွက် အစိုးရက ပြည်ထဲရေးဝန်ကြီးဌာနမှတစ်ဆင့် လုပ်ငန်းဆောင်ရွက်မည့် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးသို့ ပထမအဆင့်ငွေကျပ်ဘီလီယံ ၂၀ လက်ငင်းဖြည့်ဆည်းပေးထားပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ရန်ပုံငွေအရ ငွေကျပ် ၆ ဘီလီယံအပြင် ဖြည့်စွက်သုံးစွဲရန် ငွေကျပ် ၂ ဘီလီယံ ပေးထားကြောင်း နိုင်ငံတော်သမ္မတရုံးက ထုတ်ပြန်ထားသည်။

သို့သော် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ဘင်္ဂလားဒေ့ရှ်-မြန်မာနယ်စပ် Shahpori ကျွန်းမှ မိုင် ၁၇၀ ရှည်သော ပတ်လမ်းတစ်ခုနှင့် သံဆူးကြိုးခတ်ကာ ခြံစည်းရိုးကာရံရန်စီစဉ်နေကြောင်း၊ နယ်စပ်လမ်းကြောင်းရှိ တရားမဝင် မူးယစ်ဆေးဝါး မှောင်ခိုပြဿနာနှင့် ရာဇဝတ်ပြစ်မှုတို့ကို တားဆီးရန် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဖေဖော်ဝါရီလ ၄ ရက်တွင် ဘင်္ဂလားဒေ့ရှ်ပြည်ထဲရေးဝန်ကြီး Asaduzzaman Khan က ပြောကြားကြောင်း နိုင်ငံတကာမီဒီယာအချို့က ရေးသားထားသည်။ ■ J-17

The VOICE Daily

CARTOON




ကြော်ငြာကိစ္စ

ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

## ကုသိုလ်လမ်းညွှန်

The Voice စာဖတ်ပရိသတ်တွေ ကုသိုလ်ပြုနိုင်ဖို့ လမ်းညွှန်ပေးချင်တာကတော့ စာပေအလှူပြုနိုင်ဖို့ပါ။ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်မှာရှိတဲ့ YGW မိဘမဲ့ကျောင်းမှာ စာကြည့်တိုက်တည်ထောင်ဖို့အတွက် စာအုပ်တွေကို တတ်အားသရွေ့ ပါဝင်လှူဒါန်းနိုင်မှာပါ။ မိဘမဲ့ကျောင်းမှာ အရွယ်စုံ ကျောင်းသားကျောင်းသူတွေ စာပေဖတ်ရှုဖို့အတွက်ဖြစ်ပြီး အသေးစိတ် သိလိုတယ်၊ ဆက်သွယ်စုံစမ်းလှူဒါန်းလိုတယ်ဆိုရင် YGW မိဘမဲ့ကျောင်း တပ်ပုဗ္ဗလမ်း၊ လယ်သာရွာအနောက်ဘက် ဖုန်း ၀၉ ၄၅၅၆ ၂၀၂၂ ကို ဆက်သွယ်စုံစမ်းလှူဒါန်း နိုင်ပါတယ်။ ■




## ဈေးဝယ်လမ်းညွှန်

### ဆန်နဲ့ လုပ်ထားလို့ အသားအရေကို ဖြူဝင်းစေတယ်ဆိုတဲ့ Mask

အသားအရေလှပတယ်ဆိုရင် မိတ်ကပ်မလိမ်းဘဲနဲ့လည်း ကြည့်ကောင်းနေတာမို့ ခုနောက်ပိုင်း Skincare ကို ဂရုတစိုက်ထိန်းသိမ်းလာကြသူတွေ အတော်များလာပါပြီ။ အခုညွှန်ပေးချင်တာကတော့ ဂျပန်နိုင်ငံထုတ် ဆန်နဲ့ပြုလုပ်ထားတဲ့ Mask လေးကိုပါ။ ဂျပန်နိုင်ငံထုတ် Mask လေးဖြစ်ပြီ ဆန်အပြင် ဗီတာမင်စီနဲ့ Collagen လည်းပါတာမို့ တင်းတိပ်၊ အမည်းစက်နဲ့ ဝက်ခြံတွေကို သက်သာစေမယ်လို့ ရောင်းချသူက အာမခံစကား ဆိုထားပါတယ်။ တစ်ရက်ခြား တစ်ခါလောက်ကပ်ပေးရင် ပိုသိသာစေမှာဖြစ်ပြီး မျက်နှာအရေးအကြောင်းတွေကိုပါ သက်သာစေတယ်လို့ ဆိုပါတယ်။ ဈေးနှုန်းက အချပ် ၄၀ ပါ တစ်ထုပ်ကို ၃၅၀၀၀ ကျပ် ကျသင့်မှာပါ။ ဝယ်ယူလိုတယ်ဆိုရင် Made In Japan Product အမှတ် ၂၄၊ မြေညီထပ်၊ ၁၄၆ လမ်း၊ တာမွေ၊ ဖုန်း ၀၉ ၇၇၇၃၃၃၁၄၆၊ ၀၉ ၂၅၄၅၄၅၂၅၅ ကိုဆက်သွယ်နိုင်ပါတယ်။ ■




ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃




**ရန်ကုန်** တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်တရားရုံး၌ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ဦးကိုနီ နှင့် ဦးနေဝင်းတို့ သေနတ်ပစ်အသတ်ခံရမှုနှင့် ပတ်သက်၍ ကြည်လင်း (ခ) ဖိုးထူး၊ အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အောင်ဝင်းထွန်းတို့ကို ရာဇသတ်ကြီးပုဒ်မ ၃၀၂/ ၃၄/ ၁၁၄ ဖြင့် စစ်ဆေးနေသည်မှာ ယခုဆိုလျှင် တစ်နှစ်တင်းတင်းပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ထိုအမှုအတွက် တရားစွဲဆိုမှုရုံးချိန်း ၄၂ ချိန်းအပြီး ရုံးတော်က စွဲချက်တင်သင့်၊ မတင်သင့် အမိန့်ချရန်တစ်ပတ်အလိုတွင် အမျိုးသားလုပ်ရှားသူအမည်ခံ လေးဦးတို့က ဖေဖော်ဝါရီ ၂ ရက်နေ့တွင် တရားရုံးသို့လာရောက်ပြီး လက်ညှိုးထိုးနေပုံနှင့် ‘မင်းတို့ထမင်းဝအောင်စားထား’ စာတန်းပါအင်္ကျီဝတ်ဆင်ခြင်း၊ ကြည်လင်းနှင့်အပေါင်းအပါများကို အားပေးခြင်း ပြုလုပ်ခဲ့ကြသည်။ ထိုကဲ့သို့ပြုလုပ်ခြင်းသည် လက်ရှိထိုအမှုကို တရားစီရင်နေသော တရားရုံးရှိ တရားရေးဝန်ထမ်းများနှင့် ဥပဒေကို လေးစားလိုက်နာကာ ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်ချင်နေကြသော အများပြည်သူများကို စိတ်မသက်မသာစရာဖြစ်စေခဲ့ကြသည်ဟု လူမှုကွန်ရက်အင်တာနက်စာမျက်နှာများထက်တွင်တွေ့ရသည်။

အမှန်ဆိုလျှင် တရားရုံးများတွင် တရားစီရင်ရေးကိစ္စများနှင့်ပတ်သက်ပြီး ယခုလို ဆောင်ရွက်ချက်မျိုးများရှိလာပါက ပြုလုပ်လာသူများကို ထိထိရောက်ရောက်အရေးယူရန် ဥပဒေတစ်ရပ်ရှိသည်။ ထိုဥပဒေမှာ ယခင်အစိုးရလက်ထက် ပထမအကြိမ်လွှတ်တော်သက်တမ်းကာလ ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကိုယ်တိုင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၇/ ၂၀၁၃) ဖြင့် လက်မှတ်ရေးထိုးထုတ်ပြန်ထားသော ‘တရားရုံးများကို မထီမဲ့မြင်ပြုမှုဥပဒေ’ ပင် ဖြစ်သည်။ ထိုဥပဒေထုတ်ပြန်ရခြင်းမှာ ‘တရားရုံးများ၏ မှန်ကန်လွတ်လပ်စွာ တရားစီရင်ရေး၊ တရားရုံးများ၏ဂုဏ်သိက္ခာနှင့် အများပြည်သူ ယုံကြည်ကိုးစားမှုကို မထိခိုက်စေရေးတို့အတွက် အဆိုပါဥပဒေကို ရေးဆွဲပြဋ္ဌာန်းခဲ့ရခြင်းဖြစ်သည်ဟု ဥပဒေ၏အစ နိဒါန်းတွင်ပင် ဖော်ပြထားသည်။

ထိုဥပဒေ၏ ပုဒ်မ ၂၊ ပုဒ်မ (ဂ) တွင် တရားမဆိုင်ရာ မထီမဲ့မြင်ပြုမှုဆိုသည်ကို တရားရုံးကချမှတ်သော စီရင်ချက်၊ ဒီကရီ၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် ထုတ်ဆင့်သောဆင့်စာကို တမင်သက်သက် မလိုက်နာခြင်းကို ဆိုသည်ဟု ဖော်ပြထားသည်။ ထို့အပြင် အဓိကကျသည့် ပြစ်မှုဆိုင်ရာ မထီမဲ့မြင်ပြုမှုဆိုသည်ကို ‘အောက်ပါ အပြုအမူတစ်ခုခုအတွက် အကြောင်းအရာတစ်ရပ်ရပ်ကို နှုတ်ဖြင့်ဖြစ်စေ၊ ထင်ရှားသောပုံသဏ္ဌာန်ဖြင့်ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ၊ တမင်ထုတ်ဖော်ကြေညာခြင်း၊ သတင်းအဖြစ်ရေးသားဖော်ပြခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်းကို ဆိုသည်-

(၁) တရားရုံး၏ဥပဒေအရ အပ်နှင်းထားသော အခွင့်အာဏာကို သေးသိမ်စေခြင်း သို့မဟုတ် သေးသိမ်ရန်ဖြစ်စေခြင်း၊ (၂) တရားစီရင်သော မှုခင်းကိစ္စတွင် ဖြောင့်မတ်စွာဆောင်ရွက်မှုကို ထိခိုက်စေခြင်း၊ စွက်ဖက်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း၊ (၃) မှန်ကန်လွတ်လပ်စွာ တရားစီရင်ရေးအပေါ်အများပြည်သူက ယုံကြည်ကိုးစားမှု လျော့နည်းစေရန် တစ်နည်းနည်းဖြင့်ပြုလုပ်ခြင်း၊ (၄) တရားရုံးက ဆုံးဖြတ်ရန်ရှိသောအချက်များကို တစ်စုံတစ်ရာ အဆုံးအဖြတ် မပေးရသေးမီ ကြိုတင်ဝေဖန်ပြောဆိုခြင်း၊ ရေးသားဖော်ပြခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်းဖြန့်ချိခြင်းတို့ပါဝင်ကြောင်း ပုဒ်မခွဲ (ဃ) တွင် ဖော်ပြထားရှိသည်။

ထိုပုဒ်မ ၂၊ ပုဒ်မခွဲ (ဃ) တို့ပါ ပြစ်မှုကို ကျူးလွန်လာပါက အဆိုပါ ဥပဒေ၏ အခန်း (၄) ပြစ်မှုနှင့်ပြစ်ဒဏ်များ အခန်းတွင် ပုဒ်မ ၁၀ ဖြင့် ‘မည်သူမဆို တရားရုံးကို ပြစ်မှုဆိုင်ရာမထီမဲ့မြင် ပြုမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ခြောက်လထက်မပိုသော အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်ဟု ဖော်ပြထားသည်။ ထို့အပြင် ရာဇသတ်ကြီး၏ အခန်း (၂၂)၊ ရာဇဝတ်မကင်းသောခြောက်လှန့်မှု၊ စော်ကားမှုနှင့် စိတ်ငြိုငြင်စေမှု အခန်းပါ ပုဒ်မ ၅၀၅ နှင့် ပုဒ်မ ၅၀၆ တို့အရဆိုလျှင် ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နှစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟုလည်း ပြဋ္ဌာန်းပါရှိသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုပုဒ်မတွင် ဖော်ပြထားသည်မှာ ‘အများပြည်သူကိုသော်လည်းကောင်း၊ အများပြည်သူ၏ သီးခြားလူစုကိုသော်လည်းကောင်း ကြောက်ခြင်း၊ ထိတ်လန့်ခြင်း တစ်ခုခုဖြစ်စေရန် အကြံရှိလျှင် သို့တည်းမဟုတ် ထိုသို့ဖြစ်စေတန်ရာသည့်အကြောင်းရှိလျှင်၊ သို့တည်းမဟုတ် လူအမျိုးအစား အချင်းချင်းဖြစ်စေ၊ လူမျိုးစုအချင်းချင်းကိုဖြစ်စေ တစ်ဖက်နှင့်တစ်ဖက် ပြစ်မှုကျူးလွန်အောင် လှုံ့ဆော်ရန်အကြံရှိလျှင် သို့တည်းမဟုတ် အဆိုပါလှုံ့ဆော်ခြင်းကို ဖြစ်စေတန်ရာသည့်အကြောင်းရှိလျှင်’ ဟု ဖော်ပြထားရှိသည်ကို တွေ့ရသည်။

တရားစီရင်ရေးလောကတွင် ‘ဥပဒေများဆိုသည်မှာ အကြောင်းမဲ့ပြဋ္ဌာန်းခြင်းမဟုတ်သကဲ့သို့ အကြောင်းမဲ့လိုက်နာစေခြင်းလည်းမဟုတ် (The Law does nothing in vain and commends nothing in vain)’ ဟူသော လက်ကိုင်ဆောင်ပုဒ်ရှိသကဲ့သို့ ‘အပြစ်ရှိသူကို ကင်းလွတ်ခွင့်ပြုပါက အပြစ်မဲ့သူကို အပြစ်ပေးရာရောက်သည် (A Person who spares the guilty punishes the innocent’ ဟူသော ဆောင်ပုဒ်လည်းရှိသည်ကို သတိ ထားကြရမည်ဖြစ်သည်။

အမှန်ဆိုလျှင် ထိုသူများ လာရောက်ဝန်းရံအားပေးသူ အမှုမှာ ဘုရားခိုးမှုဖြင့် ထောင်နှစ်ရှည်ကျရာမှ နိုင်ငံတော်သမ္မတ၏လွတ်ငြိမ်းခွင့်

**၎င်းတို့ဆိုလိုသည့် ထမင်းဝအောင်စားထားဆိုသည်မှာ ထိုအမှုကို စစ်ဆေးနေကြသည့် တရားသူကြီးများကိုပင် ဆိုလိုသည်လား၊ အစိုးရရှေ့နေများကိုပင် ဆိုလိုသည်လား၊ သို့တည်းမဟုတ် တရားလိုဘက်မှ လိုက်ပါအမှုလိုက်ပေးနေသည့် ရှေ့နေများကိုဆိုချင်နေသည်များလား၊ ဒါမှမဟုတ် ဥပဒေကိုလေးစားပြီး အမှန်ကိုအမှန်အတိုင်း ဖြစ်စေချင်ကြသည့်ပြည်သူများကို ပြောချင်သည်များဆိုသည်ကို တိတိကျကျ သေချာစွာမပြောနိုင် . . .**

ဖြင့်လွတ်လာပြီး နိုင်ငံ့မျက်နှာစာဖြစ်သည့် ရန်ကုန်နိုင်ငံတကာလေဆိပ် လူမြင်ကွင်းတွင် လူသတ်မှုကိုထပ်မံကျူးလွန်သော ကြည်လင်းနှင့် အပေါင်းအပါ ဒုစရိုက်သမားများကို စစ်ဆေးစီရင်နေသည့်ကိစ္စဖြစ်သည်ကို အားလုံးသိပြီးဖြစ်ကြသည်။

ထို့အပြင် ထိုအမှုကိုစစ်ဆေးစီရင်နေသောတရားရုံးရှေ့လာပြီး ‘ထမင်းဝအောင်စားထား’ ဟု စာတန်းပါ အင်္ကျီဝတ်ဆင်လာသူများကိုဥပဒေအရ အရေးယူ ဆောင်ရွက်စေရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရှေ့နေများအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်း(မြင်းခြံ)က ဆိုထားခဲ့သည်။

၎င်းတို့ဆိုလိုသည့် ထမင်းဝအောင်စားထားဆိုသည်မှာ ထိုအမှုကို စစ်ဆေးနေကြသည့် တရားသူကြီးများကိုပင် ဆိုလိုသည်လား၊ အစိုးရရှေ့နေများကိုပင် ဆိုလိုသည်လား၊ သို့တည်းမဟုတ် တရားလိုဘက်မှ လိုက်ပါအမှုလိုက်ပေးနေသည့် ရှေ့နေများကိုဆိုချင်နေသည်များလား၊ ဒါမှမဟုတ် ဥပဒေကိုလေးစားပြီး အမှန်ကိုအမှန်အတိုင်း ဖြစ်စေချင်ကြသည့်ပြည်သူများကို ပြောချင်သည်များဆိုသည်ကို တိတိကျကျ သေချာစွာမပြောနိုင်သော်လည်း အဓိကအားဖြင့် ထိုအပြုအမူသည် တရားရုံးကို တိုက်ရိုက်ထိခိုက်စေကာ တရားစီရင်ရေးမဏ္ဍိုင်၏ပုံရိပ်နှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေကြသည့် နိုင်ငံ့ဝန်ထမ်းများ၏ သိက္ခာတရားကို စွန်းထင်းစေသည်တော့ အမှန်ပင်ဖြစ်သည်ဟု နိုင်ငံ့အရေးလေ့လာသူများက ဆိုခဲ့ကြသည်။

ထိုလူတစ်စု၏အပြုအမူကိုဥပဒေကိုလေးစားတန်ဖိုးထားပြီး ပြည်သူများအကျိုးအတွက် ဆောင်ရွက်နေကြသည့် မြန်မာမီဒီယာရှေ့နေများကွန်ရက်၊ ရန်ကုန်ရှေ့နေအသင်း၊ မြန်မာနိုင်ငံရှေ့နေများအသင်း၊ မြန်မာနိုင်ငံ လွတ်လပ်သော ရှေ့နေများအသင်းနှင့် မြန်မာနိုင်ငံ ဥပဒေတွဲ့ရသူများအသင်းတို့က ကန့်ကွက်ကြောင်း ကြေညာချက်တစ်စောင်ကိုထုတ်ပြန်ခဲ့ကြောင်းလည်း မြင်ရပြန်သည်။ ထိုသို့ကန့်ကွက်ရခြင်းမှာ ထိုသို့ပြုလုပ်ကြခြင်းသည် လူသတ်မှုကျူးလွန်သူများကို အားပေးရာရောက်သည့်အပြင် လွတ်လပ်စွာစီရင်နေသည့် တရားစီရင်ရေးကို အနှောင့်အယှက် အဟန့်အတားပြုရာရောက်သည့်အတွက် ကန့်ကွက်ရခြင်းဖြစ်ကြောင်း၊ ထိုပြုမူချက်သည် မှန်ကန်စွာ စီရင်ရမည့် တရားဥပဒေလမ်းကြောင်းကို တိမ်းစောင်းစေခြင်း၊ တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေခြင်း၊ ပြည်သူလူထုကြား ပဋိပက္ခကို ဖော်ဆောင်ခြင်း၊ အမှုစစ်နေသူများအားလုံးကို မလေးမခန့် သြဇာ အင်အားပြ ပြုလုပ်ရာရောက်ပြီး တိုင်းပြည် မငြိမ်မသက်ဖြစ်စေရန် အစီအစဉ်ရှိရှိ ကြံစည်လုပ်ဆောင်ခြင်းဖြစ်ကြောင်း ယင်းကြေညာချက်တွင် ဖော်ပြခဲ့သည်။

ထို့အပြင် ဒီလိုပြုမူမှုအပေါ် ‘ကိုယ်ပိုင်ယဉ်ကျေးမှုစံနှုန်းတွေ၊ ရင်းနှီးဖော်ရွေ၊ ခင်မင်နှစ်လိုဖွယ် လူမှုဆက်ဆံရေးတွေ၊ ရိုင်းပင်း၊ ကူညီ၊ စာနာ၊ ထောက်ထားတတ်တဲ့စရိုက်သဘာဝတွေကိုကိုယ့်ဘာသာ ဂုဏ်ယူဝင့်ကြွား၊ တလေးတစားရှိလာခဲ့တဲ့ မြန်မာ့လူ့အဖွဲ့အစည်းမှာ ဒီလိုအဖြစ်အပျက်ကသိပ်ကို အရုပ်ဆိုးလွန်းတယ်။ အင်မတန်ကို စစ်မှန်တဲ့ ထေရဝါဒ ဗုဒ္ဓဘာသာ အဆုံးအမတွေကို ဆက်ခံယုံကြည် ကိုးကွယ်လာခဲ့ကြတယ်လို့ ယုံကြည်နေကြတဲ့ မြန်မာလူ့အဖွဲ့အစည်းမှာ လူသိရှင်ကြား၊ နိုင်ငံသိ၊ ကမ္ဘာသိ တုန်လှုပ်ချောက်ချားဖွယ် သတ်ဖြတ်လုပ်ကြံထားတဲ့သူတစ်ယောက်ကို ပေါ်ပေါ်တင်တင် ဝန်းရံထောက်ခံတယ်ဆိုတာ အံ့သြတုန်လှုပ်စရာကောင်းတယ်။ ပိုဆိုးတာက ပြစ်မှုကျူးလွန်သူတွေကို စစ်ဆေး၊ စီရင်ချက်ချပေးတဲ့ တရားရုံးလိုနေရာမျိုးမှာ ဒီလို လူသတ်တရားခံတစ်ယောက်ကို မျက်နှာပြောင်ပြောင်နဲ့လာပြီး ဝန်းရံအားပေးတယ်ဆိုတာ တော်ရုံတန်ရုံမဟုတ်ဘူး။ ဒီလိုထောက်ခံသူတွေရဲ့နောက်ကွယ်မှာ ဘယ်လောက် အင်အားကြီးတဲ့သူတွေ ရှိနေသလဲဆိုတာ စောကြောစရာဖြစ်နေတယ်’ ဟုပင် ဖေဖော်ဝါရီလ ၄ ရက်နေ့ထုတ် The Voice Daily သတင်းစာ အယ်ဒီတာ့အာဘော်တွင် ဖော်ပြထားသည်ကို ဖတ်ရသည်။

သို့အတွက် အချုပ်အားဖြင့်တင်ပြရလျှင် ယနေ့အချိန်အခါသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာသည့် ပါတီစုံဒီမိုကရေစီစနစ်နှင့်အညီ နိုင်ငံ့ရေးရာအဖြာဖြာနှင့် အခြားသော ကိစ္စရပ်တိုင်းသည် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးထုပ်နည်းနှင့် စည်းမျဉ်းစည်းကမ်းများအတိုင်းသာ သွားလာလုပ်ကိုင်နေကြရသည်ဖြစ်ရာ ယခုလို ဥပဒေကို ကျော်လွန်သည့်လုပ်ရပ်မျိုးကိုလည်း ပြည်သူအများစုက လက်မခံနိုင်ကြတော့ပေ။ ထိုသို့လုပ်ကိုင်ဆောင်ရွက်ကြသည့် လူများကိုလည်း ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း ထိထိရောက်ရောက် အရေးယူ အပြစ်ပေးကြရန်လည်း ပြည်သူအများစုက လိုလားနေကြပြီး ခေတ်ကာလအဆက်ဆက် ကြုံခဲ့ရသည့်သူများဖြစ်၍လည်း ငြိမ်းငြိမ်းချမ်းချမ်းနေချင်ကြသည်က များကြသည်။ သို့အတွက် ယခုလို ခြိမ်းခြောက်မှု အသုံးအနှုန်းပါသော အပြုအမူ ဖော်ပြချက်များဖြင့် တရားရုံးသို့တိုင် လာရောက်ကြခြင်းသည် ဥပဒေပါပြဋ္ဌာန်းချက်များအရဆိုလျှင် တရားရုံးများကို ပြစ်မှုပိုင်းဆိုင်ရာ မထီမဲ့မြင်ပြုမှု ကျူးလွန်ရာရောက်ခြင်းဖြစ်သည့်အတွက် ပြဋ္ဌာန်းဥပဒေအတိုင်းသာ အစိုးရတာဝန်ရှိသူများက အရေးယူဆောင်ရွက်ကြရေး ပြည်သူအများက လိုလားလျက်ရှိနေပါကြောင်း ရေးသားလိုက်ရပါသည်။

■ **အောင်ဇေယျ**




## ရသေ့တောင်သို့ အဝင်

မြစ်အောက်ပိုင်းသို့ ချဉ်းကပ်လာသည်နှင့် မေယုက တဖြည်းဖြည်း ကျယ်လာသည်။ အချို့နေရာများတွင် ကမ်းတစ်ဖက်နှင့် တစ်ဖက် ၅ မိုင် လောက်ကျယ်သည်။ ကမ်းစပ်ကို မမြင်ရ။ ပင်လယ်ထဲ ခရီးသွားနေရသလို မျိုးဖြစ်သည်။ အမြန်ရေယာဉ်ငယ် (Speed Boat) က တစ်နာရီ မိုင် လေးဆယ်နီးပါးလောက် မြန်သည်။ လှစ်ခနဲ လှစ်ခနဲ မြစ်ကမ်းဝဲယာကို ကျော်ဖြတ်နေသည်။ လမ်းတွင် တံငါလှေတချို့ကလွဲပြီး ခရီးသည်တင်သင်္ဘော မတွေ့ရသလောက်ဖြစ်သည်။ ကျွန်တော်တို့ သတင်းမီဒီယာအဖွဲ့အတွက် သီးသန့်အစီအစဉ်ဖြင့် ဤ Speed Boat တွေကို ငှားရမ်းထားတာဖြစ်ပြီး အလွန်ဈေးကြီးသည်။ ဘူးသီးတောင်မှ စစ်တွေအထိ Speed Boat တစ်စင်းလျှင် ကျပ် ၇ သိန်းပေးငှားရသည်ဟု သိရသည်။ Golden River Express ဟု အမည်ပေးထားသည့် ဤအမြန်ရေယာဉ်ကုမ္ပဏီက စစ်တွေ အခြေစိုက်ဖြစ်သည်။ များသောအားဖြင့် ဘူးသီးတောင်၊ မောင်တော ဒေသသို့ လာရောက်တာဝန်ထမ်းဆောင်ကြသည့် နိုင်ငံတကာ INGO အဖွဲ့အစည်းတွေကသာ ငှားရမ်းလေ့ရှိသည်။

“ဒီနှစ်မှာ အရင်လောက် အလုပ်မဖြစ်ဘူး။ နားနေရတာကြာပြီ။ အရေးအခင်း မဖြစ်ခင်ကတော့ နိုင်ငံခြားအဖွဲ့အစည်းတွေလာရင် ငှားကြတယ်။ ဒီနှစ် အလုပ်မဖြစ်ဘူး” ဟု စပိဘုတ်မောင်းသော လူငယ်လေးက ရှင်းပြသည်။

ငှားရမ်းခဈေးကြီးသော်လည်း သူတို့အနေနှင့် တွက်ခြေမကိုက်လှ ဟုလည်းဆိုသည်။ “ဓာတ်ဆီဖိုးနုတ်လိုက်ရင် သိပ်မကျန်ဘူး။ ဆီတအား စားတယ်။ တစ်နှစ်လောက်မောင်းပြီးရင် အင်ဂျင်ကျသွားရော” ဟု ဆိုသည်။ ငွေကြေးတတ်နိုင်သော နိုင်ငံတကာအဖွဲ့အစည်းတွေအတွက်တော့ တန်သည်။ ဒီမှာက ၂၀၁၂ ခုနှစ် ရခိုင်ပဋိပက္ခဖြစ်ပြီးကတည်းက UNHCR အပါအဝင် နိုင်ငံတကာ အကူအညီပေးရေးအဖွဲ့အစည်းတွေ ခြေချင်းလိမ်နေသည်။

ဘူးသီးတောင်နှင့် စစ်တွေက မိုင် ၈၀ လောက်ဝေးပြီး ထိုခရီးကို အမြန်ရေယာဉ်ငယ်နှင့်ဆိုလျှင် နှစ်နာရီ သုံးနာရီအတွင်း ရောက်သည်။

မေယုမြစ်ကို စုန်ဆင်းဖြတ်သန်းခိုက် ဤဒေသ၏ လမ်းပန်းဆက် သွယ်ရေးအကြောင်းကို စဉ်းစားနေမိသည်။ ယခုချိန်ထိ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်များမှာ ရေကြောင်းခရီးကိုသာ အဓိက အားကိုးနေရ ဆဲဖြစ်သည်။ တစ်ချိန်က ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိမြို့များ ရေကြောင်း တစ်ခုတည်း အားကိုးသွားလာခဲ့ရသလိုမျိုး ဤဒေသမှာ ခရီးသည်တင်အမြန် ရေယာဉ်နှင့် နှစ်ထပ်သင်္ဘောတွေကို အသုံးပြုနေဆဲဖြစ်သည်။ ဘူးသီးတောင် နှင့် စစ်တွေကြား ပုံမှန်ပြေးဆွဲနေသည့် ခရီးသည်တင် အမြန်ယာဉ်တွေရှိ သည်။ ထိုရေယာဉ်များမှာ ခရီးသည်များ ပြည့်ကျပ်နေတတ်ပြီး ပတ်ဝန်းကျင် ကိုလည်း မမြင်ရ။ “ဆရာတို့ကိုပတ်ဝန်းကျင်ရှုခင်းတွေ မြင်ရအောင် စပိဘုတ် နဲ့ခေါ်လာတာ၊ ခရီးသည်တင် အမြန်ယာဉ်နဲ့ဆို ဘာမှမြင်ရမှာမဟုတ်ဘူး” ဟု ဒေသခံမီဒီယာသမား ကိုခိုင်မြတ်ကျော်က ရှင်းပြသည်။

ဗြိတိသျှ ကိုလိုနီခေတ်ကတည်းက ဘူးသီးတောင်နှင့် မောင်တော ကို အာရ်ကန်ဖလိုတီလာကုမ္ပဏီက မီးသင်္ဘောများပြေးဆွဲခဲ့သည်။ ဘူးသီး တောင်မြို့နယ်၏ ထူးခြားချက်တစ်ခုမှာ တစ်ချိန်တုန်းက မီးရထားလမ်းတစ်ခု ရှိခဲ့ခြင်းဖြစ်သည်။ ယနေ့အချိန်တွင် မီးရထားလမ်းရှိခဲ့မှုန်း အထောက်အထား တစ်စုံတစ်ရာမျှ မကျန်တော့ပါ။ ဗြိတိသျှကိုလိုနီတို့သည် ဘူးသီးတောင် နှင့် မောင်တောကို မီးရထားလမ်းဖောက်လုပ်ပြီး ၁၉၂၀ မှ ၁၉၂၈ ခုနှစ်အထိ အသုံးပြုခဲ့သည်။ ထင်ရှားသော အထောက်အထားတစ်ခုမှာ ယနေ့တိုင်မြင် နေရသော ဘူးသီးတောင်နှင့် မောင်တောနယ်ခြားရှိ မေယုတောင်ဖြတ် ဥမင်လိုဏ်ခေါင်းကြီးနှစ်ခုဖြစ်သည်။ ထိုလိုဏ်ခေါင်းကို စိန့်မာတင်ကုမ္ပဏီ က ၁၉၁၈ ခုနှစ်တွင် ဖောက်လုပ်ခဲ့သည်။ လှိုဏ်ခေါင်းနှစ်ခုရှိရာ တစ်ခုမှာ တစ်ဖာလုံကျော်ရှည်ပြီး တစ်ခုမှာ တစ်ဖာလုံအောက်ရှည်သည်ဟုဆို၏။

ဘူးသီးတောင်မှ မောင်တောထိ ၁၄ မိုင်၊ မောင်တောမှ ကညင်ချောင်း ထိ ၂ မိုင် စုစုပေါင်း ၁၆ မိုင် ရထားလမ်းအရှည်ရှိခဲ့သည်။ ဘူးသီးတောင်၊ မောင်တော၊ ကညင်ချောင်း ဘူတာသုံးဘူတာရှိသည်။ ၁၉၂၆ ခုနှစ်တွင် လေမုန်တိုင်းကျသဖြင့် မောင်တောနှင့် ကညင်ချောင်းအကြားတံတား တစ်ခု ပျက်စီးသွားရာ နောက်ပိုင်းတွင် ဘူးသီးတောင်-မောင်တောအပိုင်း သာ ရထားပြေးဆွဲတော့သည်။ သို့သော် ၁၉၂၈ ခုနှစ်တွင် ရထားပြေးဆွဲမှု ရပ်ဆိုင်းသွားပြီး သံလမ်းနှင့် ဇလီဖာတုံးများ ပြန်လည်ဖြုတ်သိမ်းသွား သည် ဆို၏။ ရထားပြေးဆွဲမှု ရပ်တန့်သွားပြီးနောက် ၁၉၃၆-၃၇ ခုနှစ်တွင် ထိုလမ်းကြောင်းအတိုင်း မော်တော်ကားလမ်းဖောက်လုပ်ကာ ဘူးသီးတောင် နှင့် မောင်တောကို ဗြိတိသျှတို့ ဆက်သွယ်ခဲ့သည်။ အင်္ဂလိပ်တို့သည် ပထမ ကမ္ဘာစစ်ကြီး မဖြစ်ပွားမီ ၁၉၁၄ ခုနှစ်ကတည်းက မြန်မာနှင့်အိန္ဒိယကို မီးရထားလမ်းဖောက်လုပ်ရန် ကြံရွယ်ခဲ့သည်။ သို့သော် အကောင်အထည် မပေါ်ခဲ့ပါ။

**မေယုမြစ်ကို စုန်ဆင်းဖြတ်သန်းခိုက် ဤဒေသ၏ လမ်းပန်းဆက် သွယ်ရေးအကြောင်းကို စဉ်းစားနေမိသည်။ ယခုချိန်ထိ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်များမှာ ရေကြောင်းခရီးကိုသာ အဓိကအားကိုးနေရဆဲဖြစ်သည်။ တစ်ချိန်က ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိမြို့များ ရေကြောင်းတစ်ခုတည်း အားကိုးသွားလာခဲ့ရသလိုမျိုး ဤဒေသမှာ ခရီးသည်တင်အမြန်ရေယာဉ်နှင့် နှစ်ထပ်သင်္ဘောတွေကို အသုံးပြုနေဆဲဖြစ်သည်။**

မေယုမြစ်အတိုင်း တစ်နာရီကျော်ကျော် အမြန်ရေယာဉ်ငယ်များ ဖြင့် စုန်ဆင်းလာခဲ့ပြီးနောက် ရသေ့တောင်ဆိပ်ကမ်းသို့ နံနက် ဆယ်နာရီခွဲ လောက်မှာ ရောက်ရှိသည်။ ရသေ့တောင်က ဘူးသီးတောင်နှင့် စစ်တွေ အကြား ရေလမ်းခရီးတစ်ထောက်နားရာ မြို့ငယ်လေးဖြစ်သည်။ မေယုမြစ် ကို မေးတင်ထားပြီး စစ်တွေ-ဘူးသီးတောင်သွား ရေယာဉ်များ ပုံမှန်ဆိုက် ကပ်သည်။ စစ်တွေမြို့နှင့် မိုင်လေးဆယ်နီးပါးခန့်သာ ကွာဝေးသော်လည်း ကုန်းလမ်းခရီးထက် ရေလမ်းခရီးကိုသာ အဓိကထားသွားလာကြသည်။ မြို့အနီး မြစ်ဖြတ်တံတားကြီးတစ်စင်း တည်ဆောက်လျက်ရှိရာ ပြီးသွားလျှင် ရသေ့တောင်မှ စစ်တွေ၊ ရန်ကုန်မြို့များသို့ သွားလာနိုင်တော့မည်ဖြစ်သည်။

ရသေ့တောင် ဆိပ်ခံတံတားက မြစ်ရေနည်းချိန်ဖြစ်သဖြင့် အတော် မတ်စောက်သည်။ အမြန်ရေယာဉ်ငယ်များ ခဲရာခဲဆစ် ကမ်းကပ်ခဲ့ရသည်။ ကမ်းစပ်ရှိ တံတားတိုင်များ၊ လှေများပေါ် ကုတ်တွယ်တက်ပြီးမှ ဆိပ်ကမ်း ပေါ်ရောက်သည်။ ရသေ့တောင်သင်္ဘောဆိပ်ကလေးက ပန်းချီကားတစ် ချပ်လို ချစ်စရာကောင်းသည်။ ကမ်းနားဆိပ်မှာ အနီရောင်အောက်ခံနှင့် ‘ရသေ့တောင်မြို့’ ဆိုသော ဆိုင်းဘုတ်ကိုတွေ့ရသည်။ ကမ်းနားတစ်လျှောက် မှာ အိမ်အို အိမ်ဟောင်းတွေ၊ တိုက်ခံအိမ်ငယ်လေးတွေ တန်းစီနေသည်။ သင်္ဘောဆိပ်တစ်ခုတည်းကိုသာ အမှီပြုရသော မြို့ငယ်တစ်မြို့၏ သဘာဝ အတိုင်း ဆိပ်ကမ်းတစ်ဝိုက်မှာတော့ ကုန်သေတ္တာတွေ၊ ပစ္စည်းပစ္စယတွေ၊ ဈေးသည်တွေ၊ ဆိုက်ကားသမားတွေနှင့် စည်ကားနေသည်။ ရသေ့တောင် ကဆိုက်ကားတွေက မော်တော်ဆိုင်ကယ်ကို ဘေးတွဲထားသည့်ဆိုက်ကား တွေ ဖြစ်သည်။ သူ့မြို့နှင့် သူကတော့ ဟုတ်နေသည်။

ရသေ့တောင်တွင် ကျွန်တော်တို့အဖွဲ့ နေ့လယ်စာ စားကြမည်။ နေ့လယ်စာကို သင်္ဘောဆိပ်အနီးရှိ ထမင်းဆိုင်တစ်ဆိုင်မှာ ကြိုတင်မှာထား သည်။ သို့သော် အဆင်သင့်မဖြစ်သေး။ ချက်တုန်း ပြုတ်တုန်းပဲရှိသေးသည်။ ထို့ကြောင့် မီဒီယာအဖွဲ့တွေ ရသေ့တောင်ကမ်းနားတစ်ဝိုက် ရှော့ပင်းထွက် ကြ၊ ဓာတ်ပုံရိုက်ကြ၊ လေ့လာစူးစမ်းကြသည်။ ရသေ့တောင် ဆိပ်ခံတံတား ပေါ်ကကြည့်လျှင် ကျောက်စိမ်းရောင်တောက်နေသော မေယုမြစ်ရေပြင် ကို မြင်ရသည်။ ရခိုင်ဒေသမြစ်များက မြစ်ဝကျွန်းပေါ်မြစ်များလို နုန်းရောင် ဖြင့် ညစ်မနေ။ ကြည်လင်ပြီး စိမ်းမြနေသည်။ လတ်ဆတ်သော ငါး၊ ပုစွန် တွေ ပေါများဖွယ်ရှိသည်။

မြစ်ဆိပ်နှင့်တွဲလျက် မြို့၏ဈေးရှိသည်။ ဈေးလမ်းက ကျဉ်းသော် လည်း တစ်ဖက်တစ်ချက်မှာ အိမ်ဆိုင်တွေတန်းစီနေသည်။ စစ်တွေ၊ ရန်ကုန် မှလာသော လူသုံးကုန်၊ အဝတ်အထည်မျိုးစုံ တွေ့ရသည်။ ကောင်းဘွိုင်မြို့ ကလေးတစ်ခုလို ရသေ့တောင်ဈေးလမ်းကလေးက စည်ကားသည်။

ရသေ့တောင်မြို့နယ်ထဲမှာတော့ ရခိုင်တိုင်းရင်းသားတွေက လူများစု ဟုဆိုသည်။ မွတ်ဆလင် ဘင်္ဂါလီရွာ အနည်းအကျဉ်းပဲရှိပြီး ရခိုင်တိုင်းရင်း သားရွာတွေက ပိုများသည်။ များသောအားဖြင့် လယ်ယာလုပ်ငန်း၊ ငါးဖမ်း လုပ်ငန်း၊ စိုက်ပျိုးရေးနှင့်တောင်ယာလုပ်ငန်းဖြင့် အသက်မွေးကြသည်။ ဒေသဖွံ့ဖြိုးမှု အားနည်းချက်၊ လမ်းပန်းဆက်သွယ်ရေးအခက်အခဲတို့ကြောင့် ဤဒေသရှိ ရခိုင်လူငယ်အများအပြားမှာ မလေးရှား၊ ထိုင်း၊ စင်ကာပူ၊ ဂျပန် နိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကြသည်။ အချို့ကလည်း ဖားကန့် ကျောက်စိမ်းတွင်းများသို့ သွားရောက်လုပ်ကိုင်ကြသည်ဟု ဆိုသည်။ ဖွံ့ဖြိုးမှုအားနည်းခြင်းက ရသေ့တောင်ဒေသခံလူငယ်များ သူတို့ဒေသကို စွန့်ခွာသွားစေဖို့ တွန်းပို့ပေးနေသလိုပင်...။

■ **ချစ်ဝင်းမောင်**

# ဘဝဖြောင့်ကြောင်း တစေ့တစောင်း အပိုင်း (၁၈၈)

ဓမ္မဒူတအရှင်ဆေကိန္ဒ

ဘဝ ဖြောင့်ကြောင်း တစေ့တစောင်းလို့ အမည်ပေးပြီးတော့ ပြောတဲ့အခါ ကိုယ့်ဘဝအကြောင်းလေးတွေ ပြောရတာပေါ့။ ရယ်ရမောရတဲ့အခါလည်းရှိ ပျော်ရရွှင်ရတဲ့ အခါလည်းရှိ အခက်အခဲနဲ့ကြုံရတဲ့ အခါလည်း ရှိ။ ဘဝဆိုတာ ဒီလိုပါပဲလေ။ မောလိုက် အမောဖြည်လိုက် အမောပြေလိုက်။ မောလိုက် အမောဖြည်လိုက် အမေပြေလိုက်။ ဒါကိုပဲဘဝလို့ ခေါ်တာနဲ့ တူပါတယ်။ အဲဒီလိုဘဝဖြောင့်ကြောင်း တစေ့တစောင်း ပြောပြော လာခဲ့တာ အခုဆိုရင် အပိုင်း (၁၈၈) ရောက်ပြီ။ ကိုယ့် ဘဝဇာတ်ကြောင်း ကိုယ်ပြောလာတော့ တစ်ခန်းရပ် ပြဇာတ်အနေနဲ့ ပြောရင်တော့ ဘယ်နားရပ်ထားတုံးဆိုတော့ သစ်ဖောင်ပေါ်မှာ တစ်ညအိပ် မြစ်လယ်ကောင်မှာ တစ်ညအိပ်တဲ့ဘဝပေါ့လေ။ ဒါလည်းပဲ အတွေ့ အကြုံလို့ အတွေ့အကြုံမရှိတော့ အတွေ့အကြုံ မရှိဘူးဆိုတော့ အချိန်အခါကိုလည်းမသိဘူး၊ နေရာဒေသလည်း မသိဘူး။ မသိမှုတွေနဲ့ဘဲ အချိန်တစ်ညတာ ကုန်သွား တာပေါ့။

ကိုယ်က လူငယ်ဆိုတော့ လူငယ်ထက်တော့ လူကြီးက သိတာပဲ။ အံ့စရာကောင်းပါတယ် ဘုန်းဘုန်းတို့ လူကြီးဆိုတာရဲ့စွမ်းပကားဟာ ခေါင်းပေါင်းစကြီးကြောင့်၊ တိုက်ပုံအကျႌကြီးကြောင့်၊ ပုဝါကြီးကြောင့်၊ ဆံထုံးကြီးကြောင့် အဲလိုမျိုးရယ် ဟုတ်ပါဘူး။ လူကြီးတွေ လူကြီးတွေမှာ လူကြီးတိုင်းမှာ အသုံးမချရင်သာ နေရမယ် သူတို့စွမ်းပကားဟာ အတွေ့အကြုံရှိတဲ့ စွမ်းပကားတော့ လူငယ်တွေထက် အများကြီးသာတယ်။ အများကြီးသာတယ်။ သူတို့ဟာသူတို့ အသုံးမချရင် နေရမယ်။ သူတို့ဟာသူတို့ ကောင်းတဲ့နေရာ အသုံးမချရင် နေရမယ်။ ကောင်းတဲ့နေရာ အသုံးမချဘဲနဲ့မကောင်းတဲ့နေရာ အသုံးချသွားရင်လည်း ရှိတာကိုး။ မကောင်းတဲ့နေရာ အသုံးမချဘဲနဲ့ ကောင်းတဲ့နေရာ အသုံးချသွားရင်လည်း ရှိတာပေါ့။ အတွေ့အကြုံကတော့ လူကြီးတွေက သာစမြဲပါပဲ။ ဘယ်လူကြီးဖြစ်ဖြစ် အမျိုးသား အမျိုးသမီးနဲ့ မဆိုင်ပါဘူး။ လူကြီးမှာ အတွေ့အကြုံက သာတာပါပဲ။ ဘုန်းဘုန်း အဲဒီအရွယ်က တကယ်မသိပါဘူး။ အဲဒီမှာ ဂွသတ် တစ်ညအိပ်။ မြစ်အလယ် သောင်ပြင်မှာ သောင်တင်နေတာပေါ့လေ။ သစ်ဖောင်ကြီး တင်နေတာပေါ့။ ဒါပေမဲ့ တစ်ခုကံကောင်းတာကတော့ ရေလေးတွေက မိုးရေတွေက များများလာ။ မြစ်ရေတိုးတယ် ခေါ်တာပေါ့လေ။ တဖြည်းဖြည်း တိုးတိုးလာတော့ ရေတွေ များလာတော့ သစ်ဖောင်ကြီးက ကြွကြွလာတာပေါ့။ အဲဒီလိုနဲ့ လွတ်ပါတယ်။

အဘက လူကြီးဆိုတဲ့ စွမ်းပကား အံ့စရာကောင်းပါတယ်။ လုပ်ငန်းကိုလည်း စေ့စပ်တာလည်း ပါတယ်။ ငါ့သားတို့တဲ့ ဒီတိုင်းအိပ်ရတော့မှာဆိုတော့ သွားသွား ဂွတိုင် သွားစစ်လိုက်ဦး။ ဂွတိုင် သွားစစ်လိုက်ဦး ဆိုရင် ဘုန်းဘုန်းတို့က လှေလေးနဲ့သွားတယ်။ အဲဒီနားကျတော့ တစ်ယောက်က ဆင်းတယ်။ အပေါ်ကတင် ဒီလိုကြည့်လို့မရဘူး အောက်ခြေကို ဘယ်လောက်နက်သလဲ။ ဘယ်လောက် ခိုင်သေးတယ်။ တော်ရုံရေစီးတော်ရုံလေအားနဲ့ ဂွတိုင်ဆိုတာ ပြုတ်လို့မရဘူးလေ။ ပြုတ်တာနဲ့ သစ်ဖောင်ကြီး အကုန်လုံး ဂွလန်ပြီး ပြုတ်ပျက်ထွက်ကုန်မှာလေ။ အဲဒီတော့ ဂွစစ်ခိုင်းတယ်။ စစ်ပြီးတော့ ကိုင်း စိတ်ချလက်ချ အိပ်ကြရအောင်ကွာ ဆိုတော့ အိပ်မယ်လို့လုပ်တော့ လူကြီးဆိုတော့ မီးခွက်လေး ထွန်းတယ်။ မီးခွက်ဆိုတာက သံဖြူဆိုင်ကလုပ်တဲ့ မီးခွက်။ ရေနံဆီအဝါလို့ခေါ်တဲ့ ဒီဇယ်ထည့်။ အဝတ်စတွေ ထည့်ပြီးတော့ ကျစ်ထားတဲ့ ထွန်းပါများလာတော့ ဒီမီးခွက်ရဲ့ ထိပ်ကတိုင်မှာ မီးစာမှာ ကြပ်ခိုးသီးလေးတွေ သီးတဲ့ အဲလိုမီးခွက်မျိုး မဟုတ်ဘူး။ အဲလိုမီးခွက်တော့ သုံးတယ်။ ဒီဇယ်နဲ့ထွန်းရတဲ့ မီးခွက်။ သူ့ချည်းပဲ ဒီတိုင်းထွန်းလို့မရဘူး။ ဘာလို့တုံးဆိုတော့ မြစ်လယ်မှာ သစ်ဖောင်မှာ မီးခွက်ထွန်းကြည့်ပါလား။ လေတိုက်တာနဲ့ငြိမ်းတာပေါ့။ လေက မြစ်ပြင်ကျယ်ညဆိုပိုတောင်တိုက်သေးတယ်လေ သဘာဝက။ အဲဒီတော့ သူ့ကို ဘာလေးကာထားလဲဆို မှန်ကာထားတဲ့ မီးအိမ်လေး ရှိတယ်။ မှန်အိမ်လေးပေါ့။



ဓာတ်ပုံ - ရဲပြည့်စာနည်

**ဘုန်းဘုန်းက လက်တွေ့လည်း အလုပ်လုပ်ပါတယ်။ လက်တွေ့ အလုပ်မလုပ်ခင် တွေးပြီးမှ လုပ်တတ်သလို လက်တွေ့ အလုပ်လုပ်ပြီးရင်လည်း ပြန်တွေးတတ်တာရှိတယ်။ အဲဒါကြောင့်မို့ အတွေးသမားလားဆို ဟုတ်တော့ဟုတ်တယ်။ လက်တွေ့သမားလား ဆိုတော့လည်း ဟုတ်တော့ဟုတ်တယ်။**

မှန်အိမ်မီးအိမ်က သပ်သပ်၊ လက်ဆွဲ မှန်အိမ်မီးအိမ်က သပ်သပ်။ အဲဒီ ရေနံဆီခွက်ကြီးနဲ့ တစ်ညလုံးထွန်းပြီးတော့ မှန်လေးဖက်ကာလေးနဲ့ သစ်ဖောင်ဦးထိပ်မှာ သွားထားရတာ။ ဘာလို့တုံးဆိုတော့ ဘာလို့ထားတယ်ရယ်လို့ ကိုယ်မသိဘူး။ မအိပ်ခင်ကတော့ စိတ်ချလက်ချ အိပ်လိုက်ပြီ။ စိတ်ချလက်ချ အိပ်လိုက်ပြီဆိုတော့ အိပ်မောလည်းကျတော့ လူကသာ စိတ်ချလက်ချ အိပ်လိုက်တယ်ပြောနေတာ စိတ်က ဘယ်လိုမှ အိပ်မရဘူးလေ။ စဉ်းစားကြည့်ပေါ့ ကောင်းကင်ပေါ်ကြည့်တော့လည်း ကြယ်လေးတွေက ဖျောက်တောက်ဖျောက်တောက် မှောင်မည်းနေတာ။ အရှေ့ဘက်ကြည့်တော့လည်း ဘာရွာမှမရှိ အနောက်ဘက်ကြည့်တော့လည်း ဘာရွာမှမရှိ။ ဘာမီးမှမရှိ မြစ်လယ်ကောင်။ ကိုယ် ဘယ်သူ့ခေါ်မလဲ အော်တောင်မကြားဘူး။ ကိုယ် ဘယ်သူ့ လှမ်းဆွဲမလဲ ဆွဲစရာကလည်းမရှိ။ ဒီသားအဖသုံးယောက်ထဲပဲ မြစ်လယ်မှာ နေနေကြတဲ့အချိန်။ ကောင်းကင်မော့ကြည့်တော့ မှောင်မည်းနေတာ။ တကယ်နော် ညသန်းခေါင် လကွယ်မိုက်မှာ လဆိုတဲ့ ဟာမျိုး။ လကလည်း လကွယ်မှောင်မိုက်။ ညကလည်း သန်းခေါင် ၁၂ နာရီ။ ပြီးကျတော့ ဒီလိုအခြေအနေမှာ တောမိုက်အလယ်မှာ ဒါကတော့ မြစ်အလယ်မှာပေါ့လေ။ ကဲ အိပ်မယ်လို့ စိတ်ချလက်ချအိပ်ကြ ငါ့သားတို့ဆိုတော့ ဟိုလိုပြောရင်တော့ လူကြီးက စိတ်ပင်ပန်းရှာမှာပေါ့ ဘုန်းဘုန်းတို့ကျတော့ လူပင်ပန်းတာပေါ့။ အိပ်ပျော်သွားတာ။

ဖျတ်ဆို နိုးတဲ့အချိန်ဟာ လင်းထိန်သွားတာ။ ဖျတ်ခနဲဆို လင်းထိန်သွားတာ ဘာလဲဟဲ့ပေါ့။ ဖျတ်ခနဲဆို လင်းထိန်သွားတာ ဘာလဲဟဲ့ပေါ့။ ထကြည့်တော့ လားလား ညမောင်းတဲ့မော်တော် သင်္ဘော ဆလိုက်လှမ်းထိုးတာ။ သူတို့ဆလိုက်ကြီးတွေက လင်းထိန်နေတာလေ။ ဘာလဲ ကာဗွန်မီးရှို့တာလား ဘုန်းဘုန်းတို့ ငယ်တုန်းကတော့ မြန်မာ့ရုပ်ရှင်ကပြတဲ့ ဂျီးဂျီး ဂျီးဂျီးနဲ့ စက်ကြီးနဲ့ ပြတဲ့အခါ လင်းထိန်တဲ့အရောင်မျိုးပေါ့။ ရှေ့ထွက်တဲ့အရောင် မဟုတ်ဘူး နောက်ထွက်တဲ့အရောင်မျိုး။ ဖျတ်ဆိုလင်း ဖျတ်ဆို ထထိုင်တာ။ လူကသာ စိတ်ချလက်ချ အိပ်ပေမယ့် စိတ်က စိတ်ချလက်ချ မအိပ်နိုင်ဘူး။ ထထိုင်တာ ဘာပါလိမ့်ဆို ဟာ မီးထိုးပါလား ဘယ်သူပါလိမ့်လို့ လှမ်းကြည့်တော့။ ဩော် နောက်ကျမှ အဲဒီအချိန်မှာ အဘက လူကြီး မအိပ်ဘူး ထိုင်နေရှာတယ်။ ငုတ်တုတ် ထိုင်နေရှာတယ်။ ဟာ ငါ့သား နိုးပြီလား ဟုတ်ကဲ့။ အဘ အဲဒါဘာတုံး အဲဒါမော်တော်လေကွာ သင်္ဘောလေကွာ။ သင်္ဘော ညခုတ်တော့ ဆလိုက်ထိုးတာပေါ့တဲ့ သူတို့ လမ်းကြောင်း ကြည့်တာပေါ့။ ဟာ တော်သေးတာပေါ့ ကျွန်တော်တို့ဖောင်နဲ့ မတိုက်လို့။ ဟို တိုက်စရာတော့ မရှိနိုင်ပါဘူး။ ဘာလို့ဆို သောင်တင်နေတဲ့ ဖောင်ဆိုတော့ မတိုက်ပါဘူး။

ဟာ အဘ အဲလိုဆိုရင် ည ကျွန်တော်တို့စုန်ရင် ညလည်း စုန်ရဦးမှာ။ အဲလိုဆိုရင် စုန်ဦးမှာလား။ စုန်မှာပေါ့ ငါ့သား ညလည်း။ ဟာ ညစုန်လို့ရှိရင် မော်တော်တွေ၊ သင်္ဘောတွေနဲ့ တိုက်ကုန်မှာပေါ့။ အေး အဲဒါကြောင့်မို့ ဟိုမယ်ကြည့်လေ ဆိုတော့ တဲဘေးအသာလေး ကြည့်လိုက်တော့ လားလား မှန်ကာထားတဲ့ မီးအိမ်လေး။ မှန်ကာထားတော့ အလင်းရောင်ဖောက်တယ်လေ လေကာတယ်လေ။ ဩော် အဲဒီမီးအိမ်လေး ထွန်းထားတာ သွားတွေ့။ ဒါ ဘုန်းဘုန်းတို့ဆို ဘယ်သိမှာတုံး။ လူကြီးဆိုတော့ အတွေ့အကြုံပေါ့။ ဘုန်းဘုန်းက ဘဝဖြောင့်ကြောင်း တစေ့တစောင်း အခုလိုပြောခဲ့တော့ ကိုယ့်အတွေ့အကြုံကို အများသိသလို အဘတို့ကျတော့ မပြောခဲ့တဲ့ သူ့ဘဝအတွေ့အကြုံတွေ အများကြီးလေ။ ပြောတဲ့ အတွေ့အကြုံလည်း ဘုန်းဘုန်းတို့ ရသင့်သလောက်တော့ ရလိုက်တာပေါ့။ ရသင့်သလောက်တော့ ရလိုက်တာပေါ့။

ဩော် လူကြီးနဲ့ လူငယ်ရဲ့ ကွာခြားချက်။ နောက် မိဘဆိုတာ သားသမီးကို သားနှစ်ယောက်ကို အိပ်ခိုင်းပေမယ့် သူ မအိပ်ဘူး။ ဒါလေးတွေ စိတ်ထဲမှာ တကယ်တွေ့ရတာ တကယ်ကြုံရတာအပြင် တကယ်ခံစားရတာ။ တကယ် အသိတရားရတာပေါ့။ ဩော် ကြည့်စမ်း ဘုန်းဘုန်းက ကိုယ့်အကြောင်းကိုယ် ပြောရင် လက်တွေ့သမားလားလို့ ပြောရင် ဟုတ်တော့ ဟုတ်တယ်လို့ ပြောရမယ်။ ဟုတ်တယ်လို့ပြောရုံနဲ့ မပြီးဘူး။ အတွေးသမားလားလို့ ပြောရင် ဟုတ်တော့ဟုတ်တယ်လို့ ပြောရမယ်။ ဟုတ်တယ်ဆိုရုံနဲ့ မပြီးဘူး။ ဘုန်းဘုန်းက လက်တွေ့လည်း အလုပ်လုပ်ပါတယ်။ လက်တွေ့ အလုပ်မလုပ်ခင် တွေးပြီးမှ လုပ်တတ်သလို လက်တွေ့ အလုပ်လုပ်ပြီးရင်လည်း ပြန်တွေးတတ်တာ ရှိတယ်။ အဲဒါကြောင့်မို့ အတွေးသမားလားဆို ဟုတ်တော့ ဟုတ်တယ်။ လက်တွေ့သမားလား ဆိုတော့လည်း ဟုတ်တော့ဟုတ်တယ်။ ဒီလိုပဲ စကားသုံးရမှာပေါ့လေ။ တချို့ကရှိတယ် လောကမှာ လက်တွေ့ဆန်ဆန်ပဲ။ လက်တွေ့မြင်ရမှာ လက်တွေ့လုပ်ရမှ။ အတွေးစဉ်းစားတာ သိပ်ခေါင်းထဲမရှိဘူး။ ဒီအမူအရာ ဒီအမူအကျင့် ဒီစရိုက်ကို သူတို့သိပ်မသုံးကြဘူးပေါ့။ တချို့ကျတော့ အတွေးသမားဆိုတာ ရှိတယ်။ စဉ်းစားနေတာ ဘာဆို ဘာဖြစ်မယ် ဘာဆို ဘာဖြစ်မယ်။ မမှန်ဘူးလားဆိုတော့ မှန်တယ်။ သူတွေးရင် သူတွက်ရင် သူတွက်ချက်ရင် သူကြိုမြင်တတ်တယ်။ ဒါပေမဲ့ သူလက်တွေ့လုပ်သလားဆိုတော့လည်း မလုပ်ဘူး။

ဘုန်းဘုန်းကျတော့ လက်တွေ့သမားလားဆို ဟုတ်တော့ဟုတ်တယ်။ အတွေးသမားလားဆိုတော့ ဟုတ်တော့ဟုတ်တယ်။ ဘာဟုတ်တော့ ဟုတ်တယ်လည်း အတွေးသမားလည်း ဟုတ်တယ်၊ လက်တွေ့သမားလည်း ဟုတ်တယ်။ ခုကြည့် တွေးရပြီလေ။ လက်တွေ့ကြုံရတာပေါ့။ မီးအိမ်လေး ထွန်းထားတာ။ သစ်ဖောင်ဝါးဖောင်စုန်ရင် မီးအိမ်ထွန်းရတယ်။ အနည်းဆုံးတော့ မီးခွက်တစ်ခွက် ထွန်းကိုထွန်းရတယ်။ ဥပဒေသလားနည်းလား။ ထုံးစံ ထုံးစံ။ ဘာဖြစ်လို့တုံးဆိုတော့ ညအခါ သစ်ဖောင်စုန်တဲ့အခါမှာ ဟိုဝင်တိုက် ဒီဝင်တိုက်နဲ့ ကိုယ့်ကိုတိုက်မယ့် သစ်ဖောင်ဆိုတာလေ ညစုန်နေတော့။ ပွဲကလည်း ဟိုလိုပွဲလို့မရ မြင်လည်းမမြင် လမ်းကြောင်းလည်းမသိ ဆလိုက်လည်းမပါ။ ဒါပေမဲ့ တချို့ သင်္ဘောတွေကျတော့ တချို့မော်တော်တွေကျတော့ ညမောင်းကျတာ ရှိတယ်။ ညမောင်းတဲ့အခါကျတော့ ...။

■ ဓမ္မဒူတ အရှင်ဆေကိန္ဒ

(ဆက်လက်ဖော်ပြပါမည်။)



ဓာတ်ပုံ – ရဲပြည့်စာနည်

# ကျောင်းမုန့်ဈေးတန်းများ အသင့်စားမုန့် ကင်းစင်ရေး ဆောင်ရွက်မည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၆**

အခြေခံပညာကျောင်းများရှိ ကျောင်းမုန့်ဈေးတန်းများတွင် အသင့်စားမုန့်များ ကင်းစင်ရေး (Junk Food Free) အဖြစ် ဆောင်ရွက်ရန် ကြိုးစားလျက်ရှိကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ကျန်းမာရေးဌာနမှ ခေတ္တဌာနမှူး ဒေါက်တာသန်းသန်းလွင်က ပြောကြားသည်။

အသင့်စား အစားအစာများဖြစ်သော ချိုချဉ်၊ သကြားလုံး၊ ပီကေ အစရှိသော နိုင်ငံခြားမုန့်များ လုံးဝကင်းစင်စေရေးအတွက် ဆောင်ရွက်လျက်ရှိပြီး ယင်းကိစ္စနှင့်ပတ်သက်၍ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်း Junk Food Free အဖြစ် အထက(၂) စမ်းချောင်းတွင် လုပ်ဆောင်ခဲ့ပြီးဖြစ်ကြောင်း၊ အခြားကျောင်းများအနေဖြင့်လည်း ကြိုးစားလျက်ရှိကြောင်း ယင်းဌာနထံမှ သိရသည်။

“ရယ်ဒီမိတ်တွေပေါ့။ အဲဒါတွေထဲကမှ လိပ်စာမပါတဲ့မုန့်တွေရဲ့ပြဿနာကလည်း ရှိသေးတယ်။ ဖုန်းနံပါတ်၊ လိပ်စာ၊ ထုတ်လုပ်ရက်စွဲ ဘာမှမပါတာမျိုးပေါ့။ တချို့က ဖုန်းနံပါတ်ပါတယ်။ ဖုန်းနံပါတ်ဆိုတာကလည်း အခုခေတ်မှာ တစ်ကတ်မဟုတ် တစ်ကတ်သုံးလို့ရတော့ ဘယ်နေရာကဆိုတာ အမှန်မဖြစ်ဘဲ လိုက်စစ်ရတာ ခက်ခဲပါတယ်။ ဒါကြောင့် ကျောင်းမုန့်ဈေးတန်းတွေက လက်မခံဖို့အရေးကြီးတာပေါ့” ဟု ဒေါက်တာသန်းသန်းလွင်က ရှင်းပြသည်။

ကလေးများအနေဖြင့် အသင့်စား အစားအစာများအပြင် အချိုရည်များ၊ အားဖြည့်အချိုရည်များ သောက်သုံးခြင်းကြောင့် အရွယ်မတိုင်မီ အဝလွန်ခြင်း၊ ဆီးချိုရောဂါနှင့် မကူးစက်တတ်သောရောဂါများကို စောစီးစွာ ဖြစ်ပွားနိုင်သဖြင့် ရှောင်ကြဉ်ရန်လိုအပ်ပြီး ယင်းတို့သည် ခန္ဓာကိုယ်အတွက် အာဟာရတန်ဖိုး မဖြစ်စေသောအစားအစာများဖြစ်သည်။

“ဆရာမကတော့ ရာသီစာကိုပဲ အားပေးတယ်။ ဥပမာ ပြောင်းဖူး၊ ကန်စွန်းဥပြုတ် စသဖြင့်ပေါ့။ သန့်ရှင်းမှုမရှိတာတွေ၊ အသင့်စားအစားအစာတွေက မသန့်ရှင်းတာအပြင် ဓာတုဆိုးဆေးပါပါတော့ တဖြည်းဖြည်းနဲ့ ခန္ဓာကိုယ်ထဲမှာစုပြီးတော့ အစာအိမ်နဲ့ အူလမ်းကြောင်းပြဿနာတွေက တစ်ဆင့်နာတာရှည်ကင်ဆာရောဂါအထိ ဖြစ်နိုင်ပါတယ်” ဟု ဒေါက်တာသန်းသန်းလွင်က ဖြည့်စွက်ပြောကြားသည်။ ■J-12

# ဆင်ခြေထောက်ဖြစ်သည့် လူဦးရေစာရင်း ကောက်မည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၆**

မြန်မာနိုင်ငံအတွင်း ဆင်ခြေထောက်ရောဂါ ဖြစ်ပွားလျက်ရှိသည့် လူဦးရေကို တိကျစွာသိရှိနိုင်ရေးအတွက် လူနာစာရင်းကောက်ရန် ပြင်ဆင်လျက်ရှိကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စီမံချက်မန်နေဂျာ ဒေါက်တာဇော်လင်း (သွေးလွန်တုပ်ကွေး၊ ဆင်ခြေထောက်၊ ဂျပန်ဦးနှောက်ရောင်ရောဂါ) က ပြောကြားသည်။

“၂၀၂၀ မှာ ဆင်ခြေထောက်ရောဂါကင်းဝေးရေး လုပ်တော့မယ်ဆိုရင် မလွဲမသွေ မြန်မာနိုင်ငံအတွင်းမှာ ဒီရောဂါခံစားနေရတဲ့လူဦးရေ ဘယ်လောက်ရှိသလဲ ဆိုတာကိုလုပ်ရမယ်။ အခုက ဘယ်လောက်ရှိသလဲဆိုတာ ကိန်းဂဏန်းအနေနဲ့ပြောလို့မရသေးဘူး” ဟု ၎င်းကဆိုသည်။

ဆင်ခြေထောက်ရောဂါ ကင်းဝေးရေးလုပ်ငန်းကို လူအားလုံး ဆေးကျွေးခြင်းလုပ်ငန်းကို ၂၀၂၀ ပြည့်နှစ်တွင် အောင်မြင်စွာ အဆုံးသတ်နိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအတွင်း ထိုရောဂါအမြစ်တွယ်မှုရှိသည့်ဒေသများတွင် ၂၀၁၇ ခုနှစ်အတွက် ဆေးတိုက်ကျွေးခြင်းလုပ်ငန်းကို ယခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့မှ ၃၁ ရက်နေ့အထိ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနထံမှ သိရသည်။

ထို့အပြင် ဆင်ခြေထောက်ရောဂါ ခံစားနေရသည့်လူနာများကို ၎င်းတို့၏ ကြီးမားနေလျက်ရှိသော ကိုယ်၊ လက်အင်္ဂါများ ပိုမို၍ မကြီးမားသွားစေရန်၊ ကြီးမားလျက်ရှိနေသည်များကိုလည်း အနည်းငယ်တဖြည်းဖြည်း သေးသေးလာစေရန်၊ သေးသည်ထက်သေးလာအောင် စောင့်ရှောက်ရမည့်နည်းလမ်းများကို ဖြည့်သွင်းဆောင်ရွက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ တင်ပြသွားမည်ဖြစ်ကြောင်း ဒေါက်တာဇော်လင်းက ဖြည့်စွက်ပြောကြားသည်။

ဆင်ခြေထောက်ရောဂါသည် Culex quinquefasciatus အမျိုးအစားခြင်ကြောင့်ဖြစ်ပွားပြီး ယင်းခြင်သည် ရေပုပ်၊ မြောင်းပုပ်များတွင် ပေါက်ပွားကြောင်း၊ ထို့ပြင် နိုင်ငံတစ်ဝန်း မူလဆင်ခြေထောက်ပိုး အမြစ်တွယ်မှုရှိသည့် ၄၅ ဒေသအနက် ၁၀ ဒေသကို ဆေးတိုက်ကျွေးခြင်း အောင်မြင်စွာရပ်ဆိုင်းနိုင်ခဲ့ပြီး ကျန်ရှိနေသည့် ၃၅ ဒေသကိုပါ ဆေးတိုက်ကျွေးခြင်းကို အောင်မြင်စွာရပ်ဆိုင်းနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

■ J-12

# စိတ်ဖိစီးမှုနှင့် ကျန်းမာရေး

စိတ်ပျော်ရွှင်စရာမကောင်းသော (သို့) ဘဝ၏ ကြီးမားသောပြောင်းလဲမှု ကြောက်စရာအခြေအနေတစ်ရပ်နှင့် ကြုံတွေ့ရချိန်တွင် ခံစားရသော စိတ်ဖိစီးမှုတစ်မျိုးဖြစ်သည်။ အလုပ်ခွင်၊ လူမှုပတ်ဝန်းကျင်နှင့် ပုဂ္ဂိုလ်ရေးအကြောင်းတရားများကလည်း စိတ်ဖိစီးမှုများကို ဖြစ်စေနိုင်ပါသည်။

အလုပ်များကို အချိန်မီပြီးစီးအောင် ဖိအားပေးခိုင်းစေခြင်း ခံရ၍သော်လည်းကောင်း၊ အလုပ်အလွန်များခြင်း၊ လုပ်စရာအလုပ် အလွန်နည်းခြင်းတို့ကြောင့်သော်လည်းကောင်း၊ အထက်လူကြီး၊ လုပ်ဖော်ကိုင်ဖက်များနှင့် အငြင်းပွား၍သော်လည်းကောင်း၊ အလုပ်ခွင်၌ ပျင်းရိမှုများသည် ဆိုးရွားသောစိတ်ဖိစီးမှုကို ဖြစ်ပေါ်စေပါသည်။

ထို့အပြင် ပုဂ္ဂိုလ်ရေးရာ ခံစားမှုများဖြစ်သည့် ကွာရှင်းခြင်း၊ ချစ်ခင်ရသူများ သေဆုံးခြင်း၊ ငွေရေးကြေးရေးပြဿနာများနှင့် ပျော်ရွှင်စရာအဖြစ်အပျက်များကလည်း စိတ်ဖိစီးမှုကို ဖြစ်ပေါ်စေပါသည်။ ထို့အတူ လူမှုပတ်ဝန်းကျင်တွင် ရာသီဥတုအခြေအနေ၊ ရှုပ်ထွေးသော လူစုလူဝေးများနှင့် ပတ်ဝန်းကျင်ရှိဆူညံသံများကလည်း စိတ်ဖိစီးမှုကိုဖြစ်စေသည့် အကြောင်းတရားများဖြစ်သည်။

**စိတ်ဖိစီးမှုများကြောင့် ပြောင်းလဲလာသည့် အမူအကျင့်များ -** အိပ်မပျော်ခြင်း၊ မကြာခဏထိခိုက်မိခြင်း၊ အပေါင်းအသင်းများနှင့် ဝေးကွာခြင်း၊ စားမဝင်ခြင်း၊ ငိုခြင်း၊ သီးခြားနေလာခြင်းတို့ဖြစ်သည်။ ထို့အပြင် အရက်၊ ဆေးလိပ်များကို ပိုမိုသုံးစွဲလာခြင်း၊ လည်ချောင်းအတွင်း တင်းကျပ်နေခြင်း၊ လက်ဖျားခြေဖျားများ အေးစက်ခြင်း၊ ကြွက်သားများ တောင့်တင်းနေခြင်း၊ အိပ်ချိန်၊ စားချိန်မမှန်ခြင်း၊ ကြောက်ရွံ့စိုးထိတ်ခြင်း၊ အင်အားကုန်ခန်းခြင်း၊ ခေါင်းကိုက်ခြင်း၊ အင်ပြင်ထခြင်းနှင့် သွေးတိုးခြင်း စသော ရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုလက္ခဏာများအပြင် စိတ်အပြောင်းအလဲများခြင်း၊ စိတ်ဓာတ်ကျခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ အအိပ်ပျက်ခြင်း၊ အစားပျက်ခြင်း၊ လိင်မှုကိစ္စများတွင် စိတ်မပါခြင်း၊ ဒေါသထွက်လွယ်ခြင်းနှင့် စိတ်တိုခြင်း စသော စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုလက္ခဏာများကိုပါ ဖြစ်စေနိုင်ပါသည်။

**စိတ်ဖိစီးမှုလျော့နည်းစေမည့် နည်းလမ်းများ -** အိပ်ရေးဝအောင် ကောင်းစွာအိပ်စက်အနားယူပါ။ အလုပ်လုပ်ပြီးသည့်နောက်တွင် သီချင်းနားထောင်ခြင်း၊ တီဗီကြည့်ခြင်း၊ ဘာသာရေးလိုက်စားခြင်း စသည့် အနားယူခြင်းများကို ပြုလုပ်ခြင်း၊ ဒေါသကိုထိန်းချုပ်၍ ဒေါသထွက်လာပါကလည်း ကိုယ်လက်လှုပ်ရှားမှု တစ်ခုခုကိုပြုလုပ်၍ဖြေလျှော့ပါ။ အချိန်ကိုလိုက်၍ အစီအစဉ်များကို စနစ်တကျစီစဉ်ပါ။ ယုံကြည်ရသူ တစ်ဦးဦးအား မိမိ၏ပြဿနာကို ရင်ဖွင့်ပြောဆိုခြင်းဖြင့် ဖြေရှင်းနိုင်မည့်နည်းလမ်းများ ရရှိနိုင်ပါမည်။

■ **Source : Myanmar Red Cross Society**



## News In Brief

### ဝေးလံသည့်ဒေသများ၌ သားဆက်ခြားနည်း အသုံးပြုမှုနည်း

**ရန်ကုန်၊ ဖေဖော်ဝါရီ ၆**

ဝေးလံခေါင်ဖျားသည့် ကျေးလက်တောရွာဒေသများတွင် သားဆက်ခြားနည်းလမ်းများကို အသုံးပြုမှုနည်းပါးခြင်းကြောင့် အရွယ်မတိုင်မီ ကလေးမွေးဖွားမှုမြင့်မားလျက်ရှိကြောင်း 3MDG ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမျိုးသမီးငယ် ငါးဦးတွင် တစ်ဦးသည် ကိုယ်ဝန်ဆောင်ချိန်နှင့် မီးဖွားချိန်အတွင်း ကျန်းမာရေးအန္တရာယ်ကြုံတွေ့ရခြင်းကြောင့် အသက်သေဆုံးနေကြရကြောင်း၊ မြန်မာနိုင်ငံတွင် လိင်နှင့် မျိုးဆက်ပွားဆိုင်ရာ ကျန်းမာရေးနှင့် အခွင့်အရေးများကို ရယူရာတွင် ဆင်းရဲနွမ်းပါးမှု၊ ကျား၊ မ တန်းတူမညီမျှမှု၊ ကျန်းမာရေးစောင့်ရှောက်မှု ရယူရာတွင် အကန့်အသတ်ရှိမှုနှင့် လူမှုရေးရာစံနှုန်းရှိမှုများကြောင့် အတားအဆီးများစွာရှိနေကြောင်း 3MDG က ထုတ်ပြန်ထားသည်။ ■ J-12

## ဘယ်ရီဘယ်ရီရောဂါ

# "ကလေးငယ်တွေ ပိန်တာ၊ ဝတာကို ကြည့်ခြင်းအားဖြင့် ဘယ်ရီဘယ်ရီချို့တဲ့တာကို မသိနိုင်ဘူး"

## ဒေါက်တာသူရဇော် (ကလေးဆရာဝန်) နှင့် တွေ့ဆုံခြင်း

သီတာဆွေ

**အသက်ငါးနှစ်အောက်ကလေး သေဆုံးရသည့်အကြောင်းအရင်းများစွာတွင် အသက်တစ်နှစ်အောက် ကလေးများသေဆုံးရသည့် အကြောင်းရင်းသည်လည်း အရေးပါသည့်ကဏ္ဍတစ်ခုတွင်ပါဝင်နေသည်။ တစ်နှစ်အောက်ကလေးသေဆုံးခြင်းတွင် ဘယ်ရီဘယ်ရီ ဟုခေါ်သည့် ဗီတာမင်ဘီဝမ်းဓာတ်ချို့တဲ့ခြင်းကြောင့် ကလေးငယ်များတွင်ရုတ်တရက်အမောဖောက်သေဆုံးခြင်းသည်လည်း အရေးကြီးသည့်ကဏ္ဍတစ်ခုဖြစ်သည်။ ထိုရောဂါနှင့် ပတ်သက်၍ ဒေါက်တာသူရဇော် (ကလေးဆရာဝန်) နှင့် The Voice က မေးမြန်းထားသည်များကို ကောက်နုတ်ဖော်ပြအပ်ပါသည်။**

**Voice ៖ ဘယ်ရီဘယ်ရီဆိုတာကို ရှင်းပြပေးပါဦး ဆရာ။**

**Dr.TYZ ៖** ဘယ်ရီဘယ်ရီကိုတော့ အရပ်စကားနဲ့ သူငယ်နာရောဂါလို့လည်း ခေါ်လေ့ခေါ်ထ ရှိကြပါတယ်။ ကမ္ဘာတစ်ဝန်းမှာ ဘယ်ရီဘယ်ရီရောဂါက အဖြစ်များလာပြီး ဖွံ့ဖြိုးဆဲနိုင်ငံတွေနဲ့ ဖွံ့ဖြိုးမှုနောက်ကျတဲ့နိုင်ငံတွေမှာ အဖြစ်များတာကို တွေ့ရပါတယ်။ ဖွံ့ဖြိုးတိုးတက်ပြီးသား နိုင်ငံအများစုမှာတော့ ကျန်းမာရေးဗဟုသုတ သိရှိမှုတွေ ပိုလာတဲ့အတွက်အပြင် သူတို့ရဲ့အစားအစာတွေထဲမှာ ဗီတာမင်ဘီဝမ်းဓာတ်ကို အားဖြည့်ထပ်ပေါင်းထားတဲ့ အစားအစာတွေ လွယ်လင့်တကူ ရရှိနိုင်တဲ့အတွက် ဖြစ်တာအတွေ့ရနည်းလာတယ်။

**Voice ៖ ဒီရောဂါက ကလေးတွေမှာပဲ ဖြစ်နိုင်တာပါလား။**

**Dr.TYZ ៖** ဘယ်ရီဘယ်ရီက အသက်အရွယ်မရွေး ဖြစ်ပွားနိုင်ပါတယ်။ ဘယ်ရီဘယ်ရီမှာတော့ နှလုံးကို အဓိကထားထိခိုက်နိုင်တဲ့ Wet Beri Beri နဲ့ အရေပြားနဲ့ အာရုံကြောကို အဓိကထားထိခိုက်နိုင်တဲ့ Dry Beri Beri ဆိုပြီး နှစ်မျိုးရှိတယ်။ ကလေးသူငယ်တွေမှာတော့ ဘယ်ရီဘယ်ရီရောဂါက အသက်တစ်နှစ်အောက်မှာ အဖြစ်များဆုံးပါပဲ။ တစ်နှစ်အောက်မှာမှ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးရတဲ့ အသက်ခြောက်လအောက်မှာ အဖြစ်အများဆုံးကို တွေ့ရပါတယ်။

**Voice ៖ ဘယ်လိုအခြေအနေမျိုးရှိတဲ့ ကလေးတွေမှာ အဖြစ်များပါသလဲ။**

**Dr.TYZ ៖** အဖြစ်များတာက မိခင်ကိုယ်တိုင်မှာလည်း ဗီတာမင်ဘီဝမ်း သုံးဆောင်မှုမရှိတဲ့အတွက် ဗီတာမင်ဘီဝမ်းချို့တဲ့တဲ့ မိခင်တွေက မွေးဖွားလာတဲ့ကလေးတွေ၊ အဲဒီမိခင်တွေရဲ့ မိခင်နို့ကိုတိုက်တဲ့ကလေးငယ်တွေမှာ အဖြစ်များတာ တွေ့ရပါတယ်။ ပုံမှန်အားဖြင့် အသက်တစ်လကနေ သုံးလအရွယ်မှာ ကလေးတွေက ရုတ်တရက် နှလုံးအမောဖောက်ပြီး သေဆုံးနိုင်တဲ့ ဘယ်ရီဘယ်ရီရောဂါကို တွေ့ရပါတယ်။ ဗီတာမင်ဘီဝမ်းဓာတ်က ဇီဝကမ္မဖြစ်စဉ်တွေအတွက် အလွန်အရေးကြီးတဲ့ အင်ဇိုင်းတစ်ခုဖြစ်ပါတယ်။ သူ့ကြောင့် ကိုယ်ခန္ဓာရဲ့ နေ့စဉ်ဖြစ်ပျက်နေတဲ့ ဇီဝကမ္မဖြစ်စဉ်တွေက လွယ်လင့်တကူ ချောမွေ့စွာဆောင်ရွက်နိုင်တာပါ။ အထူးသဖြင့် အာရုံကြောစနစ်နဲ့ နှလုံးကြွက်သားတွေရဲ့ ဇီဝကမ္မဖြစ်စဉ်က အလွန်တရာမှ အရေးကြီးပါတယ်။ သူက ကိုယ်ခန္ဓာထဲမှာ နှစ်ရှည်လများ သိုလှောင်သိမ်းဆည်းထားနိုင်ခြင်း မရှိပါဘူး။ အကယ်၍ မိခင်တစ်ယောက်က ဗီတာမင်ဘီဝမ်း စားသုံးမှု ရပ်ဆိုင်းပြီး တစ်လခွဲလောက် ကာလအကြားမှာ ဗီတာမင်ဘီဝမ်း ချို့တဲ့တဲ့လက္ခဏာတွေကို စတင်ခံစားရမှာဖြစ်တယ်။ ဒီဓာတ်ချို့တဲ့တဲ့ မိခင်တွေမှာတော့ ကနဦးခံစားရလေ့ရှိတာကတော့ ခြေလက်ထုံကျင်တာ၊ အရေပြားထိတွေ့ခံစားသိရှိမှု လျော့နည်းလာတာတွေဖြစ်တယ်။ ဒါတွေက လူကြီးတွေမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ လက္ခဏာတစ်ခုပါပဲ။ မိခင်တွေအနေနဲ့ ဒီလိုလက္ခဏာကို စတင်သိရှိပြီဆိုရင် သူတို့ရဲ့ မိခင်နို့တစ်မျိုးတည်းကိုသာမှီခိုနေရတဲ့ ကလေးငယ်တွေမှာ ဘယ်ရီဘယ်ရီရောဂါ အချိန်မရွေးဖြစ်ပွားနိုင်တယ်ဆိုတာ သတိပြုစေချင်ပါတယ်။ တချို့ကလည်း ကလေးမှာ လက္ခဏာပြပြီးမှ မိခင်မှာ လက္ခဏာလေးတွေ ပေါ်လာတာတွေလည်း ရှိကောင်းရှိနိုင်တယ်။

**Voice ៖ ဘယ်ရီဘယ်ရီဖြစ်တယ်ဆိုတာ ဘယ်လိုအချက်တွေက သိနိုင်မလဲ။**

**Dr.TYZ ៖** ကလေးငယ်တွေ ပိန်တာ၊ ဝတာကိုကြည့်ခြင်းအားဖြင့် ဘယ်ရီဘယ်ရီချို့တဲ့တာကို မသိနိုင်ဘူး။ ဘယ်ရီဘယ်ရီချို့တဲ့တာသည် အခြားအာဟာရချို့တဲ့ခြင်းနဲ့တွဲဖက်ပြီး ဖြစ်ပေါ်နိုင်သလို ဘီဝမ်းဓာတ်တစ်ခုတည်းပဲ ချို့တဲ့ပြီးတော့လည်း ဖြစ်နိုင်ပါတယ်။ အဲဒီလိုဓာတ်တစ်ခုတည်းချို့တဲ့တယ်ဆိုတဲ့ ကလေးငယ်တွေကတော့ အများမျှော်လင့်ထားသလို အာဟာရချို့တဲ့ ပိန်လှီနေတဲ့ပုံစံမျိုးနဲ့မဟုတ်ဘဲ ဝဖြိုးဖြိုး ကလေးငယ်တွေဖြစ်နိုင်ပါတယ်။ ကလေးငယ်တွေမှာ ဘယ်ရီဘယ်ရီက အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်တဲ့ နည်းလမ်းနှစ်သွယ်နဲ့ ပြသနိုင်ပါတယ်။ ပုံမှန်နို့စို့မယ်၊ ငိုမယ်၊ လန်းနေတဲ့ကလေးက ရုတ်တရက်ဆက်တိုက် ချော့မနိုင်လောက်အောင်ကို ငိုလာရာကနေ ရုတ်တရက်အသံတိမ်ဝင်လာပြီးတဲ့အချိန်မှာ ထပ်ပြီးတော့ မငိုနိုင်ဘဲ အမောဖောက်လာတာမျိုး ဖြစ်နိုင်ပါတယ်။ ရံဖန်ရံခါမှာ မနက်ကအကောင်း၊ ညနေလောက်ကျမှ အမောဖောက်တာလည်း ဖြစ်နိုင်ပါတယ်။ ဒီလိုပဲ နှလုံးကြွက်သား အားနည်းလာတဲ့အတွက်ကြောင့် နှလုံးခုန်နှုန်းတွေ ရုတ်တရက်မြန်လာမယ်။ အသက်ရှူတွေမြန်လာမယ်၊ အသည်းတွေရုတ်တရက်ကြီးလာမယ်၊ နောက်ဆက်တွဲမှာ ကိုယ်ခန္ဓာသွေးလှည့်ပတ်မှုတွေ ကျဆင်းလာပြီး နှုတ်ခမ်းတွေ၊ လျှာတွေ၊ လက်တွေပြာလာပြီးတော့ အသက်အန္တရာယ် ဖြစ်သွားစေနိုင်ပါတယ်။ နောက်ထပ် အသက်အန္တရာယ်ဖြစ်စေနိုင်တာက ဦးနှောက်အမြှေးပါးရောင်တဲ့ လက္ခဏာမျိုးဖြစ်တယ်။ အဲဒီကလေးတွေကတော့ နှလုံးရောဂါလို အမောဖောက်လာတာမဟုတ်ဘဲနဲ့ ရုတ်တရက်တက်သွားတာ၊ သတိလစ်သွားတာမျိုး ဖြစ်နိုင်တယ်။ ရောဂါမပြင်းထန်တဲ့ ကလေးတွေမှာတော့ ငိုနေရာက အသံတိမ်သွားပြီး အသံအိုးကြွက်သား အားနည်းသွားတဲ့ လက္ခဏာလောက်နဲ့ပဲ ရောဂါကို ခံစားရတာတွေ့နိုင်တယ်။

**Voice ៖ ဒီရောဂါက ကာကွယ်လို့ရနိုင်ပါသလား။**

**Dr.TYZ ៖** ဒါက အချိန်မီကုသရင် အသက်ရှင်နိုင်တယ်။ ဗီတာမင်ဘီဝမ်းဆေး ကလေးကိုထိုးပေးခြင်းအားဖြင့် အမောဖောက်နေတဲ့ကလေးက ချက်ချင်းပြန်ကောင်းနိုင်တယ်။ ဒီဆေးက ခက်ခက်ခဲခဲရှာဝယ်ရတဲ့ဆေး မဟုတ်သလို ခက်ခက်ခဲခဲသွင်းရတဲ့ ဆေးလည်း မဟုတ်ပါဘူး။ ဒါကြောင့် မိဘတွေအနေနဲ့ ကလေးက ဘယ်ရီဘယ်ရီချို့တဲ့တယ်လို့ထင်ရင် နီးစပ်ရာဆေးခန်းကို အမြန်ဆုံးသွားဖို့ တိုက်တွန်းပါရစေ။ ကာကွယ်လို့ရတဲ့အတွက် ကျန်းမာရေးဗဟုသုတပေးဖို့ပဲ လိုပါတယ်။

**Voice ៖ ဘယ်လိုအချက်တွေကြောင့် ဘယ်ရီဘယ်ရီကို ဖြစ်စေနိုင်ပါသလဲ။**

**Dr.TYZ ៖** ဒါက ဆင်းရဲချမ်းသာမရွေးဘဲ ရံဖန်ရံခါ ခံစားရတယ်။ နောက်ပြီး ဆန်တွေက အလွန်အမင်း တိုက်ချွတ်ထားတဲ့အတွက် အင်မတန်မှ ဘီဝမ်းဓာတ်နည်းတာ တွေ့ရပါတယ်။ ထမင်းရည်ငှဲ့ချက်တာတွေကလည်း ဒီဓာတ်ကို ဆုံးရှုံးစေတယ်။ ဆန်လုံးညိုနဲ့ မောင်းထောင်းဆန် စတာတွေက ဒီဓာတ်ကိုပြည့်စုံစွာ ပါတာတွေ့ရတယ်။ ဆန်ကိုရေစိမ်းချက်စားရင်တော့ ဘီဝမ်းချို့တဲ့မှုကို ကာကွယ်နိုင်တယ်။ ငှဲ့ချက်မှဆိုတဲ့သူတွေအနေနဲ့ ငှဲ့ထားတဲ့ထမင်းရည်ကို သောက်သင့်ပါတယ်။ နောက်ပြီး မိခင်တွေကလည်း အာဟာရပြည့်အောင် စားသင့်တယ်။ မွေးစကနေ အသက်ခြောက်လအထိ မိခင်နို့ပဲတိုက်ရမယ့်အချိန်မှာ မိခင်က ဘီဝမ်းဓာတ်ချို့တဲ့ရင် ကလေးမှာပါ ဒီဓာတ်ကချို့တဲ့နိုင်တယ်။ ကိုယ်ဝန်ဆောင်မိခင်တွေအနေနဲ့ အာဟာရပြည့်စုံအောင် စားသင့်သလို မီးဖွားပြီးချိန်မှာလည်း ပြည့်စုံအောင် စားသင့်ပါတယ်။ ဒါ့အပြင် ကိုယ်ဝန်ဆောင်ချိန် အားဆေးသုံးသလို မီးဖွားပြီးရင်လည်း ဘီဝမ်းနဲ့ သံဓာတ်ပါတဲ့ဆေးတွေ သောက်သုံးသင့်ပါတယ်။ နောက်ပြီး ပဲနီ၊ ပဲဝါ၊ မတ်ပဲ အစရှိတဲ့ ပဲမျိုးစုံမှာလည်း ဘီဝမ်းဓာတ်ပါသလို အသား၊ ငါးနဲ့ နို့တွေမှာလည်း ပါပါတယ်။ ဒါကြောင့် ပြည့်စုံအောင်စားသင့်တယ်။ နောက်တစ်ခုက မွေးကင်းစကလေးတွေက မိခင်နို့စို့ပြီးတိုင်းမှာ မကြာခဏ ဝမ်းပျော့ပျော့သွားတတ်တယ်။ အဲဒီလို မိခင်က ပဲစားမိလိုက်တဲ့အချိန်မှာ ကလေးရဲ့ ဝမ်းပျော့တာနဲ့တိုက်ဆိုင်တော့ လူကြီးတွေက မိခင်ပဲစားလို့ကလေးဝမ်းပျက်တယ်ဆိုပြီး မှားယွင်းစွာယူဆကြတယ်။ မြန်မာအယူအရ မီးဖွားပြီးတဲ့အချိန်မှာ အစားအသောက် ရှောင်ရပါတယ်။ တချို့ဆို ကလေးသန်ထမှာ၊ လေနာမှာ၊ အစာမကြေမှာ စိုးရိမ်ပူပန်တာနဲ့ စေတနာအမှားတွေကြောင့် ကလေးရော မိခင်ပါ ဒုက္ခရောက်ရတယ်။ မြန်မာမိသားစုအများစုက မီးဖွားပြီးချိန်မှာ နို့ထွက်သန်အောင် ဟင်းချိုဟင်းခါးသောက်လေ့ရှိတယ်။ နောက်တစ်ခုက အသားတွေနဲ့ ငါးတွေကို သန်ထမှာစိုးပြီး ငါးခြောက်ကို အစားများကြတယ်။ အဲဒီမှာပြဿနာက မိခင်တွေက ဗီတာမင်ဘီဝမ်းဓာတ်ပေါများတဲ့ အသားတွေနဲ့ ငါးတွေကို မစားတော့ဘဲ ရှောင်တော့ မိခင်မှာ နဂိုရှိပြီးသား ဘီဝမ်းဓာတ်တွေကို ချေဖျက်ပျောက်ဆုံးနိုင်တယ်။ ငါးခြောက်စားတာက ဗီတာမင်ဘီဝမ်းဓာတ်ချို့တဲ့မှုကို ပိုမိုဖြစ်စေနိုင်တယ်။ ငါးခြောက်ထဲမှာ ဘီဝမ်းဓာတ်ကိုဖျက်ဆီးတဲ့ အင်ဇိုင်းဓာတ်ပါနေတယ်။ ဒီအတွက် မိခင်တွေမီးဖွားပြီးတာနဲ့ အာဟာရပြည့်တဲ့ အစားအစာတွေစားရမယ်။ ထမင်းနဲ့ ဟင်းချို၊ ဟင်းခါးမှ မဟုတ်ဘူး။ စားနေကျအသား၊ ငါးတွေ၊ ဟင်းသီးဟင်းရွက်တွေ၊ ပဲနဲ့ အာလူးတွေ အပြင် သန့်ရှင်းလတ်ဆတ်တာတွေကိုစားသုံးပေးရပါမယ်။

**Voice ៖ အခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။**

■ သီတာဆွေ



ဓာတ်ပုံ – သီတာဆွေ

> **ဒါက အချိန်မီကုသရင် အသက်ရှင်နိုင် တယ်။ ဗီတာမင်ဘီဝမ်းဆေး ကလေးကိုထိုးပေးခြင်း အားဖြင့် အမောဖောက်နေတဲ့ကလေးက ချက်ချင်းပြန်ကောင်းနိုင်တယ်။ ဒီဆေးက ခက်ခက်ခဲခဲရှာဝယ်ရတဲ့ဆေး မဟုတ်သလို ခက်ခက်ခဲခဲသွင်းရတဲ့ ဆေးလည်းမဟုတ်ပါဘူး။ ဒါကြောင့် မိဘတွေအနေနဲ့ ကလေးက ဘယ်ရီဘယ်ရီချို့တဲ့တယ်လို့ထင်ရင် နီးစပ်ရာဆေးခန်းကို အမြန်ဆုံးသွားဖို့ တိုက်တွန်းပါရစေ။**


ဓာတ်ပုံ- သန့်ဇင်ဦး

## “ကျွန်တော့်အတွက် ဇာတ်ညွှန်းအရေးကြီးသလို၊ လက်တွဲအလုပ်လုပ်မယ့် ထုတ်လုပ်ရေးရဲ့ အနေအထားကိုလည်း ကြည့်ပါမယ်”

❍ ဇော်ဒီ

## “မိန်းကလေး ပရိသတ်တွေ သူ့ကို အရမ်းကို ကြိုက်တာကိုက ကိုယ့်ကို စိတ်ချမ်းသာစေပါတယ်”

❍ ခရစ်(စ်) တီးနားဒီ

သန့်ဇင်ဦး

**လက်ရှိမှာ ပရိသတ်အားပေးမှုတွေ မြင့်တက်နေတဲ့ ‘ဥပါယ်တံမျဉ်’ ရုပ်ရှင်ဇာတ်ကားရဲ့ ဖန်တီးရှင် သရုပ်ဆောင် ဇော်ဒီ၊ ဒါရိုက်တာ ခရစ်(စ်) တီးနားဒီတို့ ဇနီးမောင်နှံနဲ့ တွေ့ဆုံပြီး ဇာတ်ကားအောင်မြင်မှုအပေါ် ခံစားမှု၊ ရိုက်ကူးရေး အမှတ်တရများနဲ့ ဆက်လက်လုပ်ဆောင်သွားမယ့် အနုပညာလှုပ်ရှားမှုတွေအကြောင်းကို The Voice က မေးမြန်းဖော်ပြထားပါတယ်။**

**Voice: ဥပါယ်တံမျဉ် ရုပ်ရှင်ဇာတ်ကားက သုံးပတ်မြောက် ရုံတင်ပြသခွင့်ရတဲ့အထိ အောင်မြင်မှုရခဲ့တဲ့အပေါ် ခံစားမှုက ဘယ်လိုရှိလဲ။**

**ZK:** ကျွန်တော်တို့ ‘ဥပါယ်တံမျဉ်’ ရုပ်ရှင်ဇာတ်ကားက သုံးပတ်မြောက် ပြခွင့်ရသွားပြီပေါ့နော်။ ဒါကလည်း ပရိသတ်တွေရဲ့ အားပေးမှုကြောင့် ဝန်းရံမှုကြောင့်ပါ။ အဲ့ဒီအတွက် ပရိသတ်တွေအားလုံးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါတယ်။ မကြည့်ရသေးတဲ့ ပရိသတ်တွေလည်း သွားကြည့်ပေးဖို့ တောင်းဆိုချင်ပါတယ်။ လေးပတ်မြောက်ဆက်ရုံတင်နိုင်ဖို့အတွက်လည်း ပရိသတ်တွေရဲ့ အားပေးမှု အရမ်းလိုပါတယ်။ ဒါကြောင့် ဆက်ပြီးတော့ ဝန်းရံပေးကြပါ။ ဝန်းရံပေးနေတဲ့ သူတွေကိုလည်း ကျေးဇူးတင်ပါတယ်။

**CK:** အစ်မလည်း ပရိသတ်တွေကို ကျေးဇူးအများကြီး တင်ပါတယ်။ ဒီဇာတ်ကား ရုံမတင်ခင်တုန်းကတော့ ပရိသတ်တွေက ဒီလောက်အထိ အားပေးကြလိမ့်မယ်လို့ မမျှော်လင့်ခဲ့ပါဘူး။ အစ်မတို့က ရုပ်ရှင်တစ်ကားရိုက်တဲ့အခါ၊ သူများတွေ လုပ်ရိုး လုပ်စဉ်ထက် အပြောင်းအလဲတွေ လုပ်ခဲ့ရတဲ့ အခါမှာ ဇာတ်ကား စတည်တာကနေ ရုံတင်တဲ့အထိ အခက်အခဲတွေ ရှိခဲ့ပါတယ်။ အစ်မတို့က လမ်းကြောင်းအသစ်ကို သွားရတာဆိုတော့ ကိုယ်နဲ့အတူ ပူးပေါင်းကြတဲ့သူတွေကိုလည်း ပြောင်းလဲမှုတစ်ခုကို ပြောပြရတယ်၊ ကိုယ့်ကိုလည်းယုံကြည်အောင် ကြိုးစားရတယ်။ ကိုယ်က အနုပညာလောကမှာ အသစ်လည်းဖြစ်နေတယ်၊ လက်စွမ်းပြထားတာလည်း တစ်ခုမှ မရှိတော့ ကိုယ့်ကို ယုံကြည်အောင်ပြောရတယ်။ ရိုက်ပြီးတဲ့အချိန်မှာလည်း ရုံတင်နိုင်ဖို့ အခက်အခဲတွေ ဆက်ရင်ဆိုင်ရပါတယ်။

**Voice: ဇနီးမောင်နှံ နှစ်ယောက်အတူတူ ဖန်တီးတဲ့ ရုပ်ရှင်တစ်ကားတည်းနဲ့ အောင်မြင်မှု အသီးအပွင့်ကို အတူတူ ခံစားခဲ့ရတယ်နော်။ ဒီဇာတ်ကားရဲ့ ဒါရိုက်တာက ကိုယ့်အမျိုးသမီး ဖြစ်နေတဲ့အတွက် ဘယ်လို အထောက်အပံ့ကောင်းတွေရလဲ။**

**ZK:** အမျိုးသမီး ကရိုက်လို့ဆိုပြီး ဘာမှတော့ မထူးသွားပါဘူး။ ကျွန်တော့်အတွက် ဖိအားတောင်ပိုများသွားပါတယ်။ သူက ရိုက်ကွင်းမှာ ကိုယ့်ကို ပိုမောင်းတာပေါ့နော်။ နှစ်ယောက်လုံး တစ်ပြိုင်တည်း ပရိသတ်ရဲ့အသိအမှတ်ပြုမှုကို ရတယ်ဆိုတာကလည်း ရုပ်ရှင်ရဲ့အောင်မြင်မှုကြောင့်ပါ။ ကျွန်တော်တို့ ကြိုးစားမှုလေး အရာထင်သွားတဲ့အတွက် အတိုင်းမသိ ဝမ်းသာရပါတယ်။ ရိုက်တုန်းကတော့ သူနဲ့ အငြင်းအခုံ လုပ်ခဲ့ရတာတွေလည်းရှိပါတယ်။ သူကလည်း ဒါရိုက်တာဆိုတော့ ဒါရိုက်တာရဲ့ အတ္တရှိတယ်။ သူလိုချင်တာကို သူ တိတိကျကျ သိတယ်။ ကျွန်တော်ရေးထားတဲ့ ဇာတ်ညွှန်းမှာ သူနဲ့ အမြင်မတူတာလေးတွေ ရှိရင်တော့ ညှိရတာပေါ့။

**Voice: ကိုဇော်ဒီကို မိန်းကလေးပရိသတ်တွေ အားပေးမှု များလာတဲ့အပေါ်ကိုရော ဘယ်လို ခံစားရလဲ။**

**CK:** သူ့ကို အားပေးတာမြင်ရရင်ပဲ ကျွန်မအရမ်းဝမ်းသာပါတယ်။ ကိုယ်တိုင်လည်း ကိုယ်ကြိုက်တဲ့ မင်းသားဆိုတာရှိတယ်လေ။ ကိုယ်ကြိုက်တဲ့ နိုင်ငံခြားမင်းသားမှာ မိန်းမရှိတယ်၊ ကလေးရှိတယ်ပေါ့။ ကိုယ်ကြိုက်တဲ့သူအပေါ် ရင်ခုန်စိတ်လှုပ်ရှားမှုလည်းရှိတယ်၊ သူ့ကို ကြိုက်တယ်၊ ကြည့်ချင်တယ်ပေါ့။ အဲ့ဒီတော့ ကိုယ့်ရဲ့စိတ်နဲ့ပဲ အမြဲတမ်း ကိုယ်ချင်းစာတရားထားပါတယ်။ နောက်တစ်ခုက သူ့ကိုလည်း အရမ်းဖြစ်စေချင်တယ်။ မိန်းကလေးပရိသတ်တွေ သူ့ကို အရမ်းကို ကြိုက်တာကိုက ကိုယ့်ကို စိတ်ချမ်းသာစေပါတယ်။ ဒါကြောင့် ဆက်အားပေးကြဖို့ ပြောချင်ပါတယ်။

**Voice: ဇာတ်ကားမှာ ကိုယ့်အမျိုးသားနဲ့ မင်းသမီးနှစ်ယောက်ရဲ့ Love Scene တွေကို ကိုယ်က ဒါရိုက်တာ တစ်ယောက်အနေနဲ့ ညွှန်ကြားရိုက်ကူးခဲ့ရတုန်းကရော ဘယ်လိုခံစားရလဲ။**

**CK:** ကိုယ့်အလုပ်က ဒါရိုက်တာဆိုတော့ မင်းသားက ဘယ်သူပဲ ဖြစ်ဖြစ်၊ ဒီလို အခန်းမျိုးကတော့ ရိုက်ရမှာ ပေါ့နော်။ ဒါကတော့ ကိုယ့် Professional အနေနဲ့ပေါ့။ နောက်တစ်ခုကတော့ သူ့ရဲ့ Profession ကို နားလည်ပေးလိုက်တယ်။ သူ့ကို အရင်တုန်းကလည်း မေးဖူးတယ်။ ဘယ်လို အခန်းမျိုးတွေ ရှောင်ချင်လဲလို့။ သူကတော့ ကာရိုက်တာအရ လိုတာအကုန်လုပ်မယ်လို့ပြောထားပြီးပြီ။ သရုပ်ဆောင်အလုပ်ကို သူ ရွေးချယ်လိုက်ပြီဆိုကတည်းက ဇာတ်ညွှန်းတွေက မျိုးစုံလာတော့မှာလေ။ အဲ့ဒီအတွက် ကိုယ်က ကြိုတင်ပြင်ဆင်ထားတော့ ခံနိုင်ရည်ရှိတာပေါ့။ ကိုယ်နဲ့မှ မဟုတ်ဘူး၊ သူများနဲ့လည်း သူ သွားရိုက်ရတော့မှာလေ။ ရိုက်ကူးရေးမှာတော့ ရင်ခုန်တာတွေ သူတို့ဖြစ်နေတာတွေထက်၊ ကိုယ့်ရုပ်ရှင်မကောင်းမှာကို ပိုပူတယ်။ မပီပြင်မှာကို ပိုစိုးရိမ်တယ်။ သူကလည်း ကာရိုက်တာထဲဝင်သွားပြီဆိုရင် အိမ်က ကိုဇော်ဒီ မဟုတ်တော့တာများတယ်။ အဲ့ဒီတော့ ပိုနားလည်ပေးလို့ရပါတယ်။

**Voice: ကိုယ်လည်း ပရိသတ်အသိအမှတ်ပြုမှုတစ်ခုရခဲ့ ပြီဆိုတော့၊ ကိုယ့်အမျိုးသမီးနဲ့အပြင် ဘယ်လို ဒါရိုက်တာမျိုးတွေ၊ ထုတ်လုပ်ရေးတွေနဲ့ လက်တွဲ ရိုက်ကူးချင်သေးလဲ။**

**ZK:** ကျွန်တော့်ကို ကမ်းလှမ်းမှုတွေတော့ စရှိလာပါပြီ။ ကျွန်တော့်ထုတ်လုပ်ရေးကလည်း ချုပ်ထားတာမျိုး မရှိပါဘူး။ ဘယ်သူနဲ့မဆို လက်တွဲလုပ်ဖို့ အစီအစဉ်ရှိပါတယ်။ ကျွန်တော့်အတွက် အရေးကြီးတာကတော့ ဇာတ်ညွှန်းပေါ့။ ဇာတ်ညွှန်းကို ဖတ်ကြည့်ချင်တယ်။ သူတို့ ကျွန်တော့်ကို ကမ်းလှမ်းလာတဲ့ ကာရိုက်တာမှာ ကျွန်တော် ခံစားပေးနိုင်မလား၊ တကယ်ပဲလုပ်နိုင်မလား ဆိုတာကို ကြည့်ချင်တယ်။ ကျွန်တော် တကယ်ကြိုက်တယ်၊ အဲ့ဒီဇာတ်ကောင်နေရာမှာ ခံစားပေးလို့ရတယ်ဆိုရင် ရိုက်ဖြစ်မှာပါ။ ကျွန်တော့်အတွက် ဇာတ်ညွှန်းအရေးကြီးသလို၊ လက်တွဲအလုပ်လုပ်မယ့် ထုတ်လုပ်ရေးရဲ့အနေအထားကိုလည်းကြည့်ပါမယ်။ အချိန်သိပ်မယူဘဲ မြန်မြန်ဆန်ဆန်ပြီးမယ့်ဟာမျိုးဆို အဆင်သိပ်မပြေဘူး။ သေသေချာချာစီစဉ်ပြီး ရိုက်မယ့် ထုတ်လုပ်ရေးနဲ့ဆို ပိုလက်တွဲ ဖြစ်ပါမယ်။


ဓာတ်ပုံ- ဖြိုးငွေစိုး Facebook Page

## ဟာသရုပ်ရှင် ဇာတ်ကားတစ်ကားကို ကိုယ်တိုင်ထုတ်လုပ် ရိုက်ကူးမယ့် ဖြိုးငွေစိုး

**ရန်ကုန်၊ ဖေဖော်ဝါရီ ၆**

ကိုယ်တိုင်ရေးသားထားတဲ့ ဇာတ်လမ်းတစ်ခုကို ယခုလအတွင်းမှာ ဒါရိုက်တာ ညွန့်မြန်မာညီညီအောင်နဲ့ ရုပ်ရှင်ရိုက်ကူးသွား ဖို့ရှိကြောင်း သရုပ်ဆောင် ဖြိုးငွေစိုးက The Voice ကို ပြောကြားပါတယ်။

“ဇာတ်ကားနာမည်ကိုတော့ တက္ကစီလို့ ပေးထားပါတယ်။ တက္ကစီမောင်းတဲ့ သူတစ်ယောက်ရယ်၊ သူ့ရဲ့ ညီဝမ်းကွဲ နှစ်ယောက်ရယ်၊ သူ့ရည်းစားရယ်၊ အရူးမတစ်ယောက်ရယ်၊ အရူးမရဲ့ညီမတစ် ယောက်ရယ်၊ တက္ကစီတစ်စီးရယ် တိုင်ပတ်ကြတဲ့ ဇာတ်လမ်းပါ” လို့ ၎င်းက ထပ်လောင်းပြောဆိုပါတယ်။

ဇာတ်လမ်းကို ကိုယ်တိုင်ရေးသားထားပေမယ့် ဇာတ်ညွှန်းကိုတော့ ဆဲဗင်းဒေးက ရေးပေးမှာဖြစ်ကြောင်း၊ လူတွေကို ကူညီချင်စိတ်ရှိတာကြောင့် ကူညီလိုက်ပေမယ့် မထင်မှတ်ထားဘဲ လွဲချော်သွားတဲ့အခါမှာ အခက် တွေ့ရတဲ့ အကြောင်းလေးကို ပုံဖော်ရိုက်ကူးသွား မှာ ဖြစ်ကြောင်း ဖြိုးငွေစိုးက ပြောကြားပါတယ်။

“သရုပ်ဆောင်တွေကတော့ ကျော်ကျော် (မင်းမော်ကွန်း)၊ ကိုခန့် (ခန့်စည်သူ) နဲ့ ကျွန်တော်ပါမယ်။ မင်းသမီး သုံးယောက်ကတော့ လိုက်ဖက်မယ့်သူကို ဒါရိုက်တာ ဦးညီညီအောင်က ရွေးပါလိမ့်မယ်။ ဒီဇာတ်ကားကို ကျွန်တော်တို့ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ စရိုက်ပါမယ်” လို့ ၎င်းက ဆိုပါမယ်။

## Recap

❍ ‘စရိုက်’ ရုပ်ရှင်ဇာတ်ကားမှာ သရုပ်ဆောင်ရတဲ့ ကားစပယ်ယာ ဇာတ်ရုပ်ပီပြင်ဖို့အတွက် ဇာတ်ကား မရိုက်ခင်မှာ ကြို တင်လေ့လာခဲ့ရကြောင်း သရုပ်ဆောင် ကျော်ထက်အောင်က The Voice ကို ပြောကြားပါတယ်။

“ကျွန်တော့်အတွက် ဒီဇာတ်ရုပ်က တကယ့်ကို အစိမ်းသက်သက်ပါပဲ။ ဇာတ်ကားမရိုက်ခင်မှာ စပယ်ယာတွေရဲ့ အမူအကျင့်တွေ၊ ပြောပုံဆိုပုံတွေကို လေ့လာခဲ့ရပါတယ်။ တာမွေအဝိုင်းမှာဆို ဘတ်စကား တွေ အရမ်းများတယ်လေ။ အဲ့ဒီမှာ ကားထိုးပြီးတော့ စပယ်ယာတွေ ဘယ်လိုလုပ်လဲ၊ ဘယ်လို ပြောလဲဆိုတာကို ကျွန်တော် သွားပြီး လေ့လာတယ်။ သူတို့ရဲ့ ဝတ်ပုံစားပုံတွေကိုလည်း လေ့လာရပါတယ်။ နောက်ပြီးတော့ ကွမ်းစားကြည့်ရတယ်။ ကွမ်းတွေဘာတွေ မစားဖူးတော့ ထုံးတွေလည်း ပေါက်ခဲ့တယ်။ နောက်ပိုင်းကျတော့ စားရင်း၊ စားရင်းနဲ့ ကွမ်းတောင် ကြိုက်သွားတယ်” လို့ ၎င်းက ထပ်လောင်းပြောဆိုပါတယ်။

❍ မကြာခင် ကျရောက်တော့မယ့် ချစ်သူများနေ့ကိုတော့ ပုံမှန်အတိုင်းပဲ ချစ်သူကောင်းပြည့်နဲ့အတူတူ ဖြတ်သန်းကြမှာဖြစ်ကြောင်း မော်ဒယ်လ်နဲ့ သရုပ်ဆောင်သန္တာဗိုက The Voice ကို ပြောကြားပါတယ်။

“နှစ်တိုင်းကတော့ အမှတ်တရတွေ အများကြီးရှိခဲ့တာပေါ့နော်။ ဒီနှစ်မှာလည်း တစ်ဆိုင်ဆိုင်မှာ နှစ်ယောက် အတူ မုန့်စားရင်းနဲ့ပဲ ဖြတ်သန်းဖြစ်ဖို့ များပါတယ်။ အရင်နှစ်ကတော့ Surprise တွေနဲ့ ဖြတ်သန်းခဲ့ရတယ်။ ဒီနှစ်ကတော့ မုန့်စားရင်း၊ စကားပြောရင်းနဲ့ ဖြတ်သန်းသွားမယ်။ သူကတော့ ရည်းစားဖြစ်ကတည်းက Surprise တွေဘာတွေ သိပ်မလုပ်တတ်ဘူး။ သူ Surprise လုပ်ပေးတာက သုံးခါလောက်ပဲ ရှိသေးတယ်။ ညီမက သူ့ကို Surprise လုပ်ပေးတာ များပါတယ်။ သူကကျတော့ အနေအေးတာလည်းပါပါတယ်” လို့ ၎င်းက ဆိုပါတယ်။

# ‘မဟူရာ ရုပ်ရှင်ရုံ’

သတင်းနှင့် ဓာတ်ပုံ
သန့်ဇင်ဦး

**7 Sense Film Production အတွက် ဒါရိုက်တာ ပြည့်ဇော်ဖြိုး က ‘မဟူရာ ရုပ်ရှင်ရုံ’ ရုပ်ရှင်ဇာတ်ကားကို သရုပ်ဆောင် နေတိုး၊ မင်းသွေး၊ နန်းဆုဦး၊ အိန္ဒိယ ရုပ်ရှင်မင်းသမီး ရီယာရေးတို့နဲ့ မကြာမီ ရိုက်ကူးသွားတော့မှာပါ။ ယင်း ဇာတ်ကားမှာ ပါဝင်မယ့် အနုပညာရှင်အချို့ရဲ့ရင်တွင်းစကားသံတွေက The Voice က မေးမြန်း ဖော်ပြလိုက်ပါတယ်။**









## ဒါရိုက်တာ ပြည့်ဇော်ဖြိုး

ဒီဇာတ်လမ်း က ကိုနေတိုးနဲ့ ကျွန်တော် ဆုံပြီး စကားပြောဖြစ်ရင်းကနေ အကောင်အထည် ပေါ်လာတာပေါ့။ Horror ဇာတ်ကား ရိုက်ဖို့ Location တစ်ခု ရွေးလိုက်ကြမယ်။ အဲ့ဒီနေရာမှာ ဖြစ်ပျက်တဲ့ အဖြစ်အပျက်တစ်ခုကို ရိုက်ပြဖို့ကြိုးစားကြည့်ကြမယ်ဆိုပြီး ဒီဇာတ်လမ်းကို တည်ဖြစ်တာပါ။ ရှေ့မှာတော့ ကိုနေတိုးနဲ့ ပြောထားတာ ဒီဇာတ်လမ်းတော့ မဟုတ်ဘူး။ အခြားဇာတ်လမ်းတစ်ခုပါ။ အဲ့ဒါရိုက်ဖို့လည်း အချိန်တစ်နှစ်ကျော်လောက် ပေးပြီး ကျွန်တော် ပြင်ဆင်ပြီးသွားပြီ။ အဲ့ဒါကကျတော့ ရိုက်ရမယ့် Location တွေလည်း များသလို၊ ကုန်ကျစရိတ်လည်းများတဲ့အတွက် မရိုက် ဖြစ်သေးတာပါ။ Horror လိုင်းက ကျွန်တော့်အတွက် လုံးဝအသစ်ပါပဲ။ မဟူရာရုပ်ရှင်ရုံ ဇာတ်လမ်းကို ရေးမယ်ဆိုတော့မှ ကျွန်တော် အချိန်ယူပြီး လေ့လာရတယ်။ အွန်လိုင်းမှာလည်း Horror ဇာတ်ကားအတွက် ဇာတ်ညွှန်းရေးနည်းသင်တဲ့ CLASS တွေ တက်ရတယ်။ ကျွန်တော့်ရဲ့ ပထမဆုံး ရုပ်ရှင်က Horror ဇာတ်ကားဖြစ်လိမ့်မယ်လို့ မတွေးခဲ့ဖူးဘူး။ ဇာတ်လမ်းအရတော့ သူငယ်ချင်းအဖွဲ့တစ်ဖွဲ့ရှိတယ်။ သူတို့နဲ့ လာရောက်ပူးပေါင်းမယ့် နိုင်ငံခြားသူတစ်ယောက်ရှိတယ်။ ဇာတ်လမ်းနဲ့လိုက်ဖက်မယ့် သရုပ်ဆောင်တွေကို အားလုံး တိုင်ပင်ပြီး ရွေးချယ်ခဲ့ကြတာ ပါ။ ဒီကားအတွက် ကျွန်တော် အကောင်းဆုံး ကြိုးစားပြင်ဆင်ထားတယ်။ ရိုက်မှာကတော့ ရန်ကုန်နဲ့ ရှမ်းပြည်ဘက်မှာ သွားရိုက်ပါမယ်။ တချို့အခန်းတွေကို ဆက်တင်ဆောက်ပြီး ရိုက်ပါမယ်။

## ဝေမင်းမောင်
## (7 Sense Film Production )

ဒီဇာတ်ကားကတော့ ကျွန်တော်တို့ 7 Sense Film Production နဲ့ ကိုနေတိုးနဲ့ ငါးကားမြောက်လက်တွဲ ရိုက်ကူးတဲ့ ရုပ်ရှင်ဇာတ်ကားပါ။ ရှေ့မှာတော့ ကြောက်ကြောက်ကြောက် နဲ့ ပက်ပက်စက်စက် ညို့ ဇာတ်ကားတွေကိုတော့ ရုံတင်ပြသခဲ့ပြီးပါပြီ။ ကျွန်တော်တို့ မျှော်လင့်ထားတာထက် ပိုပြီး ပရိသတ်အားပေးမှု ရခဲ့ပါတယ်။ နောက်ထပ် တိမ်တိုက်တံတား နဲ့ မုန်းစွဲ ရုပ်ရှင်ဇာတ်ကား တွေလည်း ရုံတင်ဖို့ ရှိပါတယ်။ ဒီဇာတ်လမ်းကတော့ ကိုနေတိုး ကိုယ်တိုင်ရှာတဲ့ ဇာတ်လမ်းပါ။ ကျွန်တော်တို့လည်း သဘောကျပါတယ်။ ဒါရိုက်တာကလည်း အသစ်ဆိုပေမယ့် အရည်အချင်းရှိတဲ့ သူတစ်ယောက်မို့ ကျွန်တော်တို့ လက်တွဲ ဖြစ်တာပါ။ အိန္ဒိယ မင်းသမီး ရီယာရေးကို ကမ်းလှမ်းဖြစ်တာကတော့ ဇာတ်လမ်းမှာလည်း အိန္ဒိယလူမျိုးတစ်ယောက်ပါနေတယ်။ မြန်မာရုပ်ရှင်လောကအတွက်လည်း အပြောင်းအလဲလေးလည်း ဖြစ်အောင် ရီယာရေး ကိုခေါ်လိုက်တာပါ။ သူက Doom 3 ရုပ်ရှင်မှာ သတင်းထောက်ကောင်မလေး တစ်ယောက်အနေနဲ့ ပါဝင်ခဲ့ပါတယ်။ သူ့ရဲ့ သရုပ်ဆောင်မှုကလည်း ပရိသတ်တွေအတွက် အမြင်ဆန်းစေမှာပါ။

## နေတိုး

မဟူရာရုပ်ရှင်ရုံက လွန်ခဲ့တဲ့ ၂၀၁၂ ခုနှစ်လောက်ကို အခြေခံပြီး ရေးထားတဲ့ ဇာတ်လမ်းပါ။ ဒါရိုက်တာ ပြည့်ဇော်ဖြိုးနဲ့ကလည်း ကျွန်တော်တို့က ညီအစ်ကိုလို ခင်နေတယ်။ လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကတည်းက Horror ဇာတ်ကား ကောင်းကောင်းလေး ရိုက်ချင်တဲ့အတွက် ကျွန်တော်တို့ စကား ပြောဖြစ်ရာကနေ ဒီဇာတ်လမ်း လေးဖြစ်လာခဲ့တာပါ။ ကာရိုက်တာအားဖြင့်ကတော့ ရုပ်ရှင် နဲ့ ပတ်သက်ပြီး ဝါသနာကြီးတဲ့ လူငယ်ဒါရိုက်တာ တစ်ယောက်၊ ဇာတ်လမ်းတိုလေးတွေ ဖန်တီး ရတာကို ဝါသနာပါတဲ့ လူငယ်တစ်ယောက်နေရာက ပါဝင်သရုပ် ဆောင်ရမှာပါ။ ဇာတ်လမ်းရဲ့လိုအပ်ချက်အရ တချို့ ဇာတ်ဝင်ခန်းတွေကိုတော့ ဒါရိုက်တာဖြစ်ချင်တဲ့အတိုင်း ဆက်တင်တွေ ဆောက်ပြီး ရိုက်ကြမှာပါ။ ဒီကားမှာ မိတ်ကပ်အထူးပြုလုပ်ချက်ပိုင်းကတော့ သိပ်အများကြီး မပါပါဘူး။ ကျွန်တော်တို့က ဇာတ်ကားတစ်ကားကို တည်ဆောက်တဲ့အခါမှာ ပရိသတ်နေရာကနေ အရင်ခံစားကြည့်ပြီး ကိုယ်မြင်တဲ့ ရှုထောင့်ကနေ ပြန်ပြီး ခံစားကြည့်တယ်။ ဇာတ်ကားအတွက် Workshop တွေလည်း အကြိမ်ကြိမ် လုပ်ခဲ့ရပါတယ်။ ဇာတ်လမ်းကိုလည်း အကြိမ်ကြိမ် အထပ်ထပ် ပြင်ဆင်ထားကြတယ်။ လေးကြိမ် မြောက်လောက်မှာတော့ ကျေနပ်လောက်တဲ့ ဇာတ်ညွှန်းတစ်ခုကို ရခဲ့ပါတယ်။ ပရိသတ်တွေ နှစ်သက်မယ့် Horror ကားတစ်ကား ဖြစ်အောင် ကျွန်တော်တို့ကြိုးစားကြမှာပါ။

## မင်းသွေး

ဒီဇာတ်ကားထဲမှာ ကျွန်တော်က ကျော်စွာဆိုတဲ့ ဇာတ်ကောင်နေရာက ပါဝင်ရမှာပါ။ ကျွန်တော့်ကာရိုက်တာက ကြောက်တတ်တယ်၊ အေးအေးဆေးဆေး နေတတ်တယ်။ စက်ပစ္စည်းနဲ့ပတ်သက်ပြီး စိတ်ဝင်စားတဲ့ လူငယ်တစ်ယောက်ပေါ့။ ကျွန်တော်တို့ အနုပညာလောကမှာလည်း ရိုက်ကူးမှု ပုံစံလေးတွေက အရင်နဲ့ မတူတော့ပါဘူး။ ဇာတ်ကား တစ်ကားကို သေချာပြင်ဆင်ပြီး ရိုက်တဲ့သူတွေရှိလာကြတယ်။ ဘတ်ဂျက်အင်အားကောင်းကောင်းနဲ ဇာတ်ကားတွေ ရိုက်လာကြတယ်။ အရင်တုန်းကဆို Pre Production ဆိုတာကြားတောင် မကြားဖူးကြဘူး။ အခုအဲ့ဒါတွေ လုပ်လာရတယ်။ ဒီကားမရိုက်ခင်မှာဆို သရုပ်ဆောင်တွေ အကုန်စုပြီး Workshop တွေ လုပ်ကြတယ်။ ဇာတ်ညွှန်းပိုင်း၊ ဒိုင်ယာလော့ခ်ပိုင်းတွေလည်း ပြင်ဆင်ကြတယ်။ အရင်ကထက်စာရင် ကိုယ်သရုပ်ဆောင်ရတဲ့ ကာရိုက်တာ အပေါ်မှာ ပိုပြီးတော့ စျာန်ဝင်စား လို့ကောင်းလာပါတယ်။ ဒီကားကသရဲကားဆိုတော့ ကြည့်တဲ့ သူတွေ ကြောက်အောင်တော့ ရိုက်ပြရမှာပေါ့နော်။ ဒါပေမဲ့ သဘာဝနဲ့ အရမ်းကြီး မကွာအောင်တော့ ကြိုးစားသွားမှာပါ။



# အော်ပရာဝင်းဖရေး၊ ရိစ်ဝစ်သာစပွန်း၊ ခရစ်စ်ပိုင်းတို့ ဦးဆောင်ပါဝင်ထားတဲ့ သိပ္ပံဆန်းကြယ်ဇာတ်ကား

A Wrinkle in Time ဆိုတဲ့ သိပ္ပံဆန်းကြယ်ဝတ္ထုဇာတ်လမ်းဟာ ၁၉၆၂ ခုနှစ်က ထွက်ရှိခဲ့ပြီး အောင်မြင်ခဲ့တဲ့ဇာတ်လမ်းဖြစ်ပါတယ်၊ ဒါရိုက်တာ အေဗာဒူဗာနီက အဆိုပါ ဇာတ်လမ်းကို ရုပ်ရှင်အဖြစ် အသက်သွင်းလိုက်ပြီမို့ များမကြာခင် ကြည့်ရတော့မှာ ဖြစ်ပါတယ်။

ဟောလိဝုဒ်စတားတွေဖြစ်ကြတဲ့ အော်ပရာဝင်းဖရေး၊ ရိစ်ဝစ်သာစပွန်း၊ မင်ဒီကာလင်း၊ ခရစ်စ်ပိုင်း တို့က ဦးဆောင်ပါဝင်ကြပြီး ဖခင်ကို ပြန်လည်ကယ်တင်ဖို့ ကြိုးစားကြတဲ့ ကလေးနှစ်ဦးနဲ့ သူတို့သူငယ်ချင်းရဲ့ ဇာတ်လမ်းဖြစ်ပါတယ်။

လော့အိန်ဂျလိစ်က စတူဒီယိုတွေထဲမှာ ၂၀၁၆ ခုနှစ်ကတည်းက ဖန်တီးရိုက်ကူးထားခဲ့ပြီး ဝေ့ါဒစ္စနေရုပ်ရှင် က လာမယ့် မတ်လ ၉ ရက်နေ့မှာ စတင်ဖြန့်ချိမှာ ဖြစ်ပါတယ်။ အာကာသရူပဗေဒပညာရှင် ဖခင်ဖြစ်သူကို စကြဝဠာထဲက ဂြိုဟ်တစ်ခုမှာ မကောင်းဆိုးရွားလူဆိုးကြီးက ထိန်းသိမ်းထားတာကို သိသွားတဲ့ သမီးဖြစ်သူရဲ့ စွန့်စားခန်းဖြစ်ပါတယ်။

မက်ဂ်မူရီဆိုတဲ့ ကောင်မလေးဟာ ဉာဏ်ရည်မြင့်မားတဲ့ မောင်လေးရယ်၊ သူငယ်ချင်းအသစ်ကောင်လေးရယ်တို့ရဲ့ အကူအညီကိုယူပြီး ဖခင်နောက်ကိုလိုက်ရှာကြမှာပါ။ လမ်းမှာ အာကာသခရီးသည် သုံးဦးဟာ အပြိုင်စကြဝဠာတွေကို ခရီးလှည့်လည်ရင်း ကလေးတွေနဲ့ ဆုံခဲ့ပါတယ်။

F-02

# လေယာဉ်ပျောက်ရှာသည့်သင်္ဘော ထူးဆန်းစွာ ပျောက်ဆုံးရာမှ ပြန်လည်တွေ့ရှိ

ကွာလာလန်ပူ၊ ဖေဖော်ဝါရီ ၆



မလေးရှားလေကြောင်းလိုင်းမှ ထူးဆန်းစွာ ပျောက်ဆုံးသွားသည့် MH370 လေယာဉ်ကြီးကို ရှာဖွေနေသော သင်္ဘောကြီးတစ်စင်းသည် ရှာဖွေမှုများ ပြုလုပ်နေစဉ် အတွင်း အဆက်အသွယ်ပြတ်ကာ ပျောက်သွားပြီးမှ ထူးဆန်းစွာ ပြန်လည်ပေါ်ပေါက်လာကြောင်း Fox News သတင်းတွင်ဖော်ပြထားသည်။

Seabed Constructor ရှာဖွေရေးသင်္ဘောကြီးနှင့် Automatic Identification System (AIS) စနစ်များ ပြတ်တောက်သွားခဲ့ပြီးနောက် နာရီပေါင်း ၈၀ ခန့်ကြာပြီးမှ ပြန်လည်ချိတ်ဆက်မိခြင်းဖြစ်ပြီး မည်သည့်အကြောင်းကြောင့် အဆက်အသွယ်များ ပြတ်တောက်ရသည်ကို ယခုတိုင် အဖြေရှာမရသေးကြောင်း ယင်းသတင်းကဆိုသည်။

Seabed Constructor လေယာဉ်ပျောက်ရှာ သင်္ဘောကြီးသည် ဇန်နဝါရီလ ၂ ရက်နေ့ကစတင်ပြီး တောင်အာဖရိကနိုင်ငံ Durban ဆိပ်ကမ်းက ထွက်ခွာလာခဲ့ကြောင်း၊ ထိုသင်္ဘောသည် ၂၀၁၄ ခုနှစ်၊ မတ်လ ၈ ရက်နေ့က ကွာလာလမ်ပူမှ ဘေဂျင်းသို့ထွက်ခွာလာသည့် MH370 လေယာဉ်ကြီးနှင့်အတူ ပျောက်ဆုံးသွားသော ခရီးသည်ပေါင်း ၂၃၉ ဦးကို ရှာဖွေရန် လုပ်ငန်းစတင်ခဲ့ကြောင်း Fox News တွင် ရေးသားထားသည်။

MH370 လေယာဉ်ကြီးသည် မလေးရှားနိုင်ငံမှ ထွက်ခွာပြီး တစ်နာရီခန့်အကြာတွင် အဆက်အသွယ်မရတော့ဘဲ ပျောက်ဆုံးသွားခဲ့သည်ကို ယနေ့တိုင် အဖြေရှာမရသေးသောကြောင့် Ocean Infinity ကုမ္ပဏီနှင့် ချိတ်ဆက်ပြီး၊ မတွေ့လျှင် အခကြေးငွေ မပေးရဆိုသည့် သဘောတူညီချက်ဖြင့် Seabed Constructor က ရှာဖွေမှုလုပ်ငန်းကို စတင်နေကြခြင်းဖြစ်သည်။

မလေးရှားနိုင်ငံအစိုးရကလည်း ရက်ပေါင်း ၉၀ အတွင်း အထောက်အထားများကို ရှာဖွေတွေ့ရှိလျှင် ဒေါ်လာ ၅၅ သန်းပေးမည်ဟု သဘောတူထားသည်။

MH370 လေယာဉ်အပိုင်းအစများဟု ယူဆရသည့် အစိတ်အပိုင်းများကို ရှာဖွေတွေ့ရှိသော်လည်း ယနေ့အထိ အတည်ပြုနိုင်သည့် အနေအထားတွင် မရှိသေးပေ။

Seabed Constructor သင်္ဘောသည် အဘယ်ကြောင့် ပင်လယ်အတွင်း ရှာဖွေမှုများ လုပ်နေစဉ် နာရီ ၈၀ ခန့် အဆက်အသွယ်ပြတ်ကာ ပျောက်ဆုံးသွားရသနည်းဆိုခြင်းကို ပညာရှင်များက ဝိုင်းဝန်း အဖြေရှာနေကြပြီး၊ ယခုအခါ Freemantle သို့ ပြန်လည်ခေါ်ယူကာ စစ်ဆေးအဖြေရှာပြီးမှ၊ နောက်တစ်ကြိမ် ပင်လယ်ပြင် အတွင်းသို့ ပြန်လွှတ်မည်ဖြစ်ကြောင်း တာဝန်ရှိသူများ ကပြောကြားသည်။ ■

# တရုတ်ရေတပ် ခေတ်မီ ဟိုင်ပါဆိုးနစ်အမြောက်ကြီးများ တပ်ဆင်အသုံးပြုနေကြောင်း အထောက်အထားများရ

ဝါရှင်တန်၊ ဖေဖော်ဝါရီ ၆




တရုတ်နိုင်ငံရေတပ် စစ်သင်္ဘောကြီးတစ်စင်းပေါ်တွင် Electromagnetic Railgun ဟုခေါ်သည့် စွမ်းအားမြင့် ဟိုင်ပါဆိုးနစ် (အသံထက် ငါးဆ၊ ခြောက်ဆမြန်စွာ သွားနိုင်သည့်)အမြောက်ကြီးကို တပ်ဆင်သုံးစွဲနေပုံကို ဆိုရှယ်မီဒီယာ Twitter ပေါ်တွင် ပေါ်ထွက်လာပြီးနောက်၊ ယင်းအမြောက်ကို တပ်ဆင်အသုံးပြုနေသည့် စစ်သင်္ဘောမှာ တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်၏ ရေတပ်စစ်သင်္ဘောဖြစ်ကြောင်း Mail Online သတင်းတွင် ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စုသည် စစ်သင်္ဘောကြီးများတွင် စွမ်းအားမြင့် လေဆာရောင်ခြည်သုံး လက်နက်ကြီးများကို တပ်ဆင်အသုံးပြုရန် စမ်းသပ်နေစဉ်ကာလတွင် တရုတ်တို့ကလည်း စွမ်းအားမြင့် ဆူပါအမြောက်ကြီးများဖြင့် အမေရိကကို ပြိုင်ဆိုင်ပွဲထုတ်နေဟန်တူကြောင်း ယင်းသတင်းကဆိုသည်။

Railgun ဟုခေါ်သည့် အမြောက်ကြီးများသည် အနာဂတ်စစ်သုံး လက်နက်တစ်မျိုးဖြစ်လာနိုင်ပြီး Mach 6 နှုန်း (အသံထက် ခြောက်ဆမြန်သည့်) ဖြင့် ပစ်လွှတ်နိုင်သည့် လက်နက်ကြီးများဖြစ်ကာ၊ တစ်နာရီလျှင် မိုင် ၄၅၀၀ နှုန်းဖြင့် ပစ်ခတ်နိုင်စွမ်းရှိသော အမြောက်ကြီးများဖြစ်သည်။

Twitter ပေါ်တွင် တရုတ်စစ်သင်္ဘောကြီး၏ ဆူပါအမြောက်ကြီးနှင့် ဆိပ်ကမ်းဝင်လာပုံ ဦးပိုင်းကို ရိုက်တင်သူမှာ ဒီဖန်ကောင်း ဆိုသူဖြစ်သည်။

အမေရိကန်ရေတပ်ကလည်း စစ်သင်္ဘောကြီးများပေါ်တွင် Railgun ဟုခေါ်သည့် စွမ်းအားမြင့် အမြောက်ကြီးများကို အသုံးပြုရန်အတွက် ဒေါ်လာ သန်း ၅၀၀ ကျော် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လျက်ရှိသည်။

အမေရိကန်တို့ လုပ်ဆောင်နေသည့် ပရောဂျက်သည် Railgun များသာမက လေဆာလက်နက်ကြီးများလည်း ပါဝင်ကြောင်း၊ Railgun အမြောက်ကြီးများသည် အသံထက် ၆ ဆ၊ ၇ ဆခန့်မြန်သော လက်နက်ကြီးများဖြစ်ကြောင်း Ars Technica သတင်းတွင် ရေးသားထားသည်။

EMRG စနစ်သုံး အမြောက်ကြီးများသည် လျှပ်စစ်ဓာတ်အားဖြင့် အလွန်ပြင်းထန်သည့် သံလိုက်စွမ်းအင်ကို ဖန်တီးပြီးမှ ပစ်လွှတ်ရသည့် အမြောက်ကြီးများဖြစ်ကြောင်း၊ ပစ်မှတ်ကို အမြန်ဆုံးနှုန်းနှင့် ထိမှန်နိုင်သောကြောင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများက ရေတပ်သင်္ဘောကြီးများတွင် EMRG စနစ်ကို အပြိုင်အဆိုင် ထုထောင်နိုင်ရန် လုပ်ဆောင်နေကြကြောင်း Mail Online တွင် ရေးသားထားသည်။ ■

## NEWS IN BRIEF

### Facebook နှင့် Google ဝန်ထမ်းဟောင်းများက ကလေးများနည်းပညာစွဲလမ်းမှုမဖြစ်ရေးတိုက်တွန်း

ယခင် Facebook နှင့် Google တို့တွင်တာဝန်ထမ်းဆောင်ခဲ့သူများ စုပေါင်းပြီး နည်းပညာကုမ္ပဏီကြီးများအား ကလေးများကို စွဲလမ်းစွာ အသုံးမပြုရေးအတွက် နည်းလမ်းရှာပေးရန် တောင်းဆိုသည့် ကမ်ပိန်းတစ်ခုကို ပြုလုပ်ခဲ့ကြောင်း USA Today သတင်းတွင် ဖော်ပြထားသည်။

Truth About Tech ဆိုသည့် ပညာပေးကမ်ပိန်းကို ယခင်အင်တာနက်နှင့် ဆိုရှယ်မီဒီယာ ကုမ္ပဏီတွင် တာဝန် ထမ်းဆောင်ခဲ့သူများ စုပေါင်းပြီး ကလေးများ၏ စိတ်ကျန်းမာရေးအတွက် လှုပ်ရှားဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

ဒစ်ဂျစ်တယ်ခေတ်တွင် လူဖြစ်လာကြရသည့် ကလေးများအနေဖြင့် နည်းပညာ အပေါ်စွဲလမ်းပြီး စိတ်ခံစားချက်များ မဖြစ်စေရန် Truth About Tech ကို NGO အဖွဲ့အစည်းတစ်ခုအနေဖြင့် ဒေါ်လာ ၇ သန်းမတည်ပြီး ဝိုင်းဝန်းအဖြေရှာနေကြကြောင်း USA Today တွင် ရေးသားထားသည်။ ■

### လက်ဖက်ရည်၊ ရေနွေးပူပူသောက်သုံးခြင်းကြောင့် အစာအိမ်ပြွန်ကင်ဆာဖြစ်နိုင်ဟုဆို

ဆေးလိပ်သောက်သူများနှင့် အရက်သောက်သူများသာမက ရေနွေးပူပူ၊ လက်ဖက်ရည်ပူပူသောက်သုံးသူများလည်း လည်ချောင်းကင်ဆာဖြစ်မှုများနေကြောင်း Internal Medicine တွင်ဖော်ပြထားသည်။

တစ်ရက်တွင် အရက် ၁၅ ဂရမ်၊ ဘီယာ ၁၂ အောင်စ၊ အရက် ၁ ဒသမ ၅ အောင်စခန့်သောက်သုံးနေသူများကဲ့သို့ အပူချိန်မြင့်မားသော ရေနွေးနှင့် လက်ဖက်ရည်များကို သောက်သုံးနေသူများလည်း အစာအိမ်ပြွန် ကင်ဆာဖြစ်နိုင်ခြေများကြောင်း ယင်းသတင်းကဆိုသည်။

တရုတ်နိုင်ငံတွင် အသက် ၃၀ မှ ၇၉ နှစ်အတွင်း လူပေါင်း ၄၅၆,၁၅၅ ဦး၏ ရေနွေးနှင့် လက်ဖက်ရည်ပူပူ သောက်သုံးမှုကို ၉ နှစ်တိုင်လေ့လာခဲ့ပြီး ၅၆ ရာခိုင်နှုန်းမှာ အစာအိမ်ပြွန်ဖြစ်ပွားနေကြောင်း WHO ကင်ဆာ သုတေသနအဖွဲ့ကလည်း ထုတ်ပြန်ထားသည်။ ■

### ဂျပန်နိုင်ငံ ဒစ်ဂျစ်တယ်ငွေကြေးအဖောက်ခံရမှု မြောက်ကိုရီးယားပါဝင်ပတ်သက်ဟုဆို

ဂျပန်နိုင်ငံတွင် အွန်လိုင်း ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှု လုပ်ငန်းတစ်ခုကို ဇန်နဝါရီလအတွင်း ဟက်ကာများ၏ ဖောက်ထွင်းမှုကြောင့် ဒေါ်လာ သန်း ၅၃၀ ခန့် ဆုံးရှုံးရမှုတွင် မြောက်ကိုရီးယားနိုင်ငံပါဝင် ပတ်သက်နေကြောင်း တောင်ကိုရီးယား ထောက်လှမ်းရေးများ၏ ထုတ်ဖော်မှုကို Reuters သတင်းတွင်ဖော်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံထောက်လှမ်းရေးအဖွဲ့က တိုကျိုအခြေစိုက် ငွေလဲလှယ်ရေး ဌာန Coincheck ကို ဖောက်ထွင်းပြီး ငွေကြေးများခိုးထုတ်သွားမှုတွင် ဟက်ကာများ၏ နောက်ကွယ်၌ မြောက်ကိုရီးယားအစိုးရ အထောက်အပံ့ရှိနေကြောင်း ယင်းသတင်းကဆိုသည်။

မြောက်ကိုရီးယားနိုင်ငံက ငွေလွှဲဌာနများသို့ အီးမေးလ်များပို့ပြီး၊ မိမိတို့ဖောက်သည်ထင်မှတ်ပြီး ပြန်ကြားလိုက်သည်နှင့် ခိုးဖောက်ရန်အတွက် အခွင့်အရေးရသွားနိုင်ကြောင်း Reuters တွင် ရေးသားထားသည်။ ■

### ကောင်းကင်မှ အင်တာနက်ရနိုင်ရေး Facebook စီစဉ်

ကမ္ဘာကျော်ဆိုရှယ်မီဒီယာကြီးဖြစ်သည့် Facebook သည် အမေရိကန်ပြည်ထောင်စု၊ ကာလီဖိုးနီးယား ပြည်နယ်တောင်ပိုင်းရှိ ကောင်းကင်ထဲတွင် မောင်းသူမဲ့ယာဉ်များ လွှတ်တင်ထားပြီး လူတိုင်းအင်တာနက်ရရှိ သုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်ပေးရန် စီစဉ်နေကြောင်း CNBC သတင်းတွင်ဖော်ပြထားသည်။

ကောင်းကင်ထက်တွင် လွှတ်တင်ထားသည့် လေယာဉ်များကတစ်ဆင့် လှိုင်းနှုန်းမြင့်မားသော high frequency RF/mmWave RF များ ရယူသုံးစွဲနိုင်ရန် စီစဉ် လျက်ရှိကြောင်း ယင်းသတင်းကဆိုသည်။

လူတိုင်းအင်တာနက်သုံးစွဲနိုင်ရေးကို ကမ္ဘာကျော် ကုမ္ပဏီကြီးနှစ်ခုဖြစ်သည့် Facebook နှင့် Google တို့သည် အပြိုင်လုပ်ဆောင်နေကြပြီး၊ Facebook က Aquila ဆိုသည် ဒရုန်းများ ကောင်းကင်တွင် စေလွှတ်ကာ အင်တာနက်ပေးနိုင်ရေး စမ်းသပ်လျက်ရှိသည်ဟု CNBC တွင် ရေးသားထားသည်။ ■

### အင်္ဂါဂြိုဟ်ပတ်ယာဉ် Selfies ရိုက်ပြီး ကမ္ဘာကိုပြန်ပို့

NASA အဖွဲ့က လွှတ်တင်ထားသည့် အင်္ဂါဂြိုဟ်ပတ်ယာဉ် Curiosity သည် သူတာဝန်ထမ်းဆောင်နေသည့်ပုံကို အင်္ဂါဂြိုဟ်အား နောက်ခံထားပြီး ဓာတ်ပုံ (Selfies) များရိုက်ကာ မြေပြင်အခြေစိုက်စခန်းသို့ ပြန်လည်ပေးပို့ခဲ့ကြောင်း CBS သတင်းတွင် ဖော်ပြထားသည်။

အင်္ဂါဂြိုဟ်၏ Gale Crater ဟုခေါ်သော တောင်ကြောကြီးကို နောက်ခံထားကာ Curiosity မှ လက်တံရှည်ကြီးကို ထုတ်ပြီး ဓာတ်ပုံပေါင်း ဒါဇင်နှင့်ချီပြီး ရိုက်ကူးပေးပို့ခဲ့ကြောင်း ယင်းသတင်းကဆိုသည်။

NASA အဖွဲ့သည် Curiosity အင်္ဂါဂြိုဟ်ပတ်ယာဉ်ကို ၂၀၁၂ ခုနှစ်ကတည်း လွှတ်တင်ထားခြင်းဖြစ်ပြီး ပြန်လည် ပေးပို့သော နောက်ခံရှုခင်းများအရ အင်္ဂါဂြိုဟ်ပေါ်တွင် ရွှံ့မြေများဟု ယူဆရသည့် မြေပြင်အနေအထားများကို တွေ့မြင်နေရကြောင်း CBS တွင်ရေးသားထားသည်။ ■




# အကျဉ်းထောင်မှလွတ်မြောက်လာသူများက အသက်မွေးဝမ်းကျောင်းပညာထက် ငွေကြေးတောင်းခံမှုများဟုဆို

**တောင်ငူ၊ ဖေဖော်ဝါရီ ၆**

အကျဉ်းထောင်များတွင် ထောင်ဒဏ်ကျခံပြီး လွတ်မြောက်လာသူများ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားပေးရေးထက် ငွေကြေးတောင်းခံမှုသာများကြောင်း အထွေထွေအကျဉ်းသားဟောင်းများ ကူညီစောင့်ရှောက်ရေး အဖွဲ့(GPRM) ဥက္ကဋ္ဌ ဦးအောင်စိုး(အင်းစိန်)က ပြောကြားသည်။

အထွေထွေ အကျဉ်းသားဟောင်းများ ကူညီစောင့်ရှောက်ရေးအဖွဲ့(GPRM) ကို ဇန်နဝါရီလမှ စတင်ဖွဲ့စည်းခဲ့ပြီး အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာသူများကို အသက်မွေးဝမ်းကျောင်း ပညာ စက်မှုလက်မှု လုပ်ငန်းများ သင်ကြားပေးရန် ဆောင်ရွက်နေကြောင်း၊ သို့သော် လွတ်မြောက်လာသူများက အသက်မွေးပညာထက် ငွေကြေးထောက်ပံ့ရန်သာ လိုလားကြကြောင်း ၎င်းက ရှင်းပြသည်။

အဆိုပါအဖွဲ့က လက်ရှိတွင် တနင်္သာနှင့် သောကြာနေ့များ၌ ရန်ကုန်အကျဉ်းထောင်ရှေ့သွားရောက်ကာ ပြစ်ဒဏ်လွတ်မြောက်လာသော အကျဉ်းသားများကို အဖွဲ့၏ လုပ်ဆောင်ချက်များ ရှင်းပြခြင်း၊ အသက်မွေးပညာ သင်ကြားလိုသူများကို အခြားအဖွဲ့အစည်းများနှင့် ချိတ်ဆက်ကာ သင်တန်းအပ်နှံပေးခြင်း၊ သင်တန်း အပ်ပေးရုံသာမက သင်တန်းတက်နေစဉ် စားဝတ်နေရေးအတွက် ငွေကြေးထောက်ပံ့ခြင်းများကို လုပ်ဆောင်ပေးနေကြောင်း အဆိုပါအဖွဲ့ဦးဆောင်သူများထံမှ သိရသည်။

"တချို့ကူညီတဲ့ ငွေကြေးကလည်း အနှောင်အဖွဲ့ဖြစ်လာမှာစိုးလို့ကျွန်တော်တို့ လက်မခံသေးပါဘူး၊ အခက်အခဲ တချို့ရှိပေမယ့် အကြောင်းအမျိုးမျိုးကြောင့် ထောင်ဒဏ်ကျခံရသူတွေကို နောက်တစ်ကြိမ် ထောင်ထဲ ပြန်မရောက်ဖို့ လိုအပ်တယ်ယူဆလို့ အခုလိုကူညီပေးနေတာပါ"ဟု GPRM ကို ဦးဆောင်နေသူ အမျိုးသားတစ်ဦးက ရှင်းပြသည်။

အဆိုပါအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်စိုး (အင်းစိန်)မှာ ၂၀၁၇ခုနှစ် ဖေဖော်ဝါရီလက ရန်ကုန်လေဆိပ်တွင် သေနတ်သမား ဦးကြည်လင်းကြောင့် အသတ်ခံရသော တရားလွှတ်တော်ရှေ့နေ ဦးကိုနီနှင့် အငှားယာဉ်မောင်း ဦးနေဝင်း သေဆုံးမှုများ၏ နောက်ကွယ်မှ တရားခံသုံးဦးကို ဖော်ထုတ်ပေးခဲ့သူဖြစ်သည်။

# ကလော / အေးသာယာ စက်မှုလက်မှုသိပ္ပံ ရွှေရတုမဂ္ဂဇင်း ထုတ်ဝေမည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၆**

ကလောအေးသာယာ စက်မှုလက်မှု သိပ္ပံကျောင်း၏ ရွှေရတုမဂ္ဂဇင်းကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလဆန်းပိုင်းတွင် ထုတ် ဝေမည်ဖြစ်ကြောင်း ရွှေရတုမဂ္ဂဇင်း ဖြစ်မြောက်ရေး ကော်မတီထံမှ သိရသည်။

ယင်းရွှေရတုမဂ္ဂဇင်းတွင် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထု၊ ရသစာတမ်း၊ ကာတွန်း၊ ရုပ်ပုံလွှာ၊ အမှတ်တရစာစုများနှင့် ကျောင်းပုံရိပ်ပါ ဓာတ်ပုံများ ပါဝင်မည်ဖြစ်ပြီး ယင်း ကျောင်းသို့တက်ရောက်ခဲ့ကြသော မိသားစုဝင်များအနေဖြင့် ကုမ္ပဏီနှင့် စီးပွားရေး ကြော်ငြာများ၊ ရွှေရတုအထိမ်းအမှတ် Logo ပြိုင်ပွဲများအတွက် ဓာတ်ပုံများပေးပို့ပေးကြပါရန် ဖိတ်ခေါ်တိုက်တွန်းပါကြောင်း၊ ပေးပို့ရမည့် လိပ်စာမှာ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာ(၂)လမ်း၊ အမှတ် (၃)သို့ လည်းကောင်း၊ shweratu50@gmail.com သို့လည်းကောင်း ၂၀၁၈ခုနှစ်၊ မေလ ၃၁ ရက် နောက်ဆုံးထား၍ ပေးပို့ရမည် ဖြစ်ကြောင်း သိရသည်။

"ပထမတုန်းက ကလောမှာဖွင့်တာ။ နောက်တော့ တောင်ကြီးမြို့နားက အေးသာယာကိုပြောင်းလိုက်တယ်။ အခုတော့ တောင်ကြီးနည်းပညာတက္ကသိုလ်လို့ပြောင်းထားတယ်။ ၁၉၆၈ ခုနှစ်ကနေစဖွင့်တာဆိုတော့ ဒီနှစ်ဆိုရင် နှစ် ၅၀ ပြည့်သွားပြီ။ အဲဒါကြောင့် ရွှေရတုအထိမ်းအမှတ် မဂ္ဂဇင်း ထုတ်ဝေဖို့ ကော်မတီဖွဲ့ပြီး စီစဉ်လိုက်တာပါ"ဟု မဂ္ဂဇင်းဖြစ်မြောက်ရေးကော်မတီမှ စာတည်းမှူး ဆွန်း(စက်မှုတက္ကသိုလ်)က ရှင်းပြသည်။

ယင်းကျောင်းသို့ တက်ရောက်ခဲ့ကြသော ဆရာ၊ ဆရာမများ၊ တာဝန်ထမ်းဆောင်ခဲ့ကြသော ဝန်ထမ်းများ၊ ကျောင်းသူ၊ ကျောင်းသားများအနေဖြင့် မဂ္ဂဇင်းဖြစ်မြောက်ရေး ကော်မတီသို့ ဆက်သွယ်ပေးကြပါရန်နှင့် ကျောင်းတော်၏ ပုံရိပ်ပါသော မှတ်တမ်းဓာတ်ပုံများ ပေးပို့ကြပါရန် မေတ္တာရပ်ခံထားပြီး ယင်းမဂ္ဂဇင်း ထုတ်ဝေမည့် အကြောင်းအရာနှင့် ပတ်သက်၍ 'K/A ရွှေရတုမဂ္ဂဇင်း' Facebook Page တွင်လည်း ဝင်ရောက် ကြည့်ရှုနိုင်ကြောင်း ရွှေရတုမဂ္ဂဇင်းဖြစ်မြောက်ရေး ကော်မတီထံမှ သိရသည်။ **J-16**

# ရွှေ့လျားကျန်းမာရေးစောင့်ရှောက်ရန်ကိစ္စ လွှတ်တော်က မှတ်တမ်းတင်

**နေပြည်တော်၊ ဖေဖော်ဝါရီ ၆**

ရွှေ့လျား ကျန်းမာရေးစောင့်ရှောက်မှုဖြင့် ကျန်းမာရေးကဏ္ဍမြှင့်တင်ရန် ကိစ္စကို လွှတ်တော်က အတည်မပြုဘဲ မှတ်တမ်းအဖြစ်သာ ထားရှိလိုက်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များက ပြောကြားသည်။

ပြင်ဦးလွင် မဲဆန္ဒနယ်မှ ဒေါက်တာဦးအောင်ခင် တင်သွင်းသည့် 'နိုင်ငံသားတိုင်း ကျန်းမာရေး စောင့်ရှောက်မှု လွှမ်းခြုံအားကောင်းလာစေရန် ဒေသဆရာဝန်၊ မြို့နယ်ကျန်းမာရေး ဝန်ထမ်းများနှင့် Mobile Medical Team ဖွဲ့ပြီး ကျေးရွာများသို့ အလှည့်ကျကွင်းဆင်း၍ Rural Community Health မြှင့်တင်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း' အဆိုကို ဖေဖော်ဝါရီ ၆ ရက်၌ ကျင်းပသည့် ပြည်သူ့လွှတ်တော်တွင် ကိုယ်စားလှယ် ၁၃ ဦးက ဆွေးနွေးခဲ့ပြီး အထက်ပါအတိုင်း ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဆွေးနွေးသည့်လွှတ်တော်ကိုယ်စားလှယ်များတွင် ဦးစောဇစ်တာခလိုက် (သံတောင်ကြီး မဲဆန္ဒနယ်)၊ ဦးအာမိုးဆီ (ခေါင်လန်ဖူး မဲဆန္ဒနယ်)နှင့် ဒေါက်တာဦးစိန်မြအေး (ဒလ မဲဆန္ဒနယ်)တို့က ထောက်ခံကြောင်း ပြောကြားခဲ့ပြီး ဒေါက်တာဒေါ်မေဝင်းမြင့်( မရမ်းကုန်း မဲဆန္ဒနယ်)၊ ဦးရန်လင်း (ကျိုက်လတ် မဲဆန္ဒနယ်)၊ ဦးစောထွန်းမြအောင်( ဖာပွန် မဲဆန္ဒနယ်)၊ ဦးနန်မွန်ထင် (မချမ်းဘော မဲဆန္ဒနယ်)၊ ဒေါက်တာဦးထွန်းလင်းမော်(ကြံခင်း မဲဆန္ဒနယ်)၊ ဒေါက်တာဦးမြင့်သိန်း(ညောင်လေးပင် မဲဆန္ဒနယ်)၊ ဗိုလ်မှူးဦးဝင်းမင်းထွန်း (တပ်မတော်သားကိုယ်စားလှယ်)၊ ဗိုလ်ကြီးဒေါ်တင်မာဆွေ(တပ်မတော်သားကိုယ်စားလှယ်)၊ ဒေါက်တာဦးဝင်းအောင် (ခင်ဦး မဲဆန္ဒနယ်)နှင့် ဒေါက်တာဦးစံရွှေဝင်း (ရေကြည် မဲဆန္ဒနယ်) တို့က ပြန်လည်သုံးသပ်ခြင်း၊ မှတ်တမ်းတင်ထားရှိခြင်း၊ စီမံကိန်းရေးဆွဲပြီးမှ လုပ်ဆောင်သင့်ခြင်းနှင့်အကြံပြုဆွေးနွေးခြင်းတို့ကိုသာ ပြောကြားခဲ့ကြသည်။

ကျန်းမာရေးဝန်ကြီးဌာနတွင်ဆရာဝန်နှင့် သူနာပြုအပါအဝင် ကျန်းမာရေးဝန်ထမ်းများလောက်ငှမှု မရှိသောအခြေအနေကို ရင်ဆိုင်နေရသောကြောင့် Mobile Team ဖြင့် ဆေးကုသရန်ကိစ္စမှ စဉ်းစားစရာဖြစ်နေသည့်အပြင် ယခင်က ဌာနပေါင်းစုံစုစည်း၍ စစ်ကြောင်းဆင်းကုသခဲ့သည့် အစီအစဉ်ပင်လျှင် တဖြည်းဖြည်းပျောက်ကွယ်ခဲ့ရသည်မှာ သာဓကဖြစ်ကြောင်း ဦးရန်လင်းက ပြောသည်။

ယင်းကိစ္စသည် မူအားဖြင့် ကောင်းမွန်သော်လည်း ဆေးရုံ၊ ဆေးဝါးနှင့် ဝန်ထမ်းကိစ္စများပြည့်စုံမှုမရှိသေးကြောင်း ဦးစောထွန်းမြအောင်က ထောက်ပြသည်။

ရွှေ့လျားကျန်းမာရေးဆိုင်ရာ ကုသမှုကို ပြုလုပ်မည်ဆိုပါက စီမံချက်ရေးဆွဲပြီးနောက် ဒေသခံများကိုကျန်းမာရေးဝန်ထမ်းများအဖြစ်ထားရှိနိုင်ရန် အစိုးရအနေဖြင့် ဆောင်ရွက်သင့်ပြီး လတ်တလောတွင် တပ်မတော်အနေဖြင့် စစ်ဆေးဆရာဝန် ၄၄ ဦးဖြင့် ချင်းပြည်နယ်ဘက်တွင်နယ်လှည့်ဆေးကုသနေသည်မှာ ၂ နှစ်ခန့်ရှိပြီဖြစ်ပြီး ကျန်ဒေသများကိုလည်းဆက်လက် လှည့်လည်ကုသပေးရန်စီစဉ်ထားကြောင်း ဗိုလ်မှူးဝင်းမင်းထွန်းက ဆိုသည်။

လက်ရှိကာလသည် ဆရာဝန်ဦးရေနည်းပါးခြင်းကြောင့် အဆိုပါ Mobile Medical Team ကိုဖွဲ့စည်းစေလိုပြီး ကျေးရွာများအထိ ခရီးပေါက်သောစောင့်ရှောက်မှုကိုဝန်ကြီးဌာနအနေဖြင့်အကောင်အထည်ဖော်ပေးစေလိုကြောင်း ဒေါက်တာစိန်မြအေးက ပြောကြားခဲ့သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဒေါက်တာဦးမြင့်ထွေးက အဆင့်ဆင့် လုပ်ဆောင်နေသည့် ကျန်းမာရေးကဏ္ဍ၌ လတ်တလောတွင် ကျေးလက်ဒေသကျန်းမာရေး အသိပညာများ ရရှိရန် ကျန်းမာရေးဝန်ထမ်းများက Tablet ဖြင့် ကွင်းဆင်းလိုက်လံပြသခြင်း၊ စာအုပ်စာပေဖြန့်ဝေပြသခြင်းများကိုလုပ်ဆောင်မည်ဖြစ်ပြီး ရောဂါ၏ဆိုးကျိုး၊ နေထိုင်စားသောက်မှုအပါအဝင် ဆေးယဉ်ပါးသည့်ကိစ္စများကို ပြောပြလုပ်ဆောင်မည်ဖြစ်ကြောင်း၊ ယင်းနောက် လိုအပ်သည့်ဆေးဝါးများမှ သောက်ရမည့်ဆေးများကိုပါ ပေးအပ်နိုင်ရန် စီစဉ်ထားကြောင်း ရှင်းပြသည်။

အဆိုနှင့် ပတ်သက်၍ ဝန်ကြီးနှင့် တင်သွင်းသူ ဒေါက်တာဦးအောင်ခင်တို့က မှတ်တမ်းတင်ထားရန်သဘောတူညီမှု ရရှိသောကြောင့် အထက်ပါအတိုင်း မှတ်တမ်းတင်ခဲ့ခြင်းဖြစ်သည်။

**S-01**

ကြော်ငြာကိစ္စ
ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅ ၅၇၇၃




# ဒီမိုကရက်တို့၏ ရုရှားကိစ္စ မှတ်တမ်းကို ထုတ်ပြန်ရန် အမေရိကန် အောက်လွှတ်တော်ကော်မတီ မဲခွဲဆုံးဖြတ်

**မော်စကို၊ ဖေဖော်ဝါရီ ၆**

သမ္မတထရမ့်ကို ဆန့်ကျင်ရပ်တည်သည်ဟု FBI ကိုစွပ်စွဲထားသော ရီပတ်ဘလစ်ကန်တို့၏မှတ်တမ်းကို ချေဖျက်နိုင်မည်ဟု ဒီမိုကရက်တို့က ပြောကြားသည့် ကန့်သတ်အဆင့်စာတမ်းတစ်ခုကို ထုတ်ပြန်ရန် တနင်္လာနေ့တွင် အောက်လွှတ်တော်ကော်မတီက တစ်ခဲနက် သဘောတူအတည်ပြုလိုက်သည်ဟု Reuters သတင်းတွင် ဖော်ပြထားသည်။

ဒီမိုကရက်တို့၏ ၁၀ မျက်နှာပါ မှတ်တမ်းကို တနင်္လာနေ့တွင် ညတွင်းချင်း အိမ်ဖြူတော်သို့ ပေးပို့မည်ဖြစ်ရာ သမ္မတထရမ့်အနေနှင့် ရီပတ်ဘလစ်ကန်တို့၏ မှတ်တမ်းကို ထုတ်ပြန်ခွင့်ပြုဖို့ ဆုံးဖြတ်ရန် သောကြာနေ့အထိ အချိန်ရမည်ဖြစ်သည်။

ထရမ့်အနေနှင့် ငြင်းဆန်ကာ ရီပတ်ဘလစ်ကန်စာတမ်းကို ထုတ်ပြန်ရန် ဆုံးဖြတ်လိုက်ပါက အိမ်ဖြူတော် အပါအဝင် ထရမ့်ဘက်တော်သား ရီပတ်ဘလစ်ကန်အမတ်များနှင့် ဒီမိုကရက်များ၊ တရားရေးဌာနများ၊ ထောက်လှမ်းရေးဌာနများအကြား စိတ်ဆိုးမာန်ဆိုး အငြင်းပွားမှုများ ဖြစ်ပေါ်လာစေနိုင်သည်။

အောက်လွှတ်တော် ကော်မတီတွင် နေရာအများစု ရယူထားသော ရီပတ်ဘလစ်ကန်များက ဒီမိုကရက်တို့၏ မှတ်တမ်းကို ပိတ်ဆို့ရေးနှင့် ရီပတ်ဘလစ်ကန်မှတ်တမ်းကို ထုတ်ပြန်ရေးတွင် ယခင်အပတ်က ထရမ့်ဘက်မှ ပူးပေါင်းပါဝင်လာခဲ့ကြသော်လည်း ယခုအခါ အိမ်ဖြူတော်က ကြည့်ရှုနေပြီဖြစ်သော ဒီမိုကရက်မှတ်တမ်း ထုတ်ပြန်လိုက်မှုအပေါ် စိတ်အေးသက်သာရှိသည်ဟု တနင်္လာနေ့က ပြောကြားကြသည်။

ထရမ့်မဲဆွယ်အဖွဲ့ဝင် ကာတာပေ့ချ်အပေါ် ထောက်လှမ်းစောင့်ကြည့်ခွင့် ဝရမ်းရယူရာတွင် ခိုင်လုံသော အထောက်အထားကို အသုံးပြုခဲ့ခြင်းမရှိဟု FBI ကို စွပ်စွဲထားသော ရီပတ်ဘလစ်ကန်မှတ်တမ်းသည် FBI ကို ထိခိုက်စေရန် ရည်ရွယ်ခြင်းဖြစ်ပြီး ရုရှားစွက်ဖက်မှုကိစ္စ စုံစမ်းဖော်ထုတ်နေသည့် အထူးအရာရှိ ရောဘတ်မူလာနှင့် ဒုတိယရှေ့နေချုပ် ရိုဆင်စတိန်းတို့အား ထုတ်ပယ်ရန်အတွက် အသုံးချရန် ထရမ့်က ကြိုးစားနိုင်သည်ဟု ဒီမိုကရက်အမတ်များက ထောက်ပြပြောဆိုနေကြသည်။

ရုရှားစွက်ဖက်မှုကိစ္စ စုံစမ်းဖော်ထုတ်မှုနှင့်ပတ်သက်၍ အိမ်ဖြူတော်နှင့် တရားရေးဌာနအကြား အငြင်းပွားနေမှုသည် လွှတ်တော်အမတ်များ၏ ဘက်မလိုက် အစီရင်ခံစာများ ထုတ်လုပ်နိုင်စွမ်းအပေါ် စိုးရိမ်မှုများ ဖြစ်ပေါ်လာစေသည်။

အောက်လွှတ်တော်ကော်မတီမှ ဒီမိုကရက်အမတ် အဒမ်ရှစ်ဖ်က "မှတ်တမ်းအများစုမှာ ပုံဖျက်မှုနဲ့မှားယွင်းမှုတွေ ပါဝင်နေတာကို အများပြည်သူ သိအောင် ဒီမှတ်တမ်းက အထောက်အကူ ပြုပါလိမ့်မယ်" ဟုသတင်းထောက်များအား ပြောကြားသည်။

ယခုမှတ်တမ်းကို တရားရေးဌာနနှင့် FBI က ရက်အတန်ကြာ ဖတ်ရှုကာ ရှင်းလင်းချက်များ ပေးထားသောကြောင့် အိမ်ဖြူတော်က နိုင်ငံရေး ရည်ရွယ်ချက်အလို့ငှာ ဖြတ်တောက်ပစ်မည်မဟုတ်ဟု မျှော်လင့်ကြောင်းနှင့် ထိုအချက်ကို စိုးရိမ်နေကြောင်း အဒမ်ရှစ်ဖ်က ပြောကြားသည်။

ရီပတ်ဘလစ်ကန်မှတ်တမ်းကို ကြီးကြပ်သူ အိမ်ဖြူတော်ထောက်လှမ်းရေးကော်မတီဥက္ကဋ္ဌ ဒီဗင်နူနက်စ်က ယခုကိစ္စကို မှတ်ချက်ပေးရန် ငြင်းဆန်သည်။

အောက်လွှတ်တော်ကော်မတီမှ ရီပတ်ဘလစ်ကန်အမတ် မိုက်ကွန်နဝေးကမူ ၎င်းအနေနှင့် ဒီမိုကရက်မှတ်တမ်း ထုတ်ပြန်မှုကို လိုလားသော်လည်း သမ္မတထရမ့်က ပိတ်ဆို့ရန် ကြိုးစားခဲ့ပါက မည်သို့ တုံ့ပြန်ရမည်ကို မသိကြောင်း ပြောကြားသွားသည်။

ဒီမိုကရက်မှတ်တမ်းကို ထရမ့်က ပိတ်ဆို့ရန် ကြိုးစားပါက သမ္မတကို ကျော်လွှားလုပ်ဆောင်ဖို့ အောက်လွှတ်တော်တွင် လျှို့ဝှက်မဲခွဲရန် ဒီမိုကရက်တို့က တောင်းဆိုလျှင် အောက်လွှတ်တော်က ခွင့်ပြုနိုင်သည်ဟု သိရှိရသည်။

ထရမ့်ကမူ ရီပတ်ဘလစ်ကန်မှတ်တမ်း ပြုစုပေးသည့် နူနက်စ်ကို သူရဲကောင်းဟု Twitter တွင် ချီးကျူးလိုက်ပြီး ဒီမိုကရက်မှတ်တမ်း ထုတ်ပြန်ရန် ကြိုးစားခဲ့သူ အဒမ်ရှစ်ဖ်ကိုမူ ကန့်သတ်အချက်အလက် ပေါက်ကြားစေသူဟု တနင်္လာနေ့က စွပ်စွဲပြောဆိုလိုက်သည်။

အဒမ်ရှစ်ဖ်ကလည်း Twitter တွင် အသရေဖျက်သော စကားဖွင်းများ မပြောရန် ထရမ့်ကို သတိပေးလိုက်သည်။

အိမ်ဖြူတော်ကမူ ဒီမိုကရက်မှတ်တမ်းကို လုံခြုံရေးဆိုင်ရာ သုံးသပ်မှုပြုလုပ်ပြီးသည်နှင့် ထုတ်ပြန်နိုင်ရန် ခွင့်ပြုထားကြောင်း ပြောကြားသည်။ ■F-04

## မော်လ်ဒိုက်တွင် နိုင်ငံရေးပြဿနာများကြောင့် ဖဟိုတရားရုံး တရားသူကြီးများကို ဖမ်းဆီး

**မလီ၊ ဖေဖော်ဝါရီ ၆**

အိန္ဒိယသမုဒ္ဒရာရှိ မော်လ်ဒိုက်ကျွန်းစုနိုင်ငံတွင် နိုင်ငံရေးပြဿနာများ ဖြစ်ပေါ်နေမှုကြောင့် ဗဟိုတရားရုံး တရားသူကြီးချုပ်ကို ရဲများက ဖမ်းဆီးထားသည်ဟု BBC သတင်းတွင် ဖော်ပြထားသည်။

အစိုးရက အရေးပေါ်အခြေအနေ ကြေညာပြီး နာရီပိုင်းအတွင်း တရားသူကြီးချုပ် အဗ္ဗဒူလာဆက်နှင့် တရားသူကြီး အလီဟာမိဒ်တို့ကို ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။ ဖမ်းဆီးခြင်း၊ စစ်ဆေးခြင်းတို့နှင့် ပတ်သက်သည့် အသေးစိတ်အချက်များကို ထုတ်ပြန်ခြင်း မပြုပေ။

အတိုက်အခံ နိုင်ငံရေးသမားများကို လွှတ်ပေးရန် တရားရုံးက အမိန့်ထုတ်ပြန်ခြင်းကို သမ္မတအဗ္ဗဒူလာယာမင်းက လိုက်နာရန် ငြင်းပယ်ရာမှ ပြဿနာစတင်ခဲ့ခြင်းဖြစ်သည်။

အစိုးရ၏လုပ်ရပ်သည် ပြိုင်ဘက်များကို ရှင်းလင်းခြင်းဖြစ်သည်ဟု အတိုက်အခံများက ဝေဖန်ပြောဆိုခဲ့ကြပြီး နိုင်ငံတကာကလည်း ပြစ်တင်ရှုတ်ချမှုများ ပြုလုပ်ခဲ့သည်။

မော်လ်ဒိုက်သည် သန်္တာကျောက်တန်း ၂၆ ခု၊ သီးခြားကျွန်းငယ်ပေါင်း ၁၁၉၂ ခုတို့ဖြင့် ဖွဲ့စည်းထားသော နိုင်ငံဖြစ်ပြီး ခရီးသွားလုပ်ငန်းမှာ စီးပွားရေး၏ အသက်သွေးကြောဖြစ်သည်။

မော်လ်ဒိုက် ဗဟိုတရားရုံးက အတိုက်အခံ နိုင်ငံရေးသမားတစ်စုကို လွှတ်ပေးရန် ယခင်အပတ်က အမိန့်ထုတ်ပြန်ခဲ့ပြီး ပြည်ပရောက် သမ္မတဟောင်း မိုဟာမက်နာရှိဒ်ကို ၂၀၁၅ ခုနှစ်က

စာ-23

# ယောက်ျားလေးသုံးဦးကို အနိုင်ကျင့်နှိပ်စက်မှုဖြင့် လူ ခုနစ်ဦးကို ဩစတြေးလျရဲ အရေးယူ




တရားခံ ခုနစ်ဦးစလုံးကို အာမခံပေးရန် ငြင်းပယ်ထားပြီး ဆစ်ဒနီခုံရုံးတွင် အင်္ဂါနေ့၌ ရုံးထုတ်စစ်ဆေးမည်

**ဆစ်ဒနီ၊ ဖေဖော်ဝါရီ ၆**

ဩစတြေးလျတွင် ငယ်ရွယ်သော ယောက်ျားလေး (ကောင်ကလေး) သုံးဦးကို လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုဖြင့် လူ ခုနစ်ဦးကို အရေးယူထားသည်ဟု BBC သတင်းတွင် ဖော်ပြထားသည်။

အမျိုးသမီးလေးဦး၊ အမျိုးသားနှစ်ဦးနှင့် အသက် ၁၇ နှစ်အရွယ် မိန်းကလေးတစ်ဦးတို့သည် ၂၀၁၄ မှ ၂၀၁၆ အတွင်း ဆစ်ဒနီအနီးတွင် ဖြစ်ပွားခဲ့သော နှိပ်စက်မှုနှင့်ပတ်သက်ပြီး စုစုပေါင်းစွဲချက် ၁၂၇ မှုကို ရင်ဆိုင်ရမည်ဟု ရဲကပြောကြားသည်။

တရားခံများသည် ကျောင်းဆပ်ကပ်အဖွဲ့တွင် ပါဝင်သူများဖြစ်သည်ဟု ပြည်တွင်းမီဒီယာက ရေးသားသည်။

အနိုင်ကျင့်ခံသော ယောက်ျားလေးများသည် အသက်ရှစ်နှစ် မပြည့်သေးသူများဖြစ်ပြီး ၎င်းတို့အား အနိုင်ကျင့်တိုက်ခိုက်သူများကို သိရှိကြသည်ဟု ရဲက ပြောကြားသည်။

ရဲက တင်ပြသော စွဲချက်များတွင် ပြန်ပေးဆွဲမှု၊ လိင်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ နှောင့်ယှက်စော်ကားမှု၊ ကလေးသူငယ်နှိပ်စက်သည့် ပစ္စည်းများကို ထုတ်လုပ်မှုတို့ ပါဝင်သည်။

ဩစတြေးလျမီဒီယာများ၏အဆိုအရ ဆပ်ကပ်ကျောင်းသည် စွမ်းရည်ချို့တဲ့သော ကလေးများနှင့် ချို့တဲ့ခြင်းမရှိသော ကလေးများအတွက် သင်ကြားမှုများ ပြုလုပ်ပေးသည်ဟု သိရှိရသည်။

ပြီးခဲ့သောဇူလိုင်လက အထူးစုံစမ်းရေးအဖွဲ့ ဖွဲ့စည်းကာ စတင်ခဲ့သော ကျယ်ကျယ်ပြန့်ပြန့် စုံစမ်းစစ်ဆေးမှုများအပြီးတွင် ယခုကဲ့သို့ ဖမ်းဆီးအရေးယူလိုက်ခြင်း ဖြစ်သည်။

တရားစွဲဆိုခြင်း ခံရမည့် အရွယ်ရောက်သူ ခြောက်ဦးမှာ အသက် ၁၈ နှစ်မှ ၅၈ နှစ်အတွင်း ဖြစ်ကြသည်။

"တရားခံအုပ်စုသည် ၎င်းတို့နှင့် သိရှိသော ယောက်ျားလေးသုံးဦးကို ၂၀၁၄ မှ ၂၀၁၆ အတွင်း လိင်ပိုင်းဆိုင်ရာနှင့်ရုပ်ပိုင်းဆိုင်ရာ အနိုင်ကျင့်နှိပ်စက်မှုတွင် ပါဝင်မှုဖြင့် ရဲက တရားရုံးတွင် စွဲချက်တင်မည်" ဟု နယူးဆောက်သ်ဝေးပြည်နယ် ရဲဌာနက ကြေညာချက်ထုတ်ပြန်ထားသည်။ ■F-04

**စာ - 22 မော်လ်ဒိုက်တွင် နိုင်ငံရေးပြဿနာများကြောင့်**

**ဗဟိုတရားရုံး တရားသူကြီးများကို ဖမ်းဆီး မှအဆက်**

တရားစွဲဆိုမှုသည် အခြေခံဥပဒေနှင့် မညီကြောင်း ဆုံးဖြတ်ပေးခဲ့သည်။

တရားရုံး၏ အဆိုပါဆုံးဖြတ်ချက်ကို လိုက်နာဆောင်ရွက်မည်ဟု ရဲမင်းကြီးက ကတိပြုလိုက်သောကြောင့် သမ္မတယာမင်းက ရဲမင်းကြီးကို ရာထူးမှ ထုတ်ပယ်လိုက်သည်။

ယခုအခါ သမ္မတယာမင်းကို ဖြုတ်ချရန် လှုပ်ရှားမှုမှန်သမျှကို တွန်းလှန်ကြရန် စစ်တပ်က အမိန့်ထုတ်ပြန်ထားသည်။

တနင်္လာနေ့က အရေးပေါ် အခြေအနေကြေညာကာ ဆန့်ကျင်သူများကို ဖမ်းဆီးရန် အခွင့်အာဏာကို လုံခြုံရေးတပ်ဖွဲ့များထံ ပေးအပ်လိုက်သောအခါတွင် ပြဿနာ ပိုမိုကြီးထွားလာခဲ့သည်။

အတိုက်အခံများနှင့် မဟာမိတ်ဖွဲ့ထားသူ သမ္မတဟောင်း အဗ္ဗဒူဂါယွန်းမှာလည်း နေအိမ်တွင် အကျယ်ချုပ်ထိန်းသိမ်းခြင်း ခံနေရသည်။ ဗဟိုတရားရုံးကိုလည်း ရဲများက စောင့်ကြပ်နေကြသည်။

မော်လ်ဒိုက်၏ ပထမဆုံး ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ခံ သမ္မတဖြစ်ခဲ့ပြီး လက်ရှိတွင် ပြည်ပ၌ တိမ်းရှောင်နေသူ သမ္မတဟောင်းနာရှိဒ်က အစိုးရ၏လုပ်ရပ်သည် အရှက်တရားကင်းမဲ့ပြီး တရားမဝင်ကြောင်း ပြောဆိုလိုက်ပြီး အာဏာသိမ်းခြင်းသာဖြစ်သည်ဟု မှတ်ချက်ပေးလိုက်သည်။

"အစိုးရရဲ့ ရာဇဝတ်မှုမြောက်တဲ့ တရားမဝင်လုပ်ရပ်တွေဟာ မော်လ်ဒိုက်ပြည်သူတွေအတွက် တော်လောက်ပါပြီ။ သမ္မတယာမင်း ချက်ခြင်းနုတ်ထွက်ပေးသင့်ပါတယ်" ဟု ၎င်းကပြောကြားသည်။

၂၀၁၃ တွင် သမ္မတယာမင်း အာဏာရလာပြီးနောက်ပိုင်း မော်လ်ဒိုက်တွင် လွတ်လပ်စွာ ပြောဆိုခွင့်၊ တရားစီရင်ရေး အနှောင်အဖွဲ့ကင်းမှု၊ အတိုက်အခံများ ဖမ်းဆီးထိန်းသိမ်းခံရမှု ကိစ္စများနှင့် ပတ်သက်၍ သံသယမေးခွန်းများ ထွက်ပေါ်လာခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဌာနက ၎င်းဖြစ်ရပ်များကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရကြောင်း၊ တရားရုံးဆုံးဖြတ်ချက်ကို ရဲတပ်ဖွဲ့က လိုက်နာသင့်ကြောင်း၊ သမ္မတယာမင်းသည် အဓိက အတိုက်အခံနိုင်ငံရေးသမားများကို ဖမ်းဆီးခြင်းဖြစ်စေ၊ ပြည်ပသို့ မောင်းထုတ်ခြင်းဖြစ်စေ လုပ်ဆောင်နေကြောင်း ဝေဖန်ပြောဆိုခဲ့သည်။

ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဘောရစ်ဂျွန်ဆင်ကလည်း အရေးပေါ် အခြေအနေကို ရုပ်သိမ်းပေးရန် သမ္မတယာမင်းကို တောင်းဆိုထားသည်။ ■ F-04




**ယခုအခါ သမ္မတယာမင်းကို ဖြုတ်ချ ရန် လှုပ်ရှားမှုမှန်သမျှကို တွန်းလှန်ကြရန် စစ်တပ်က အမိန့်ထုတ်ပြန်ထားသည်**




**တရုတ် ဒုံးကျည်များကို တီအန်မင်ရင်ပြင်၌ ပြုလုပ်သည့် စစ်ရေးပြပွဲတစ်ခုတွင် တွေ့ရစဉ်**

# ဒုံးခွင်းဒုံး တရုတ်ထပ်မံစမ်းသပ်

**ဘေဂျင်း၊ ဖေဖော်ဝါရီ ၆**

ဒုံးခွင်းဒုံးစနစ်တစ်ခုကို တရုတ်ပြည်သူ့သမ္မတနိုင်ငံက အောင်မြင်စွာ ထပ်မံစမ်းသပ်နိုင်လိုက်သည်ဟု တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သွားကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

"မျှော်မှန်းထားတဲ့ ရည်မှန်းချက်ကို စမ်းသပ်မှုအတွင်း ရရှိခဲ့ပါတယ်။ အခုစမ်းသပ်မှုက ကာကွယ်ရေးအတွက်ကို ရည်ရွယ်ပါတယ်။ ဘယ်တိုင်းပြည်ကိုမှ ဦးတည်လိုခြင်းမရှိပါဘူး" ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တရုတ်သမ္မတရှီကျင့်ဖျင် ဦးဆောင်ပြုလုပ်လျက်ရှိသည့် ရည်မှန်းချက် ကြီးမားလှသည့် စစ်တပ်ခေတ်မီရေး အစီအမံအောက်တွင် အာကာသအတွင်းရှိဂြိုဟ်တုများ ဖျက်ဆီးရေးဒုံးပျံ၊ အဆင့်မြင့် နျူကလီးယားထိပ်ဖူးတပ်ဒုံးကျည် အပါအဝင် ဒုံးပျံအမျိုးအစားအမျိုးမျိုးကို သုတေသနပြုကာ ထုတ်လုပ်လျက်ရှိသည်။

ယင်းနောက်ခံအခြေအနေတွင် အလယ်အလတ်အမြင့်တွင် ရန်သူ့ဒုံးကျည်ကို ကြားဖြတ်ဟန့်တားနိုင်သည့် ဒုံးခွင်းဒုံးနည်းပညာတစ်ခုကို တရုတ်နိုင်ငံနယ်နိမိတ်အတွင်း တနင်္လာနေ့က စမ်းသပ်လိုက်သည်ဟုလည်း ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

တောင်ကိုရီးယားနိုင်ငံတွင် ဝေဟင်အမြင့်ပိုင်းတွင် ကြားဖြတ်ဟန့်တားရေး ဒုံးခွင်းဒုံးများအား အမေရိကန်တပ် ဖြန့်ထားခြင်းကို တရုတ်နှင့် ရုရှားနိုင်ငံတို့ ထပ်တလဲလဲ ဆန့်ကျင်လျက်ရှိသော်လည်း ဘေဂျင်းကိုယ်တိုင်ကလည်း ဒုံးခွင်းဒုံးစနစ်များကို စမ်းသပ်ထုတ်လုပ်နေခြင်းဖြစ်သည်။

ထို့အပြင် တရုတ်နှင့် ရုရှားတို့သည် ဒုံးခွင်းဒုံးစစ်ရေးလေ့ကျင့်မှုများကိုလည်း ပြီးခဲ့သည့်နှစ်များအတွင်း တစ်ပြိုင်တည်း လုပ်ဆောင်လျက်ရှိသည်။

အမေရိကန်၏ ဝေဟင်အမြင့်ပိုင်း ဒုံးခွင်းဒုံးစနစ်တွင် အသုံးပြုထားသည့် စွမ်းပကားကြီးမားလှသည့် ရေဒါ၏ ထောက်လှမ်းနိုင်မှုသည် တရုတ်နယ်မြေအတွင်း ထိပါရောက်ရှိနေခြင်းကြောင့် ၎င်း၏ လုံခြုံရေးထိခိုက်မည်ကို တရုတ်က စိုးရိမ်နေခြင်းဖြစ်သည်။

ဒုံးခွင်းဒုံးစမ်းသပ်မှုများနှင့် ပတ်သက်သည့် အချက်အလက်များကို တရုတ်နိုင်ငံ အသေးစိတ် ထုတ်ပြန်ခြင်းမရှိဘဲ သတင်းအနည်းငယ်ကိုသာ ကာကွယ်ရေးဝန်ကြီးဌာန သို့မဟုတ် နိုင်ငံပိုင် မီဒီယာများမှတစ်ဆင့် ထုတ်ပြန်လျက်ရှိသည်။ ■ F-05

# ဆီးရီးယားကလိုရင်းဓာတ်ငွေ့သုံး တိုက်ခိုက်မှုနှင့်ပတ်သက်၍ ကုလသမဂ္ဂတွင် အမေရိကန်နှင့်ရုရှားအချင်းများ

**ဝါရှင်တန်၊ဖေဖော်ဝါရီ၆**

မကြာသေးမီ ရက်ပိုင်းအတွင်းက ကလေးများ အပါအဝင်လူအမြောက်အမြား ထိခိုက်စေခဲ့သော ဆီးရီးယားနိုင်ငံအတွင်း ကလိုရင်းဓာတ်ငွေ့သုံးတိုက်ခိုက်မှုသတင်းနှင့်ပတ်သက်၍ ပြစ်တင်ရှုတ်ချကြောင်း ကြေညာချက်ကိုကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် အမေရိကန်ကတင်သွင်းရာ၌ ရုရှားနှင့်အခြေအတင်ဖြစ်ခဲ့ကြောင်း AFP သတင်းဌာနကဖော်ပြသည်။

သူပုန်များထိန်းချုပ်ထားသည့် ဂိုတာဒေသအရှေ့ပိုင်းတွင် ယမန်နေ့နှင့်ရှေ့ရက်များအတွင်း ဆီးရီးယားသမ္မတအာဆတ်အစိုးရက ကလိုရင်းဓာတ်ငွေ့သုံးစွဲပြီး ပြည်သူများကို တိုက်ခိုက်ခဲ့သည်ဟု ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး နစ်ကီဟာလေက စွပ်စွဲခဲ့သည်။ ခံစားခဲ့ရသူများထံမှ ထင်ရှားသောသက်သေများရှိသည်ဟုလည်း ဟာလေက ပြောကြားခဲ့သည်။

ဖေဖော်ဝါရီလ ၁ ရက်နေ့က ဒိုမာမြို့တွင် ဆီးရီးယားအစိုးရက ကလိုရင်းဖြင့် တိုက်ခိုက်မှုဆောင်ရွက်ခဲ့သောကြောင့် ကလေးများ အပါအဝင် အရပ်သား ၂၀ ထိခိုက်ခဲ့မှုအတွက် ကောင်စီက ပြင်းပြင်းထန်ထန်ပြစ်တင်ရှုတ်ချကြောင်း ကြေညာချက်ကို အမေရိကန်က အဆိုပြုခဲ့ခြင်းဖြစ်သည်။

ရုရှားက ပြန်လည်ဝေဖန်ခဲ့ပြီးနောက် အမေရိကန်ပြည်ထောင်စုသည် ဓာတုတိုက်ခိုက်မှုများအတွက် ဆီးရီးယားသမ္မတဘာရှားအာဆတ်ကို လွဲမှားစွာပြစ်တင်ရန် ဝါဒဖြန့်ချိရေး လှုံ့ဆော်မှု လုပ်ဆောင်နေသည်ဟု စွပ်စွဲခဲ့သည်။

"ကျုပ်တို့ လုံးဝကို ရှင်းရှင်းကြီးမြင်တာကတော့ ကျူးလွန်သူ ဘယ်သူဘယ်ဝါလို့ မဖော်ထုတ်နိုင်သေးဘဲ ဆီးရီးယားအစိုးရကိုပဲ ဓာတုလက်နက်သုံးစွဲမှုအတွက် စွပ်စွဲဖို့ရည်ရွယ်တယ်ဆိုတဲ့ အချက်ပါပဲ"ဟု ကုလသမဂ္ဂဆိုင်ရာ ရုရှားသံအမတ်ကြီး ဗက်ဆီလီနီဘန်ဇီယာက ပြောကြားခဲ့သည်။

ရုရှားကမူ ဂိုတာဒေသအရှေ့ပိုင်းတွင်ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများကို ရည်ညွှန်းထားခြင်းမရှိသော ကြေညာချက်တစ်စောင်ကို ပြောင်းလဲအဆိုပြုခဲ့ပြီး သတင်းများ၊ အစီရင်ခံစာများသည် စိတ်ချယုံကြည်ရပြီး ပရော်ဖက်ရှင်နယ်ဆန်စွာစုံစမ်းစစ်ဆေးမှုမျိုးဖြစ်ရန် လိုကြောင်းပါ မှတ်ချက်ပေးထားသည်။



**ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး နစ်ကီဟာလေ**

အမေရိကန်ဘက်က ယင်းသို့ ပြောင်းလဲမှုကို ပယ်ချခဲ့ပြီး နောက်ဆုံးတွင် မည်သည့်ကြေညာချက်မျှ အတည်မပြုနိုင်ခဲ့ကြောင်း သံတမန်များက ပြောကြားခဲ့သည်။

ရုရှားသည် ကြေညာချက်ကိုပင် လက်မခံနိုင်ဖြစ်နေပြီး ကလိုရင်းဓာတ်ငွေ့ကြောင့် အသက်ရှူကျပ်သည့်ဝေဒနာခံစားခဲ့ရသော ဆီးရီးယားကလေးငယ်များကို ပြန်ပြီး အပြစ်တင်နေသလိုဖြစ်သွားသည့် ကြေညာချက်မျိုး ပြန်တင်ခဲ့သည်ဟု ဝေဖန်ခဲ့သည်။ ■ F-03

# သုံးလောင်းပြိုင်လူသတ်မှုတွင် မမှန်သတင်းပေးသူ ဆိုင်ဝန်ထမ်းအမျိုးသမီးကို လူခိုးမှုဖြင့် ထပ်မံတရားစွဲ

**ရန်ကုန်၊ ဖေဖော်ဝါရီ ၆**

လှိုင်မြို့နယ်၊ လှိုင်သီရိအိမ်ရာဝင်း အတွင်း၌ သုံးလောင်းပြိုင်လူသတ်မှုတွင် ရဲတပ်ဖွဲ့အား မမှန်သတင်းပေးမှုဖြင့် ထောင်ဒဏ် ၆ လ ချမှတ်ခံထားရသည့် အသက် ၂၀ကျော်အရွယ် ဆိုင်ဝန်ထမ်းအမျိုးသမီးကို ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် လူခိုးမှု(ရာဇသတ်ကြီးပုဒ်မ ၃၆၃)ဖြင့် ထပ်မံတရားစွဲသွားမည်ဖြစ်ကြောင်း လှိုင်မြို့နယ်ရဲတပ်ဖွဲ့ထံ မှ စုံစမ်းသိရသည်။

သုံးလောင်းပြိုင် လူသတ်မှုဖြစ်ပြီးနောက် တရားစွဲဆိုခံရသူ မအိအိမွန်နှင့် ဆိုင်ဝန်ထမ်း စောသဲထွေးတို့သည် အထက(၁) ဒဂုံတွင် (၈) တန်းကျောင်းတက်နေသည့်မသံသာထွန်းကိုသွားရောက်ခေါ်ဆောင်ကာ မအိအိမွန်၏ နေအိမ်တွင် ထိန်းသိမ်းထားကြောင်း၊ မည်သူတစ်ဦးတစ်ယောက်နှင့်မျှ တွေ့ ခွင့်မပေးဘဲ တစ်ပတ်ခန့်အကြာ ပိတ်လှောင်ထားပြီး ကျောင်းသို့လည်း တက်ရောက်ခွင့်မပြုခဲ့ကြောင်း၊ မသံသာထွန်း၏လက်ကိုင်ဖုန်းကို သိမ်းထားပြီး ကျောင်းမှဆရာ၊ ဆရာမများ၊ အဘိုး၊ အဘွားများက ဖုန်းဆက်လာပါက ခရီးထွက်နေသည်ဟု လိမ်ညာပြောဆိုခဲ့ကြောင်း မသံသာထွန်း၏ ဖခင်ကိုလှမျိုးထွန်း၏ ပြောကြားချက်အရ သိရသည်။

"ရဲစခန်းမှာ အမှုဖွင့်ထားတာတော့ ကြာပါပြီ၊ မနက်ဖြန်တော့ တရားရုံးမှ တရားလိုကို စစ်ဖြစ်မယ်ထင်ပါတယ်။ တရားစွဲခံရတဲ့ အမျိုးသမီးက ထောင်ဒဏ် ၆ လကျခံထားတဲ့အတွက် တရားရုံးကနေ ထောင်ထုတ်အမိန့်နဲ့ထုတ်ပြီး စစ်ဆေးသွားရမှာပါ"ဟု လှိုင်မြို့နယ်ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ လှိုင်သီရိအိမ်ရာတွင် ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့က အသက် ၄၀ အရွယ် ဒေါ်ကေသီလှိုင်နှင့် ၎င်း၏သမီးဖြစ်သူ အသက် ၉ နှစ်အရွယ် မသာယာထွန်း၊ Stay & While ဆိုင်ဝန်ထမ်းဖြစ်သူ အသက် ၂၅ နှစ်အရွယ် မအေးမာဦးတို့မှာ ဒဏ်ရာများဖြင့် ပုပ်ပွသေဆုံးနေသည်ကိုတွေ့ရှိရပြီး လူသတ်မှုကျူး လွန်သည်ဟုဆိုသော ဇွဲလင်းထက်နဲ့ ဇနီးဖြစ်သူ မခင်ခင်ဖြိုး၊ မိခင်ဖြစ်သူတို့ကို လှိုင်မြို့နယ်ရဲတပ်ဖွဲ့က စုံစမ်းဖော်ထုတ်ကာ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂/၃၉၄ ဖြင့် အနောက်ပိုင်းခရိုင်တရားရုံးတွင် တရားစွဲဆိုစစ်ဆေးနေသည်။

ယင်းလူသတ်မှုမှ ဆိုင်ဝန်ထမ်းအမျိုးသမီး မအိအိမွန်မှာ လူသတ်မှုကျူးလွန်သူကို စုံစမ်းဖော်ထုတ်သည့် ရဲတပ်ဖွဲ့အား မမှန်သတင်းပေးသည်ဟုဆိုကာ လှိုင်မြို့နယ်တရားရုံးတွင် ရာဇသတ်ကြီးပုဒ်မ ၂၀၂ ဖြင့် တရားစွဲဆိုစစ်ဆေးခဲ့ပြီး ဇန်နဝါရီလ ၂၉ ရက်နေ့က အမြင့်ဆုံးပြစ်ဒဏ်ဖြစ်သည့် ထောင်ဒဏ် ၆ လချမှတ်ခံရကာ၊ မသံသာထွန်းကိုခိုးယူထားမှုဖြင့် ဖခင်ဖြစ်သူ ဦးလှမျိုးထွန်းက တရားစွဲဆိုထားခြင်းဖြစ်သည်။

■ J 16

# နေ့ပြန်တိုး အကြွေးမပေးသည့် အမျိုးသမီးတစ်ဦး ထိုးကြိတ်ခံရမှုကြောင့် သေဆုံး

**ရန်ကုန်၊ ဖေဖော်ဝါရီ ၆**

တာမွေမြို့နယ်၊ မလွှကုန်းလမ်းနှင့် ကျားကွက်သစ်လမ်းထောင့်တွင် ဖေဖော်ဝါရီလ ၅ ရက် ည ၈ နာရီဝန်းကျင်က နေ့ပြန်တိုးအကြွေးမပေးသည့် အသက် ၅၃ နှစ် အရွယ်အမျိုးသမီးမှာ ဦးခေါင်းနှင့်မျက်နှာတွင် ထိုးကြိတ်ခံရသည့် ဒဏ်ရာများကြောင့် သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

သေဆုံးသူ အမျိုးသမီးမှာ ဗျိုင်းရေအိုးစင်ရွာမ ရပ်ကွက်၊ ကျောက်မြောင်းဈေးလမ်းတွင် နေထိုင်သူဖြစ်ပြီး ယင်းနေ့က ဆိုက်ကားဖြင့် ၎င်း၏နေအိမ်သို့ပြန်လာစဉ် ဒေါ်ဝင်းမာတို့ လင်မယားနှစ်ဦးမှ ၎င်းစီးလာသည့်ဆိုက်ကားကိုလမ်းတွင် ဖြတ်တား၍ နေ့ပြန်တိုး အကြွေးပေးရန်ရှိသည့် ကိစ္စနှင့်ပတ်သက်ပြီး စကားများခဲ့စဉ် ဒေါ်ဝင်းမာ၏ ခင်ပွန်းဖြစ်သူ အသက် ၅၃ နှစ် ဦးလှထွန်းက ဦးခေါင်းနှင့် မျက်နှာတို့ကို ထိုးကြိတ်ခဲ့ကြောင်း မျက်မြင်သက်သေ နှစ်ဦး၏ ထွက်ဆိုချက်အရ သိရသည်။

"ဒေါ်ဝင်းမာက သေဆုံးသွားတဲ့ အမျိုးသမီး လက်ကိုင်ဖုန်းနဲ့ သူ့သမီးကို ဖုန်းဆက်သွယ်ပြီး နင်တို့အမေ ၁၅၁ လမ်းထဲက ပထမထပ် တိုက်ခန်းတစ်ခန်းမှာ ရောက်နေတယ်။ သွေးတိုးနေလို့အမြန်လာခေါ်ပြောလို့ သမီးဖြစ်သူက အဲဒီနေရာကို လိုက်သွားတယ်။ ဟိုလည်းရောက်ရော မိခင်ဖြစ်သူက လမ်းမလျှောက်နိုင်တော့ဘူး။ ဆရာဝန်သွားခေါ်တော့လည်း အဆင်မပြေလို့ ရန်ကုန်ဆေးရုံကြီးကို ကားငှားပို့ခဲ့တယ်။ ဒါပေမဲ့ဆေးရုံရောက်တော့ အသက်မပါလာတော့ဘူး"ဟု ရဲအရာရှိက ရှင်းပြသည်။

ပြင်ပဒဏ်ရာမရှိဘဲ သေဆုံးသွားသည့် အမျိုးသမီး၏ အမှုနှင့် ပတ်သက်၍ ဆေးရုံသို့ လူနာသတင်းမေးရန် ရောက်လာသည့် အမျိုးသမီးနှစ်ဦးက သေဆုံးရသည့် အကြောင်းရင်းမှာ ဦးလှထွန်းက ထိုးကြိတ်သည့် ဒဏ်ရာများကြောင့် ဖြစ်ကြောင်း ၎င်းတို့မြင်တွေ့ခဲ့ရသည့်ဖြစ်စဉ်ကို သမီးဖြစ်သူအား ပြန်လည်ပြောပြသဖြင့် တာမွေမြို့မ ရဲစခန်းက လူသတ်မှုပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်ကာ ဒေါ်ဝင်းမာတို့ လင်မယားကို ဖမ်းဆီးပြီး အခင်းဖြစ် ပတ်ဝန်းကျင်ကို စစ်ဆေးခြင်း၊ ရဲဆေးစာပေးပို့ထားခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

■ S-03

# မှုခင်းသတင်းတိုများ

■ တွံတေးမြို့နယ်၊ သဝင်းတောကျေးရွာရှိနေအိမ်တစ်လုံးတွင် ဖေဖော်ဝါရီလ ၅ ရက် နံနက် ၄ နာရီခွဲခန့်က လျှပ် စစ် ဆားဗစ်ကြိုး ပေါက်ပြဲသည့်နေရာက အပူလွန်ကဲ၍ နေအိမ်ထရံကို မီးကူးစက်လောင်ခဲ့ရာ အလျားပေ ၂၀၊ အနံ ၁၈ ပေခန့်ရှိ သွပ်မိုး၊ ပျဉ်ခင်း၊ ထရံကာနေအိမ်တစ်လုံးမီးလောင်ဆုံးရှုံးခဲ့သဖြင့် မီးပေါ့ဆသုံးစွဲသည်ဟုဆို သော နေအိမ်ပိုင်ရှင် အမျိုးသားကို ယင်းမြို့မရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်ထားသည်။

■ ရန်ကုန်-ပြည်ကားလမ်းအတိုင်း မှော်ဘီဘက်မှ တိုက်ကြီးဘက်သို့ မောင်းနှင်လာသော ဆိုင်ကယ် တစ်စီးသည် ဖေဖော်ဝါရီလ ၅ ရက် နံနက် ၁၀ နာရီခွဲခန့်က မိုင်တိုင်အမှတ် ၄၁/၁ နှင့် ၄၁/၂ ကြားအရောက် တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိသွားပြီး ဘန်ဂို ပိုတာအမျိုးအစား အဖြူရောင်ယာဉ်တစ်စီးနှင့် တိုက်မိရာ ဆိုင်ကယ်စီးနင်းသူ အသက် ၃၂ နှစ်အရွယ် အမျိုးသားတစ်ဦး ထိခိုက်ပေါက်ပြဲဒဏ်ရာများရရှိပြီး မှော်ဘီမြို့နယ်ပြည်သူ့ ဆေးရုံကြီးသို့ တင်ပို့ကုသစဉ် သေဆုံးသွားသည်။

■ သန်လျင်မြို့နယ်၊ ကျိုက်ခေါက်ဘုရားတောင်ဘက်မုခ်အနီးရှိ ဈေးဆိုင်တစ်ဆိုင်၏ နောက်ဘက်တွင် ဖေဖော်ဝါရီလ ၅ ရက် ည ၁၁ နာရီခွဲခန့်က လောင်းစားသတင်းအရ ဝင်ရောက်ရှာဖွေစစ်ဆေးရာ ဖဲချပ်များ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ လောင်းကစားပြုလုပ်နေသည့် အသက် ၁၈ နှစ်မှ ၅၉ နှစ်အတွင်းရှိ အမျိုးသားတစ်ဦး၊ အမျိုးသမီးသုံးဦးကို ဖမ်းမိခဲ့သဖြင့် ယင်းမြို့မရဲစခန်းက လောင်းကစားဥပဒေပုဒ်မ ၁၂ (က) ဖြင့် အမှုဖွင့်ထားသည်။

■ ရန်ကုန်မြို့တွင်း ဆူးလေဘုရားဘက်မှ ဒဂုံတက္ကသိုလ်ဘက်သို့မောင်းနှင်လာသော YBS အမှတ် ၂၉ ခရီးသည် တင်ယာဉ်တစ်စီးသည် ဖေဖော်ဝါရီလ ၅ ရက် နံနက် ၁၀ နာရီ ၂၇ မိနစ်က ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ အမှတ်(၇) ရပ်ကွက်၊ ရာဇဓိရာဇ်လမ်းပေါ်အရောက် အင်ဂျင်ခန်းအတွင်းရှိ ဘက်ထရီမိန်းခုံ အပူလွန်ကဲရာက စတင်မီးလောင်ခဲ့သဖြင့် အသက် ၃၄ နှစ်အရွယ် ယာဉ်မောင်းအမျိုးသားကို ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့မရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်ထားသည်။

■ ရွှေပြည်သာမြို့နယ်၊ အမှတ်(၁/၁၇) ရပ်ကွက်၊ လှော်ကားဝါးတစ်ရာလမ်းဘေးရှိ ဆိုင်တစ်ဆိုင်တွင် ဖေဖော်ဝါရီလ ၄ ရက် နံနက် ၁၁ နာရီခန့်က ဖော်လိုသံဖရိန်များကို ဝရိန်ဆော်နေစဉ် ပေါက်ပြဲနေသည့် ဝါယာနှင့်လက်ထိမိပြီး ဓာတ်လိုက်ကာ အသက် ၃၀ အရွယ် အမျိုးသားတစ်ဦးသေဆုံးသွားသဖြင့် ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊ မဟုတ် သိရှိနိုင်ရန် ရုပ်အလောင်းကို အင်းစိန်ဆေးရုံကြီးသို့ ပို့ဆောင်ကာ ရွှေပြည်သာမြို့မရဲစခန်းက သေမှုသေခင်းဖွင့်ကာ စစ်ဆေးနေသည်။

J-16

ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

ဖြန့်ချိရေးကိစ္စ
ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃(ရန်ကုန်)၊
၀၉ ၇၇၈၈၃၃၀၇၁ (မန္တလေး)

# နတ်သံကွင်းဈေး မီးဘေးသင့် ဆိုင်ရှင်များကို တိုင်းအစိုးရထောက်ပံ့

**တောင်ငူ၊ ဖေဖော်ဝါရီ ၆**

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် နတ်သံကွင်းကျေးရွာရှိ မီးဘေးသင့်ဈေးမှ ဆိုင်ခန်းရှင်များကို တိုင်းအစိုးရက ဆိုင်အနေအထားအလိုက် ကျပ်ငါးသောင်းမှ တစ်သိန်းအထိ ဖေဖော်ဝါရီလ ၆ရက်က ထောက်ပံ့ခဲ့ကြောင်း ဈေးသူဈေးသားများထံမှ သိရသည်။

ဆိုင်ခန်းရှင် ၁၆၀အနက် ဆိုင်ခန်းရှင် ၆၉ဦးကို တစ်ဦးလျှင် ကျပ်တစ်သိန်း၊ ပုံကျဆိုင်ခန်းရှင် ၉၁ဦးကို တစ်ဦးလျှင် ကျပ်ငါးသောင်းနှုန်းဖြင့် စုစုပေါင်းကျပ်သိန်း ၁၀၀ကျော်ကို တိုင်းအစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါ်ညွှန့်ညွှန့်ဌေးက ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ကြောင်း ကျောက်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်က ပြောကြားသည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၂ရက် ညပိုင်းက နတ်သံကွင်းဈေး မီးလောင်ခဲ့ပြီး ဆိုင်ခန်း ၁၆၀ကျော် မီးလောင် ဆုံးရှုံးခဲ့ကြောင်း၊ ဈေးမီးလောင်ပြီး ၂ပတ်အကြာတွင် ယာယီဈေးဆိုင်ခန်းများ ဆောက်လုပ်ကာ ဈေးရောင်းချနေကြောင်း ဈေးသူ၊ ဈေးသားအချို့ထံမှ သိရသည်။

ဈေးမီးလောင်မှုကိုရှို့မီးဟု ယူဆထားပြီး မီးရှို့သူကို ရာဇသတ်ကြီး ပုဒ်မ ၄၃၆ဖြင့် အမှုဖွင့်ကာ စုံစမ်းနေဆဲဖြစ်ပြီး ၂လနီးပါးကြာသည်အထိ မမိသေးကြောင်း နတ်သံကွင်းနယ်မြေရဲစခန်းထံမှ သိရသည်။

■ **R-15**

The VOICE Daily **CARTOON**




အခမဲ့ ကြော်ငြာကဏ္ဍ Classifieds ဆက်သွယ်လိုပါက - ၀၉ ၇၈၅၅၅၅ ၇၇၃

Grace Dynasty | ဦးအောင်စိုးဦး | နေခြည်လင်း (Beauty Saloon) | ရွှေပြည်သစ် | စိုးစေတနာ | စမိုင်း

ကောင်းသန့် | ဦးသာရ+ဒေါ်ခင်စိန်နှင့်သားသမီးများ | ရတနာ | လျှံ | သန်းသန်း | OK

သမာဓိ | PIONEER | MYA YADANAR THIT (Pro Car Care Service) | ဝင်းရတနာ | ဦးမြင့်ဦး | ချစ်စန်းဦး (Car Auto Service)

ရှိုင်း | HIGH WAY | MASTER GROUP (AUTO MOBILE SERVICE) | လင်း | ချမ်းမြေ့ | ထွန်း

ကိုဖွားကြီးနှင့်ညီများ | Mobile 1 (Sales & Services) | ကိုကျော်ကျော်နိုင် | တပင်ရွှေထီး | အင်ကြွင်းမြိုင် | ကြယ်ဖြူ

# အဖျောက်တွင် လိုင်စင်မရှိသည့် စက်သုံးဆီဆိုင်များ ပိတ်သိမ်းရန် ညွှန်ကြား

**တိုက်ကြီး၊ ဖေဖော်ဝါရီ ၆**

တိုက်ကြီးမြို့နယ် အဖျောက်မြို့ (၄)ရပ်ကွက်နှင့် ကျေးရွာ ၁၀ အုပ်စုရှိ လိုင်စင်မရှိသည့် စက်သုံးဆီဆိုင်များကို ဖေဖော်ဝါရီလ ၅ ရက်တွင် ပိတ်သိမ်းရန် စက်သုံးဆီရောင်းချသူများကို အဖျောက်မြို့ အထွေထွေ အုပ်ချုပ်ရေးမှူးက ညွှန်ကြားထားကြောင်း စက်သုံးဆီရောင်းချသူများထံမှ သိရသည်။

အဖျောက်မြို့တွင် လိုင်စင်မဲ့ စက်သုံးဆီအရောင်းဆိုင် ၅၁ ဆိုင်ရှိကာ စက်သုံးဆီဆိုင်များကို ပိတ်သိမ်းခိုင်းပါက လယ်ယာသုံးစက်များ၊ ဧရာဝတီမြစ်တွင်း မောင်းနှင်သော စက်လှေမော်တော်ယာဉ်နှင့်ဆိုင်ကယ်များ အခက်အခဲကြုံနိုင်ကြောင်း အဖျောက်မြို့ ရပ်မိရပ်ဖတစ်ဦး ကပြောသည်။

စက်သုံးဆီ ရောင်းချသူများကို ဖေဖော်ဝါရီ ၄ ရက်က အဖျောက်မြို့အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးတွင် ခေါ်ယူတွေ့ဆုံကာ မီးဘေးအန္တရာယ်ကြောင့် လိုင်စင်မရှိသော စက်သုံးဆီဆိုင်များကို ပိတ်ပေးရန် အဖျောက်မြို့အုပ်ချုပ်ရေးမှူးက ပြောခဲ့ကြောင်း အဖျောက်မြို့စက်သုံးဆီရောင်းချသူ ကိုမင်းမင်းစိုးက ပြောသည်။

"ကျွန်တော်တို့မြို့က သေးတယ်၊ အဝေးပြေးလမ်းမဘေးက မြို့တွေလိုမဟုတ်ဘူး။ သီးသန့်ရှိတဲ့မြို့ဆိုတော့ လိုင်စင်နဲ့ဆိုအဆင်မပြေဘူး၊ ဆီပေပါတစ်လုံးစာ ဆီပန့်ဆိုင်လေးတွေနဲ့ရောင်းရတာ ခုလိုပိတ်လိုက်တော့ အားလုံး အခက်အခဲဖြစ်ကြမှာ"ဟု ၎င်းက ဆိုသည်။

လိုင်စင်မဲ့ စက်သုံးဆီဆိုင်များကို ပိတ်သိမ်းရန် ညွှန်ကြားမှုမှာ အဖျောက်မြို့တစ်ခုတည်းတင်မဟုတ်ဘဲ တိုက်ကြီးမြို့နယ်တစ်ခုလုံးရှိ လိုင်စင်မဲ့ ဆီဆိုင်များကို ပိတ်သိမ်းမည်ဖြစ်ကြောင်း၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအနေနှင့် စက်သုံးဆီစနစ်တကျ ထားရှိရမည့် အခြေအနေများကြောင့် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းစစ်ဆေးမည်ဖြစ်ကြောင်း အဖျောက်မြို့ အုပ်ချုပ်ရေးမှူး ဦးချမ်းမင်းစိုးကပြောသည်။

အဖျောက်မြို့တွင် ဖေဖော်ဝါလ ၅ ရက်နေ့တွင် လိုင်စင်မဲ့ဆီဆိုင်များ ပိတ်ထားသော်လည်း တိုက်ကြီးနှင့် ဥက္ကံမြို့တို့တွင် လိုင်စင်မဲ့ စက်သုံးဆီဆိုင်များ ရောင်းချမှု ရှိနေကြောင်း ဒေသခံများထံမှ သိရသည်။ ■

R-19



ဓာတ်ပုံ - ငြိမ်းသူမင်း

<u>တမူးနယ်စပ်ဂိတ်မှ မြန်မာနိုင်ငံအတွင်း ဝင်ရောက်လာသည့် အိန္ဒိယနိုင်ငံသားများကို တွေ့ရစဉ်</u>

# တမူးမှ အိန္ဒိယနိုင်ငံအတွင်း တရားဝင်သွားလာခွင့် လက်မှတ်ထုတ်ပေးရေး လွှတ်တော်တင်

**ကလေး၊ ဖေဖော်ဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်အတွင်းရှိ မြန်မာ-အိန္ဒိယနယ်စပ်ဂိတ်ပေါက်များမှတစ်ဆင့် အိန္ဒိယနိုင်ငံအတွင်းသို့ ခုနစ်ရက် နိုင်ငံကူးလက်မှတ်(သို့မဟုတ်) နေ့ချင်းပြန် နိုင်ငံကူးလက်မှတ်တို့ဖြင့် တရားဝင်ကူးသန်းသွားလာခွင့်ရရှိရေးအတွက် ဖေဖော်ဝါရီလ ၅ ရက်နေ့က ကျင်းပသည့် ပြည်သူ့လွှတ်တော်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်းက မေးခွန်းမေးမြန်းခဲ့သည်။

တမူးမြို့သည် အိန္ဒိယနိုင်ငံနှင့် အများဆုံးကုန်သွယ်မှုပြုလုပ်နေသည့် နယ်စပ်မြို့ဖြစ်ပြီး မြန်မာ - အိန္ဒိယနယ်စပ်မြို့နေ တမူးမြို့နှင့် မိုးရေးမြို့မှ ဒေသခံများသည် နံပါတ် ၂ ဂိတ်မှတစ်ဆင့် နေ့စဉ်ကူးလူးသွားလာရာတွင် အိန္ဒိယနိုင်ငံသားများအနေဖြင့် နယ်စပ်ဂိတ်မှတစ်ဆင့် မြန်မာနိုင်ငံအတွင်း ဝင်မည်ဆိုပါက မြန်မာဘက်ခြမ်းမှ တရားဝင်ဝင်ရောက်လည်ပတ်နိုင်ရန် ပြုလုပ်ပေးထားကြောင်း ၎င်းကပြောကြားသည်။

မြန်မာနိုင်ငံသားများ အနေဖြင့် အိန္ဒိယနိုင်ငံအတွင်းဝင်မည်ဆိုပါက အိန္ဒိယနိုင်ငံနယ်စပ်ဂိတ်တွင် မှတ်ပုံတင်ပေးရသော်လည်း တရားဝင် ဝင်ရောက်ခြင်းဖြစ်ကြောင်း၊ သို့သော် အထောက်အထား မပေးသည့်အတွက် အိန္ဒိယနိုင်ငံအတွင်း နယ်မြေ မအေးချမ်းပါက အိန္ဒိယနိုင်ငံအတွင်းရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအတွက် အာမခံ ချက်နှင့်လုံခြုံမှုတွင် အားနည်းမှုရှိပြီး ပြဿနာမျိုးစုံကြုံတွေ့နေရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"လူတစ်ဦးချင်း လုံခြုံမှုကိုပေးတဲ့ တရားဝင်ကူးသန်းသွားလာခွင့်ကိုပဲ ရချင်တာပါ။ ဒါပေမဲ့ အခုချိန်မှာ စီးပွားရေးအရ ကူးလူးဆက်ဆံသွားလာနေရသည့်အတွက် မသွားလို့လည်းမရပါဘူး"ဟု တမူးမြို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်းက ဆိုသည်။

မြန်မာနှင့် အိန္ဒိယ နယ်စပ်သွားလာရေး သဘောတူစာချုပ်ချုပ်ပြီး နိုင်ငံတော်အဆင့်လက်မှတ်ထိုးပြီးပါက ၁၃ ညအိပ် ၁၄ ရက် (သို့မဟုတ်) ခြောက်ညအိပ် ခုနစ်ရက်ခွင့်ပြုပေးနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိ MoU ရေးထိုးနိုင်ရေးနောက်ဆုံးအဆင့်ရောက်ရှိနေပြီး တမူးမြို့မှ အိန္ဒိယနိုင်ငံ မိုရေးမြို့သို့ ခုနစ်ရက်နိုင်ငံကူးလက်မှတ် (သို့မဟုတ်) နေ့ချင်းပြန် နိုင်ငံကူးလက်မှတ်ဖြင့် တရားဝင်ကူးသန်းသွားလာခွင့်ပြုနိုင်ရေး နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူညီချက်စာချုပ်ချုပ်ဆိုရန် ဆောင်ရွက်နေဆဲဖြစ်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြန်လည်ပြောကြားခဲ့သည်။ ■

R-20

# ရှမ်းအရှေ့တွင် မိုးစပါးစိုက်ဧကယခင်ထက်ပိုများ

**ကျိုင်းတုံ၊ ဖေဖော်ဝါရီ ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မြို့နယ် ၁၀ ခုမှ ထွက်ရှိသည့် ပိုလျှံဆန်များကို တရုတ်နိုင်ငံသို့ တင်ပို့ခွင့် ရပ်ထားသည်မှာ တစ်နှစ်ကျော် ကြာမြင့်သော်လည်း မိုးစပါးစိုက်ဧကမှာ ယခင်ထက်ပိုများကြောင်း အဆိုပါပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးတင်ဦးက ပြောကြားသည်။

"တောင်သူတွေကတော့ စပါးဝယ်သူရှိလို့သာ ပိုပြီးစိုက်ပျိုးလာကြတာပါ၊ ဒီနှစ်မိုးစပါးက အရင်ထက် စိုက်ဧက ပိုများလာတဲ့အပြင် မျိုးသန့်တဲ့အတွက် အထွက်နှုန်းလည်း ပိုတိုးလာတယ်"ဟု ၎င်းက ဆိုသည်။

ကျိုင်းတုံမြို့အပါအဝင် ပြည်နယ်တွင်းရှိ မြို့နယ် ၁၀ ခုတွင် စားသုံးပိုလျှံဆန် တန်ချိန်ခြောက်သောင်း အနက် တန်ချိန်သုံးသောင်းခန့်ကို တရုတ်သို့ နှစ်စဉ်တင်ပို့ရောင်းချကြောင်း၊ ကျိုင်းတုံ- မိုင်းလားလမ်းကို လုံခြုံရေး အခြေအနေအရ ၂၀၁၆ ခုနှစ် အောက်တိုဘာလမှ စတင်ပိတ်ခဲ့သည့်နောက်ပိုင်း တရားဝင်ဆန်တင်ပို့မှုများ ရပ်ဆိုင်းသွား၍ နိုင်ငံတော်အခွန်ဘဏ္ဍာငွေများ မရရှိတော့ကြောင်း ကျိုင်းတုံမြို့ ဒုတိယ ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှူး ဦးလုစိုးက ရှင်းပြသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မြို့နယ် ၁၀ ခုတွင် မိုးစပါးနှင့် နွေစပါးစိုက်ဧကသုံးသိန်းခန့်ရှိရာ ရွှေယဉ်အေး၊ ဆင်းကေရီ(၃)၊ စပ်မျိုးနှင့် ဒေသကောက်ညှင်းများ စိုက်ပျိုးကြောင်း၊ ၂၀၁၇ ခုနှစ်တွင် မိုးစပါးစိုက်ဧက ၂၈၂,၄၆၀ ဧကရှိပြီး တစ်ဧကလျှင် ၇၈ ဒသမ ၃၆ တင်း ထွက်ရှိကြောင်း ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာနထံမှ သိရသည်။ ■ R-16



ဓာတ်ပုံ – ရန်နိုင်



ဓာတ်ပုံ - အောင်ဖြိုး

# ပျူခေတ်သံချက်ဖိုများ ပြုပြင်ထိန်းသိမ်းရန်လိုအပ်

ပြည်၊ ဖေဖော်ဝါရီ ၆

ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ် စာရင်းဝင် ပျူမြို့ဟောင်းအတွင်းရှိ AD လေးရာစုနှစ်အတွင်း ပျူလူမျိုးများအသုံးပြုခဲ့သည့် သံချက်ဖိုများကို နိုင်ငံခြားခရီးသွားများ အလွယ်တကူလေ့လာနိုင်ရန် ပြုပြင်ထိန်းသိမ်းရန်လိုအပ်နေကြောင်း ပြည်မြို့ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမင်းက ပြောကြားသည်။

အဆိုပါ သံချက်ဖိုများမှာ သရေခေတ္တရာခေတ် အေဒီလေးရာစုမှ စတင်ကာ ပျူလူမျိုးများ၏ သံချက်သည့်နည်းပညာ အတတ်ပညာ အမွေအနှစ်တစ်ခုအနေဖြင့် ဖော်ထုတ်သွားရန် လိုအပ်နေကြောင်း အဆိုပါဌာနထံမှ သိရသည်။

“၂၀၁၆ ဘတ်ဂျက်တုန်းက ဒီသံချက်ဖိုတွေ ထိန်းသိမ်းဖို့တင်ခဲ့ဖူးတယ်။ အကြောင်းအမျိုးမျိုးကြောင့် ကျမလာခဲ့ဘူး။ ဒီနေရာတွေကို ရာသီမရွေး သွားလာလေ့လာလို့ရအောင်၊ သုတေသနပြုလုပ်လို့ရအောင်၊ ရေမြေသဘာဝအနေအထားတွေနဲ့ ပျက်စီးမှုမဖြစ်အောင် ပြုပြင်ထိန်းသိမ်းဖို့လိုအပ်နေတယ်” ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမင်းက ဆိုသည်။

ပျူခေတ်သံချက်ဖိုများမှာ သဘာဝလေတိုက်အားကိုယူပြီးဆောက်လုပ်ထားခြင်းကြောင့် မြို့ပြနှင့် ဝေးကွာသောတောအတွင်း လေတိုက်ရာလမ်းကြောင်းရှိ တောင်စောင်းများတွင် အဓိကဆောက်လုပ်ထားပြီး၊ ယခုအခါတွင် သဘာဝဘေးနှင့် လူဘေးတို့ကြောင့် ပျက်စီးမှုများရှိနေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

“ဒေသခံတွေ တချို့က သံချက်ဖိုမှန်းမသိတော့ ဂရုမစိုက်လို့ပျက်စီးတာတွေရှိတယ်။ သူတည်ဆောက်ပုံက နံပြားဖိုလိုပဲ ရွှံ့နဲ့မံထားပြီး အောက်ခြေမှာလေဝင်ပေါက်တွေရှိတယ်။ တောင်ကြားထဲကသဘာဝလေကို တစ်ခါတည်းယူပြီး အသုံးပြုတယ်လို့ ယူဆရတယ်။ ရာသီအလိုက်လေတိုက်တဲ့ လမ်းကြောင်းပေါ်မူတည်ပြီး လေးငါးခြောက်ဖိုစုတည်ဆောက်ထားတာမျိုးတွေ့ရတယ်” ဟု ၎င်းကထပ်လောင်းပြောဆိုသည်။

ပျူခေတ်တွင် သံအသုံးပြုမှုကောင်းစွာနိုင်နင်းထွန်းကားခဲ့ပြီး ပျူခေတ်နောက်ပိုင်းတွင် အဆိုပါ သံချက်ဖိုများကိုမတွေ့ရတော့ကြောင်း၊ သံချက်ဖိုများကို ပြည်ခရိုင် ပြည်မြို့ပေါက်ခေါင်းမြို့အနီးဝန်ကျင်းတွင် တွေ့ရများပြီး ၂၀၁၇ခုနှစ်အထိ ကွင်းဆင်းစာရင်းကောက်ထားမှုများအရ သံချက်ဖို ၁၁၅ လုံးတွေ့ရှိထားပြီး တစ်ဝက်ခန့်ပျိုကျပျက်စီးနေကြောင်း ပြည်မြို့ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနထံမှ သိရသည်။ ■

M-06

# ဝါးတင်ယာဉ်မှောက်၍ အမျိုးသားနှစ်ဦးသေဆုံး

ဟသ်ာတ၊ ဖေဖော်ဝါရီ ၆

အင်္ဂပူမြို့နယ်တွင် ဖေဖော်ဝါရီလ ၄ ရက်နေ့ ညနေပိုင်းက ဝါးများတင်ဆောင်လာသည့် ထော်လာဂျီတစ်စီး အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ခြင်းကြောင့် ယာဉ်ပေါ်ပါလာသူ အမျိုးသားနှစ်ဦး သေဆုံးခဲ့ကြောင်း ယင်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

အဆိုပါ ဝါးတင်ယာဉ်ကိုအသက် ၃၀ ခန့်အရွယ် ရန်နိုင်အောင်က မောင်းနှင်လာပြီး ကျွဲဇင်းအုပ်စု တိုင်တရာကျေးရွာအနောက်ဘက် မြွေကြီးတောင်အနီး ကွင်းကောက်ချောင်းအတွင်း အရှိန်မထိန်းနိုင်ဘဲတိမ်းမှောက်ခဲ့ခြင်းဖြစ်ပြီး ယာဉ်ပေါ်တွင် အမျိုးသား ၇ ဦး လိုက်ပါလာရာ နှစ်ဦးသေဆုံး၍ ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း အဆိုပါရုံးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မောင်းကို နယ်မြေစခန်းက ယာဉ်(ပ ) ၃/၂၀၁၈ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၄-က /၃၃၇ ဖြင့် အမှုဖွင့် စစ်ဆေးနေကြောင်း အဆိုပါစခန်းထံမှ သိရသည်။ ■

R-13

# ကျိုင်းတုံတွင် ကွမ်းတစ်ပိဿာ ကျပ်နှစ်သောင်းအထိ စံချိန်တင်တက်

ကျိုင်းတုံ၊ ဖေဖော်ဝါရီ ၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့၌ ကွမ်းဈေးမြင့်တက်လျက်ရှိရာ ဖေဖော်ဝါရီလ ၆ရက်တွင် ကွမ်းတစ်ပိဿာ နှစ်သောင်းအထိ စံချိန်တင်မြင့်တက်ခဲ့ကြောင်း အဆိုပါမြို့ရှိ ကွမ်းနှင့် ကွမ်းအပိုပစ္စည်းအရောင်းဆိုင်များထံမှ သိရသည်။

ကျိုင်းတုံမြို့သည် မန္တလေးတိုင်းမှ ထွက်သော ကွမ်းရွက်များကိုမှာယူရောင်းချရပြီး ကွမ်းရွက်အထွက်များသော နွေရာသီနှင့် မိုးရာသီတွင် ကွမ်းတစ်ပိဿာလျှင် ကျပ်သုံးထောင်သာရှိပြီး ကွမ်းရှားပါသည့် ဆောင်းရာသီတွင် ကွမ်းဈေးတက်မှုရှိကြောင်း၊ သို့သော်လက်ရှိတွင် ဖြစ်ပေါ်နေသော ကွမ်းတစ်ပိဿာလျှင် ကျပ်နှစ်သောင်းအထိ စံချိန်တင် မမြင့်တက်ဖူးကြောင်း မိဘမေတ္တာ ကွမ်းနှင့်ကွမ်းအပိုပစ္စည်းအရောင်းဆိုင်ရှင် ဦးစောလွင်က ပြောကြားသည်။

ဒီဇင်ဘာလတွင် ကွမ်းတစ်ပိဿာလျှင် ကျပ်တစ်သောင်းရှစ်ထောင်အထိ တက်ရာမှ တဖြည်းဖြည်းတက်လာခြင်းဖြစ်ကြောင်း၊ ယခင် ကျပ်ငါးရာဖိုးဝယ်ပါက ကွမ်းယာ ၁၂ယာဖြင့်ရောင်းခဲ့ပြီး လက်ရှိတွင် ကွမ်းတစ်ယာလျှင် ကျပ် ၁၀၀ ဖြင့် ရောင်းသော်လည်း ရောင်းချသူအတွက် မကိုက်ကြောင်း ကွမ်းယာရောင်းသူ အမျိုးသမီးတစ်ဦးက ဆိုသည်။

တောင်ပေါ်ဒေသဖြစ်သည့် ကျိုင်းတုံမြို့နယ်တွင် ကွမ်းရွက်များ စမ်းသပ်စိုက်ပျိုးသော်လည်း ရေမြေအနေအထားအရ ကွမ်းရိုင်းများသာထွက်ရှိပြီး စားသုံး၍ မရကြောင်း၊ ဒေသခံတိုင်းရင်းသား အနည်းငယ်နှင့် ရွှေ့ပြောင်းလုပ်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများသာ ကွမ်းစားသုံးမှုများပြားပြီး ကွမ်းရွက်ပေါ်များချိန်တွင် တစ်ပိဿာ ကျပ်သုံးထောင်ဝန်းကျင်နှင့် ရှားပါးသည့်အချိန်တွင် တစ်ပိဿာ ကျပ် ၁၃၀၀၀ ဝန်းကျင်အထိသာ မြင့်တက်ကြောင်း သိရသည်။

■R-16

# မှုခင်း အသိပညာပေးမလုပ်သော ရဲတပ်ဖွဲ့ဝင်ကို နေရာပြောင်းသည်အထိ အရေးယူမည်

ပုသိမ်၊ ဖေဖော်ဝါရီ ၆

ဧရာဝတီတိုင်းရှိ မြို့နယ်များတွင် မှုခင်းကျဆင်းရေးအတွက် မှုခင်းအသိပညာပေး မလုပ်သော ရဲတပ်ဖွဲ့ဝင်များကို ဖြေရှင်းချက်တောင်းခံခြင်းမှစ၍ နေရာပြောင်းသည်အထိ အဆင့်ဆင့် အရေးယူမည် ဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဦးစီးပထမတန်း အရာရှိ ဒုတိယ ရဲမှူးကြီး ခင်မောင်လတ် က ပြောသည်။

၂၀၁၇ခုနှစ်က ဧရာဝတီတိုင်းတွင် မုဒိမ်းမှုအများဆုံး ဖြစ်ပွားခဲ့ပြီး သက်ငယ်မုဒိမ်းမှုပိုများကြောင်း၊ အဆိုပါအမှုများမှာ ကျေးလက်ဒေသတွင် အများဆုံး ဖြစ်ပွားသောကြောင့်ကျေးလက်ဒေသများတွင် မှုခင်း အသိပညာပေး ဟောပြောပွဲနှင့် တရားဥပဒေ စိုးမိုးရေးလုပ်ငန်းများ ပိုမိုလုပ်ဆောင်ရန် ဇန်နဝါရီလက ညွှန်ကြားခဲ့ကြောင်း၊ နယ်မြေရဲတပ်ဖွဲ့များ၏ ဆောင်ရွက်လှုပ်ရှားမှုများကိုနေ့စဉ် သတင်းပို့ရန်လည်း ညွှန်ကြားထားကြောင်း ၎င်းက ရှင်းပြသည်။

နယ်မြေရဲစခန်းအပိုင်ဒေသမှ ရွာတိုင်းတွင် ဆောင်ရွက်ရမည်ဖြစ်ပြီး မှုခင်းဖြစ်ပွားဖူးသော ကျေးရွာများတွင် အကြိမ်ရေများစွာ ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်း မရှိပါက သူ့ကို ဖြေရှင်းချက်တောင်းခြင်း၊ သတိပေးခြင်း၊ နေရာပြောင်းခြင်း စသည်ဖြင့် အဆင့်ဆင့် အရေးယူသွားမည်ဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

မှုခင်းကျဆင်းရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ အရပ်ဘက်လူမှုရေး အဖွဲ့များ စသည်ဖြင့် မိတ်ဖက်အဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ဧရာဝတီတိုင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

ဧရာဝတီတိုင်းတွင် ၂၀၁၆ ခုနှစ်က မုဒိမ်းမှု၁၉၉ ဖြစ်ပွားခဲ့သည့်အနက် သက်ငယ်မုဒိမ်းမှု၁၁၁မှု ဖြစ်ပွားကာ ကျေးလက်တွင် ၁၀၅မှု ဖြစ်ပွားခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ်တွင် မုဒိမ်းမှု ၂၄၃ မှု ဖြစ်ပွားခဲ့သည့်အနက် သက်ငယ်မုဒိမ်းမှု ၁၅၅မှု ဖြစ်ပွားကာ ကျေးလက်တွင် ၁၃၀မှု ဖြစ်ပွားကြောင်း ယင်းရဲတပ်ဖွဲ့ထံမှ သိရသည်။ ■

R-12

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃ (ရန်ကုန်)
ဖုန်း - ၀၉ ၇၇၈၈၃၃၀၇၁ (မန္တလေး)

# ကျိုင်းတုံမြို့ ရေကြီးနစ်မြုပ်မှု ကာကွယ်ရေးလုပ်ငန်း ၆လအတွင်း အပြီးလုပ်ဆောင်မည်

**ကျိုင်းတုံ၊ ဖေဖော်ဝါရီ ၆**

ရှမ်းပြည်နယ် (အရှေ့ပိုင်း)၏ မြို့တော် ကျိုင်းတုံမြို့တွင် ရေကြီးနစ်မြုပ်မှု မဖြစ်ပေါ်စေရန်အတွက် ကာကွယ်ရေး လုပ်ငန်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမခြောက်လအတွင်း ကျပ်သိန်း ၃၀၀၀ သုံးကာ လုပ်ဆောင်မည် ဖြစ်ကြောင်း ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေး ကော်မတီထံမှ သိရသည်။

"ရေကြီးနစ်မြုပ်မှု ဖြစ်ပေါ်နေတဲ့ မြို့ပေါ်ရပ်ကွက်တွေက ရေမြောင်းတွေ အပါအဝင် လွိုင်မွေလမ်းတစ်လျှောက်က ရေထွက်မြောင်းကြီးကို တိုးချဲ့ပြီး ကျောက်စီ မြေထိန်း နံရံတွေလုပ်မယ်။ ပြည်နယ်အစိုးရ ကနေ ဒီနှစ်ဘတ်ဂျက်မှာ ချထားပေးမှာမို့ အပြီးလုပ်ရမယ်"ဟု ကျိုင်းတုံမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုးက ပြောကြားသည်။

လက်ရှိတွင် ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်နေသည့် မြို့ပေါ်ရပ်ကွက်များရှိ ရေမြောင်းများ၌ ရေစီးဆင်းမှု ကောင်းမွန်စေရန် ကွန်ကရစ်မြောင်းအဖုံးများ အသေဖုံးအုပ်ထားသည့်နေအိမ်များနှင့် ညှိနှိုင်းတိုင်ပင်ကာ ယင်းမြောင်းဖုံးများကိုဖော်ပေးရန် ကနဦး လုပ်ဆောင်နေကြောင်း ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်က ဆိုသည်။

ပြည်နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများရုံးစိုက်ရာ ကျိုင်းတုံမြို့တွင် ရေမြောင်းများကို ကျူးကျော်ကာ တိုးချဲ့နေထိုင်ခြင်း၊ ရေမြောင်းများကို ကွန်ကရစ်များဖြင့် အသေဖုံးအုပ်ခြင်းနှင့် ရေထွက်မြောင်းများ တိမ်ကောသွားခြင်းကြောင့် မိုးရွာသွန်းမှုများပြားပါက မြို့ပေါ် ရပ်ကွက်များအပါအဝင် အနီးရှိ ကျေးရွာများ၌ပါ ရေကြီးနစ်မြုပ်မှု ဖြစ်ပေါ်နေကြောင်း ဒေသခံများထံမှ သိရသည်။ ■ **R-16**



ဓာတ်ပုံ – ကိုမင်း

# ကျောက်မဲမြို့ပေါ်လာရောက်ခိုလှုံနေသူ ၁၀၀၀ ကျော်အနက် ၈၀၀ ကျော် နေရပ်ပြန်

**ကျောက်မဲ၊ ဖေဖော်ဝါရီ ၆**

ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲ မြို့ပေါ်ရှိ စခန်းလေးခုနှင့် မိုင်ငေါ့မြို့နယ် ခွဲရှိ စခန်းနှစ်ခုတို့တွင် တစ်လကြာလာ ရောက်ခိုလှုံနေခဲ့သည့် စစ်ရှောင်ဒေသခံ ၁၁၁၅ ဦးအနက် ၈၀၀ ကျော်မှာ နေရပ် အသီးသီးသို့ ပြန်လည်ထွက်ခွာသွားပြီဖြစ် သော်လည်း လူဦးရေ ၃၀၀ ကျော်မှာမူ နေရပ်မပြန်နိုင်သေးကြောင်း အဆိုပါစစ်ရှောင် စခန်း တာဝန်ရှိသူများထံမှ စုံစမ်းသိရှိရသည်။

ကျောက်မဲမြို့ အောင်မြေသာယာ နှင့် အောင်မြေမင်္ဂလာဘုန်းတော်ကြီး ကျောင်းရှိ လူဦးရေ ၃၀၀ ကျော်မှာ နေရပ်သို့ လတ်တလော မပြန်နိုင်သေးဘဲ ဖေဖော်ဝါရီလ ၈ ရက်နေ့မှ ရွာကိုပြန်နိုင်မည်ဖြစ်ကြောင်း ၎င်းတို့ထံမှ သိရသည်။

"ရွာရဲ့အခြေအနေကောင်းမှပြန်နိုင်ကြမှာပါ။ ပြီးခဲ့တဲ့ရက်ပိုင်းက ရွာသား တစ်ယောက် ရွာမှာအခြေအနေ သွားကြည့်တယ်။ တိုက်ကြဦးမလား ပစ်ကြဦးမလား ဆိုတာစောင့်ကြည့်ပြီး စိတ်ချရပြီဆိုမှ ပြန်လို့ဖြစ်မှာ"ဟု စစ်ရှောင်လာသူတစ်ဦး ဖြစ်သည့် ကြက်သေကျေးရွာမှ ဦးစိုင်း လောင်မိန်း ကပြောဆိုသည်။

ပြီးခဲ့သည့် ဒီဇင်ဘာလ ၂၈ ရက်နေ့မှစ၍ ကျေးရွာလေးရွာမှ လူဦးရေပေါင်း ၁၁၁၅ ဦးကို ကျောက်မဲမြို့ရှိ သန္တိသုခ ဘုန်းတော်ကြီးကျောင်း၊ အောင်မင်္ဂလာ ဘုန်းတော်ကြီးကျောင်း၊ ဝါဆိုကျောင်းနှင့် အောင်မြေသာယာကျောင်းများတွင် နေရာချထားပေးခဲ့ပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် အလှူရှင်များက ဝိုင်းဝန်းထောက်ပံ့လှူဒါန်းထားကာ နေရပ်ပြန်သူများကိုလည်း ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် တစ်ကိုယ်ရေသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ထားသည်။

တိုက်ပွဲရှောင်သူများမှာ ကျောက်မဲ မြို့နယ်အတွင်း ကျောက်မဲမြို့နှင့် နမ့်ဆန် မြို့နယ် နမ္မတူမြို့နယ်စပ်ကြားရှိ ကျေးရွာ များမှဖြစ်ပြီး ဒီဇင်ဘာလ ၂၆ ရက်နေ့မှ စတင်ကာ တပ်မတော်နှင့် တအာင်း-ပလောင်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (TNLA) တို့ ကျေးရွာများအနီးရှိ တောင်ကုန်းတောင်တန်းများပေါ်တွင် နေရာယူခြင်း၊ သွားလာလှုပ် ရှားနေကြခြင်းကြောင့် နှစ်ဖက်တိုက်ခိုက်ပစ်ခတ်ကြပါက ကျေးရွာ များမှာ နှစ်ဖက်အကြားတွင်ရှိနေခြင်း ကြောင့် ထိခိုက်မည်ကို စိုးရိမ်သဖြင့် တိုက်ပွဲ မဖြစ်ခင် တိမ်းရှောင်လာကြခြင်းဖြစ်ကြောင်း ယင်း ဒေသခံများထံမှ သိရသည်။

■ **R-07**

# ဖြူးမြို့အနီး ငလျင်လှုပ်မှုများ စစ်ကိုင်းပြတ်ရွှေ့ကြောင့်မဟုတ်သဖြင့် စိုးရိမ်ဖွယ်ရာမရှိဟုဆို

**တောင်ငူ၊ ဖေဖော်ဝါရီ ၆**

ပဲခူးတိုင်း တောင်ငူခရိုင် ဖြူးမြို့နယ် တွင် ဇန်နဝါရီလမှစ၍ ဖေဖော်ဝါရီလ ၆ ရက်အထိ အင်အား အသင့်အတင့်ရှိ ငလျင် ၁၅ကြိမ်ခန့် လှုပ်ခဲ့သော်လည်း ယင်းငလျင် များမှာ စစ်ကိုင်းပြတ်ရွှေ့ကြောင့် မဟုတ် သဖြင့် လက်ရှိအထိ စိုးရိမ်ဖွယ်ရာ မရှိ သေးကြောင်း တောင်ငူခရိုင် မိုးလေဝသ နှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

စစ်ကိုင်းပြတ်ရွှေ့ကြောင့် ဖြူးမြို့ အနီး လှုပ်ခတ်ခဲ့ဖူးသော ငလျင်မှာနှစ် ၈၀ ကျော်ပြီ ဖြစ်သောကြောင့် ငလျင်သဘော အရ နှစ် ၁၀၀ ကျော်လျှင် တစ်ကြိမ် လှုပ် ခတ်နိုင်သဖြင့် စစ်ကိုင်းပြတ်ရွှေ့ငလျင် ကြောကို သတိထားရန် လိုအပ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ပညာရှင်တစ်ဦး က သုံးသပ်သည်။

ဖြူးမြို့အနောက်တောင်ဘက် ၁၇မိုင် အကွာတွင် ဇန်နဝါရီလ ၁၂ရက်က ရစ်ခ်တာစကေး ၆အဆင့်ရှိသည့် အင်အားပြင်း ငလျင်တစ်ခု လှုပ်ခတ်ခဲ့ပြီးနောက် တစ်လ ခန့်ကာလအတွင်း ယင်းအင်အားထက် လျော့သော ငလျင် ၁၅ကြိမ်ခန့် လှုပ်ခတ်ခဲ့ သည်။

အင်အား ၆အဆင့်ရှိသော ငလျင် လှုပ်စဉ်က လူနှင့်တိရစ္ဆာန်ထိခိုက်ဒဏ်ရာ ရမှုနှင့် အိမ်ခြေ အဆောက်အအုံများ ပျက်စီးမှုမရှိခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

ဖေဖော်ဝါရီလ ၅ ရက် ည ၁၁ နာရီ ၂၅မိနစ်ကျော်က ဖြူးမြို့၏ အနောက် တောင်ဘက် မိုင် ၂၀ခန့်အကွာတွင် ရစ်ခ်တာစကေး ၅ ဒသမ ၂ အဆင့်ရှိ အင်အား အသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

"ဇန်နဝါရီလက လှုပ်ခတ်ခဲ့တဲ့ ရစ်ခ်တာစကေး ၆ လှုပ်ပြီးတဲ့ နောက်ပိုင်းမှာ အင်အားအသင့်သင့်ရှိတဲ့ ငလျင်ငယ်တွေ လှုပ်နေတာ ၁၅ ကြိမ်လောက်ရှိနေပြီ၊ ငလျင်ရဲ့သဘောက ပြင်းအား တဖြည်းဖြည်းနဲ့ ကျသွားတာဖြစ်တော့ စိုးရိမ်စရာ မရှိဘူး၊ တစ်ခုကောင်းတာက ဒေသခံတွေ ငလျင် အသိပိုရှိလာတယ်။ ဒေသ(ပဲခူး) ကလည်း စစ်ကိုင်းငလျင်ကြောထဲပါနေ တော့ စိုးရိမ်စရာက စစ်ကိုင်းပြတ်ရွှေ့ ပဲရှိတယ်"ဟု တောင်ငူခရိုင် မိုးလေဝသ နှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဖြူးမြို့အနီးတွင် ငလျင်များ လှုပ်ခတ် သဖြင့်ဒေသခံများအနေနှင့်ဆည်ကျိုးပေါက် မည်ကို စိုးရိမ်သော်လည်း လျှပ်စစ် စွမ်းအား ထုတ်လုပ်ရေး လုပ်ငန်းဌာနက စိုးရိမ်ဖွယ်မရှိကြောင်း ထုတ်ပြန်ထား သည်။

ဖြူးမြို့အနီးတစ်ဝိုက် ဆည်ကြီး အချို့ရှိနေသော်လည်း မြေသားတမံအမျိုး အစားဖြစ်သည့်အတွက် မစိုးရိမ်သော်လည်း စစ်ကိုင်း ပြတ်ရွှေ့ကြောင့် ငလျင်ဖြစ်ပွား ပါက အင်အားပြင်းငလျင်လှုပ်ခတ်မည်ကို စိုးရိမ်ကြောင်း ဖြူးဒေသခံ အမျိုးသား တစ်ဦးကဆိုသည်။

■ **R-15**

သတင်းကိစ္စ ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၁

# အသင်းနည်းပြသစ်အဖြစ် ဆီးဒေါ့ဖ်ကို ဒီပို့တီဗို ခန့်အပ်

**ဗလင်စီယာ၊ ဖေဖော်ဝါရီ ၆**

စပိန်လာလီဂါကလပ် ဒီပို့တီဗိုအသင်းသည် ရီးရဲလ်မက်ဒရစ်နှင့် အေစီမီလန် ကွင်းလယ်ကစားသမားဟောင်း ဆီးဒေါ့ဖ်ကို အသင်းနည်းပြသစ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်ပြီဖြစ်ကာ အသင်းကို ဆီးဒေါ့ဖ်က တန်းဆင်းဇုန်အန္တရာယ်မှနေ၍လွတ်မြောက်စေရန် ဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု အခိုင်အမာ ယုံကြည်သည့်အတွက် ယခုကဲ့သို့ အသင်းကို ဦးဆောင်ရန် ရွေးချယ်လိုက်ခြင်းဖြစ်ပါကြောင်း ဒီပို့တီဗိုကလည်း ကြေညာချက်ထုတ်ပြန်ထားပြီဖြစ်သည်ဟု Daily Mail က ဖော်ပြထားသည်။

ဒီပို့တီဗိုအသင်း တာဝန်ရှိသူများသည် ဆိုစီဒက်က ဒီပို့တီဗိုကို ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ယူသွားခဲ့သော စပိန်လာလီဂါပွဲစဉ်အပြီးတွင် နည်းပြ ပါရာလိုကို ရာထူးထုတ်ပယ်၍ ဆီးဒေါ့ဖ်ကို နည်းပြသစ်အဖြစ် ခေါ်ယူခန့်အပ်လိုက်ခြင်းဖြစ်ပြီး နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် လာလီဂါပွဲစဉ် ခုနစ်ပွဲဆက်တိုက် နိုင်ပွဲပျောက်သွားခဲ့ရသောအချက်က ပါရာလိုကို ရာထူးထုတ်ပယ်ခံရသည်အထိ ဖြစ်သွားစေခဲ့ခြင်းဖြစ်ကြောင်း စပိန်သတင်းမီဒီယာများက သုံးသပ်ထားကြသည်။

ဆီးဒေါ့ဖ်သည် ဒီပို့တီဗိုကို ဘောလုံးရာသီပြီးဆုံးချိန်တိုင်သည်အထိ သက်တမ်းရှိသော စာချုပ်တစ်ရပ်ဖြင့် တာဝန်ယူလိုက်ခြင်းဖြစ်ပြီး ၎င်း၏စွမ်းဆောင်ရည်များကို နှစ်ခြိုက်သဘောကျပါက ဘောလုံးရာသီပြီးဆုံးချိန်တွင် အနိမ့်ဆုံးအဖြစ် ၂ နှစ်သက်တမ်းရှိစာချုပ်ကို ဒီပို့တီဗိုက ချုပ်ဆိုလိမ့်မည်ဖြစ်သည်။

ဒီပို့တီဗိုသည် လက်ရှိတွင် လာလီဂါ အမှတ်ပေးဇယား၏အဆင့် ၁၈ နေရာတွင် ရပ်တည်ကာ တန်းဆင်းဇုန်အတွင်းသို့ ကျရောက်နေပြီး ၎င်းနှင့် အဆင့် ၁၇ နေရာရှိ လီဗန်တေးအကြားတွင် ရမှတ်သုံးမှတ်သာ ကွာဟသည့်အတွက် လက်ကျန်ပွဲစဉ်များတွင် ရလဒ်ကောင်းများ ရယူနိုင်ခဲ့မည်ဆိုပါက တန်းဆင်းဇုန်အတွင်းမှနေ၍ လွတ်မြောက်နိုင်ရန် အခွင့်အလမ်းရှိနေဆဲဖြစ်သည်။

ဆီးဒေါ့ဖ်သည် ယခုမတိုင်မီတွင် အေစီမီလန်နှင့် တရုတ်ကလပ် ရှန်ဇန်းတို့ကို နည်းပြအဖြစ် ဦးဆောင်ခွင့်ရခဲ့ဖူးသော်လည်း အသင်းတာဝန်ရှိသူများဘက်က မျှော်မှန်းထားသော အောင်မြင်မှုများကို ရယူပေးနိုင်စွမ်း မရှိခဲ့သည့်အတွက် အချိန်တိုအတွင်း၌ပင် ရာထူးထုတ်ပယ်ခံရခြင်းဖြင့် ရင်ဆိုင်ခဲ့ရဖူးသည်။ ■ E-11



## ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်အကူညီဖြင့် ဖူဆယ်အားကစားရုံ တည်ဆောက်ရန်စီစဉ်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၆**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) ၏ ထောက်ပံ့ပေးမှုဖြင့် ဖူဆယ်အားကစားရုံ တည်ဆောက်ရန်စီစဉ်နေကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ထံမှ သိရသည်။

ဖီဖာအနေနှင့် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာခုနစ်သိန်းခွဲ ထောက်ပံ့ပေးလျက်ရှိရာ ယင်းထောက်ပံ့ငွေများအနက်မှ ဖူဆယ်အားကစားရုံ တည်ဆောက်နိုင်ရန် စီစဉ်ရခြင်းဖြစ်ပြီး လိုအပ်သည့်အချက်အလက်များ တင်ပြရန် ပြင်ဆင်နေပြီဟု အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းက ပြောကြားသည်။

"ဖူဆယ်အားကစားရုံတည်ဆောက်ဖို့ လိုအပ်တဲ့အချက်လက်တွေ ဖီဖာကို တင်ပြဖို့လုပ်နေပါပြီ။ ဖူဆယ်အားကစားရုံ အပြင်ကို သုဝဏ္ဏကွင်းရဲ့မီးအားကိုလည်း အခုထက်ပိုကောင်းအောင် တိုးမြှင့်ဖို့လည်း ပါမယ်"ဟု ၎င်းကဆိုသည်။

အဆိုပါဖူဆယ်အားကစားရုံကို သုဝဏ္ဏ ဘောလုံးကွင်းမြေနေရာ အတွင်း၌ပင် တည်ဆောက်မည်ဖြစ်ပြီး ကုန်ကျမည့်ငွေကြေးများနှင့် အချက်အလက်များကိုမူ လက်ရှိအချိန်တွင် တွက်ချက်နေဆဲအဆင့်သာရှိသေး သည်ဟု ဦးကိုကိုသိန်းက ထပ်လောင်းပြောဆိုသည်။

ဖူဆယ်အားကစားရုံကို နိုင်ငံတကာပြိုင်ပွဲများ လက်ခံကျင်းပနိုင်ရန် ရည်ရွယ်တည်ဆောက်မည်ဖြစ်ပြီး ယခုနှစ် အတွင်း တည်ဆောက်နိုင်ရန် ကြိုးပမ်းမည်ဟု အဖွဲ့ချုပ်အသိုင်းအဝိုင်းထံမှ သိရသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေနှင့် လက်ရှိအချိန်ထိ ဖူဆယ်အားကစားရုံ မရှိသေးဘဲ ပြည်တွင်းပြိုင်ပွဲများကို သုဝဏ္ဏ မိုးလုံလေလုံအားကစားရုံ နှင့် နိုင်ငံတကာပြိုင်ပွဲများ ကျင်းပရန် နေပြည်တော်ရှိ ဖူဆယ်အားကစားရုံတို့ကို ငှားရမ်းအသုံးပြုနေရသည်။ ■ J-04



# ဘာစီလိုနာနီးပါး မန်စီးတီးကောင်းလာခဲ့ပြီဟု ရူနီ မှတ်ချက်ပေး၊ လာမည့်နှစ်တွင်လည်း မန်စီးတီးကို မန်ယူယှဉ်နိုင်မည်မဟုတ်ဟုဆို

**မန်ချက်စတာ၊ ဖေဖော်ဝါရီ ၆**

အဲဗာတန်တိုက်စစ်မှူး ရူနီသည် မန်စီးတီးအသင်း၏လက်ရှိစွမ်းဆောင်ရည်မှာ ဘာစီလိုနာအသင်းနီးပါး ကောင်းမွန်လာခဲ့ပြီဟု မှတ်ချက်ပေးအပ်လိုက်ပြီး ၎င်း၏အသင်းဟောင်း မန်ယူမှာ လာမည့် ၂၀၁၈-၁၉ ဘောလုံးရာသီတွင် မန်စီးတီးကို ကျော်ဖြတ်၍ အမှတ်ပေးချန်ပီယံဆုကို တစ်ကျော့ပြန်လည် ဆွတ်ခူးရယူနိုင်ရန် ရည်မှန်းနေသော်လည်း လွယ်နိုင်လိမ့်မည်မဟုတ်ဟု ရူနီက ပြောကြားသွားခဲ့ကြောင်း Daily Mail က ဖော်ပြထားသည်။

ရူနီသည် မန်ယူမှာ ဖာဂူဆန်အလွန်ကာလတွင် အသင်းကို မှန်ကန်သည့်အင်အားဖြည့်တင်းမှုများ ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိဟု ထောက်ပြသွားခဲ့ပြီး ကစားသမားသစ်များခေါ်ယူခြင်းနှင့် ပိုလျှံကစားသမားများ ရောင်းထုတ်ရာတွင် ရောင်းမှား ဝယ်မှား ဖြစ်ခဲ့သည့်အချက်က မန်ယူကို အင်အား ချည့်နဲ့သွားစေခဲ့ခြင်း ဖြစ်ကြောင်း ရူနီက အသိပေးသွားခဲ့သည်။

မန်ယူနည်းပြ မော်ရင်ညိုသည် လာမည့်ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ကို မန်စီးတီး ကြီးစိုးရန် ကြိုးပမ်းလာမှုအား ဟန့်တားရန်အတွက် ယခုအချိန်ကတည်းကပင် ၎င်းအနေနှင့် ပြင်ဆင်မှုများ ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း ဖွင့်ဟပြောကြားထားပြီး ဂွါဒီယိုလာမှာ ဘာစီလိုနာကို တည်ဆောက်ပုံဖော်ခဲ့စဉ်ကကဲ့သို့ အမြုတေတစ်ခုကို မန်စီးတီးထံတွင် ထည့်သွင်းလိုက်နိုင်ပြီဖြစ်၍ ပြိုင်ဘက်များအတွက် မလွယ်ကူနိုင်တော့သည့် အခြေအနေ ဖြစ်သွားခဲ့ရခြင်းဖြစ်သည်ဟုလည်း ရူနီက မှတ်ချက်ပေးသွားခဲ့သည်။

သတင်းမီဒီယာများနှင့်တွေ့ဆုံခဲ့ရာတွင် ရူနီက "ဂွါဒီယိုလာဟာ မန်စီးတီးကို ဘာစီလိုနာ တည်ဆောက်ခဲ့စဉ်တုန်းက အခြေခံမျိုးနဲ့ ပုံဖော်လိုက်နိုင်ပါပြီ။ ဂွါဒီယိုလာကို ဆက်လက်ထိန်းသိမ်းထားနိုင်သရွေ့ မန်စီးတီးက ဒီအရွေ့နဲ့ ရှေ့ဆက်လည်ပတ်သွားတော့မှာပါပဲ။ မနှစ်ကဘောလုံးရာသီတုန်းက အခက်အခဲပေါင်းများစွာကို ဂွါဒီယိုလာ ရင်ဆိုင်ခဲ့ရပေမယ့် လက်ရှိအချိန်မှာတော့ အရာအားလုံးက သူ့အတွက် အဆင်ပြေချောမွေ့သွားခဲ့ပါပြီ။ လာမယ့်နွေ့ဈေးကွက်မှာ ကစားသမားနှစ်ယောက်လောက် ထပ်ခေါ်လိုက်နိုင်ရုံနဲ့ မန်စီးတီးက ပြီးပြည့်စုံတဲ့အဆင့်တစ်ခုဆီ ရောက်သွားတော့မှာပါ။ မော်ရင်ညိုက ရှေ့လာမယ့် ဘောလုံးရာသီမှာ မန်စီးတီးကို ယှဉ်နိုင်စေဖို့အတွက် မန်ယူကို အကောင်းဆုံးစုဖွဲ့သွားမယ်ပြောနေပေမယ့် သိပ်တော့ မလွယ်လှပါဘူး။ မန်ယူဟာ အတိတ်ကာလတုန်းကလို အဆင့်တစ်ခုဆီ ပြန်ရောက်ဖို့အတွက် အလုံးစုံပြုပြင်ပြောင်းလဲရေးဆောင်ရွက်နိုင်မှသာ အဆင်ပြေဖို့ရှိပါတယ်"ဟု ပြောကြားသွားခဲ့သည်။ ■ E-11

## ရမ်ဆေးနှင့် ဝီလ်ရှိုင်းယားတို့က လုပ်ခလစာ တိုးမြှင့်တောင်းဆိုတော့မည်ဖြစ်၍ စာချုပ်သစ်ချုပ်ရန် အာဆင်နယ် အခက်တွေ့

**လန်ဒန်၊ ဖေဖော်ဝါရီ ၆**

အာဆင်နယ်အသင်းသည် ရမ်ဆေးနှင့် ဝီလ်ရှိုင်းယားတို့ကို စာချုပ်သစ်ချုပ်ရန် ကြိုးပမ်းရာတွင် ကာယကံရှင် ကစားသမားများဘက်က လုပ်ခလစာတိုးမြှင့် တောင်းဆိုရန် အခြေအနေများရှိနေပြီဖြစ်၍ အခက်တွေ့နေရကြောင်း The Sun က ဖော်ပြထားသည်။



အာဆင်နယ်သည် လွန်ခဲ့သည့် သီတင်းပတ်အတွင်း၌ ကွင်းလယ်ကစားသမား အိုဇေးလ်ကို တစ်ပတ်လုပ်ခလစာ အကျိုးခံစားခွင့် ပေါင်သုံးသိန်းခွဲအထိ ပေးချေကာ စာချုပ်သစ်ချုပ်ဆိုလိုက်ပြီး အသစ်ခေါ်ယူလိုက်သော မစ်ခီတာယန်နှင့် အော်ဘာမီယန်တို့၏တစ်ပတ်လုပ်ခလစာ အကျိုးခံစားခွင့်များမှာလည်း ပေါင်နှစ်သိန်းဝန်းကျင်ရှိသည့်အတွက် အခြားသောကစားသမားများကလည်း အခွင့်အရေးရမည်ဆိုပါက ယင်းလုပ်ခလစာမျိုး တောင်းဆိုရန် အသင့်ရှိနေကြပြီဖြစ်သည်။

ရမ်ဆေးနှင့် အာဆင်နယ်အသင်း အကြားတွင် ချုပ်ဆိုထားသောစာချုပ်သည် သက်တမ်းအားဖြင့် ၁၈ လမျှသာ ကျန်ရှိတော့ကာ လက်ရှိချုပ်ဆိုထားသော စာချုပ်အရ ရမ်ဆေးမှာ တစ်ပတ်လုပ်ခလစာ အကျိုးခံစားခွင့်အဖြစ် ပေါင် ၁၁၀,၀၀၀ ရရှိနေသည်။

ဝီလ်ရှိုင်းယားသည် လက်ရှိဘောလုံးရာသီပြီးဆုံးချိန်တွင် အာဆင်နယ်နှင့်ချုပ်ဆိုထားသောစာချုပ် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ပြီး အလွတ်ပြောင်းရွှေ့ကြေးဖြင့် ရရှိနိုင်ရန် အခွင့်အလမ်းများရှိနေသော ၎င်းကိုခေါ်ယူရန် လီဗာပူးအသင်းက စောင့်ကြည့်မှုများရှိနေပြီလည်းဖြစ်သည်။

အာဆင်နယ်သည် လက်ရှိအခြေအနေများအရ အသင်းရှိမည်သည့်ကစားသမားများဖြစ်စေ စာချုပ်သစ်လက်မှတ်ရေးထိုးလိုပါက ခြေစွမ်းအပေါ်တွင်မူတည်၍ ထိုက်တန်းလုပ်ခလစာများ ပေးချေသွားရဖွယ်ရှိနေပြီဖြစ်ပြီး အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးကမူ အိုဇေးလ်ကို စာချုပ်သစ် ချုပ်ဆိုနိုင်ခဲ့သကဲ့သို့ ရမ်ဆေးနှင့် ဝီလ်ရှိုင်းယားတို့ကို အဆုံးသတ်၌ အာဆင်နယ်၌ ဆက်လက်ထိန်းသိမ်းထားနိုင်မည့် နည်းလမ်းကို ၎င်းတို့အနေနှင့် ရှာဖွေနိုင်လိမ့်မည်ဟု အခိုင်အမာ ယုံကြည်ထားကြောင်း ဖွင့်ဟပြောကြားထားသည်။ ■ E-11





# ပီအက်စ်ဂျီနှင့် ရီးရဲလ်မက်ဒရစ်တို့ ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်ပွဲစဉ်ကို ဘက်ခမ်း တက်ရောက်ကြည့်ရှုနိုင်ဖွယ်မရှိ

**မက်ဒရစ်၊ ဖေဖော်ဝါရီ ၆**

အင်္ဂလန်လက်ရွေးစင် အသင်းခေါင်းဆောင်ဟောင်း ဒေးဗစ်ဘက်ခမ်းသည် ၎င်း၏ အသင်းဟောင်းများဖြစ်သော ပီအက်စ်ဂျီနှင့် ရီးရဲလ်မက်ဒရစ်တို့ ယှဉ်ပြိုင်မည့် ချန်ပီယံလိဂ် ၁၆ သင်း ရှုံးထွက်အဆင့်ပွဲစဉ်ကို တက်ရောက်ကြည့်ရှုနိုင်ရန် အဆင်မပြေမှုများရှိနေပြီး ယင်းသို့ဖြစ်ရသည်မှာ အဆိုပါပွဲစဉ် ယှဉ်ပြိုင်ကစားမည့်နေ့နှင့် ချစ်သူများနေ့(ဗယ်လင်တိုင်းဒေး)တို့ တိုက်ဆိုင်နေခြင်းကြောင့်ဖြစ်သည်ဟု Marca က ဖော်ပြထားသည်။

ရီးရဲလ်မက်ဒရစ်နှင့် ပီအက်စ်ဂျီတို့သည် ချန်ပီယံလိဂ် ၁၆ သင်း ရှုံးထွက်အဆင့် ပထမအကျော့ပွဲစဉ်ကို ရီးရဲလ်မက်ဒရစ်အသင်းပိုင် ဘာနေဗျူးဘောလုံးကွင်း၌ လာမည့် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ယှဉ်ပြိုင်ကြရလိမ့်မည်ဖြစ်ပြီး ပီအက်စ်ဂျီအသင်း၏အိမ်ကွင်းတွင် ကစားမည့် ဒုတိယအကျော့ပွဲစဉ်ကိုမူ ဘက်ခမ်းက လာရောက်ကြည့်ရှုဖွယ်ရှိကြောင်း ဆက်စပ်သတင်းများလည်း ထွက်ပေါ်နေသည်။

ဘက်ခမ်းသည် ၎င်းအနေနှင့် ချစ်သူများနေ့တွင် ဇနီးသည် ဗစ်တိုးရီးယားကို အချိန်ပေးရန် ကတိပြုထားပြီးဖြစ်၍ ရီးရဲလ်မက်ဒရစ်နှင့် ပီအက်စ်ဂျီတို့ ယှဉ်ပြိုင်ကစားမည့်ပွဲစဉ်ကို သွားရောက်ကြည့်ရှု အားပေးနိုင်ရန် အဆင်ပြေတော့မည် မဟုတ်ကြောင်း ဖွင့်ဟဝန်ခံသွားခဲ့ကာ ဗစ်တိုးရီးယားမှာ လက်ရှိတွင် ဘက်ခမ်းကို စိတ်ကွက်မှုများ ရှိနေကြောင်းလည်း ၎င်းတို့နှင့်ရင်းနှီးသူများက အသိပေးထားသည်။

ဘက်ခမ်းသည် အမေရိကန်ပြည်ထောင်စု မီယာမီမြို့တွင်အခြေစိုက်၍ ဘောလုံးကလပ်အသင်းတစ်သင်း တရားဝင်တည်ထောင် မိတ်ဆက်လိုက်အပြီးတွင် ၎င်း၏အသင်းကို အနီးကပ်ကြီးကြပ်ရန်အတွက် မိသားစုကို ခွဲခွာ၍ မီယာမီမြို့သို့ သွားရောက်နေထိုင်ရန် စီစဉ်နေပြီး ဗစ်တိုးရီးယားက ဘက်ခမ်း၏ယင်းသို့ စီမံမှုကို လုံးဝပင် လက်မခံနိုင် ဖြစ်လျက်ရှိသည်။

■ E-11

# ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ မြဝတီရုပ်သံက တိုက်ရိုက်ပြမည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၆**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အောက်ရှိ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကျင်းပရေးကော်မတီက ဦးဆောင်ကျင်းပမည့် ၂၀၁၈ ခုနှစ် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ဘောလုံးပြိုင်ပွဲကို မြဝတီရုပ်သံလိုင်းက တိုက်ရိုက်ထုတ်လွှင့် ပြသမည်ဖြစ်သည်။

ယင်းပြိုင်ပွဲအတွက် အုပ်စုမဲခွဲပွဲကို ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံးခန်း၌ ဖေဖော်ဝါရီလ ၆ ရက်နေ့က ကျင်းပခဲ့ရာ ပြိုင်ပွဲကို မေလမှ စက်တင်ဘာလအထိ သတ်မှတ်ထားပြီး သုဝဏ္ဏ၊ အောင်ဆန်းနှင့် ပဒုမ္မာကွင်းတို့တွင် ကျင်းပမည်ဟု မြန်မာနေရှင်နယ်လိဂ်အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်က ပြောကြားသွားသည်။

ပထမအဆင့်ပွဲစဉ်များကို မေလ ၁၂ ရက်နှင့် ၁၃ ရက်တွင်ကျင်းပမည်ဖြစ်ကာ GFA နှင့် ငွေကြယ်ပွင့်လေးများ၊ တော်ဝင်သန်လျင်နှင့်တက္ကသိုလ်၊ ဒဂုံနှင့်ကချင်ယူနိုက်တက်၊ စစ်ကိုင်းယူနိုက်တက်နှင့် မြဝတီ၊ တောင်ခြသေ့်နှင့် မောရဝတီအသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အနိုင်ရသည့်အသင်းများသည် ရတနာပုံ၊ ရခိုင်ယူနိုက်တက်၊ ချင်းယူနိုက်တက်၊ ဟံသာဝတီယူနိုက်တက်၊ ဇွဲကပင်ယူနိုက်တက်၊ ရွှေဝတီယူနိုက်တက်၊ မကွေး၊ ဆောက်သမ်းမြန်မာအသင်းတို့နှင့် ဒုတိယအဆင့်အဖြစ် ကစားမည်ဖြစ်သည်။

ယင်းအဆင့်တွင် အနိုင်ရသည့်အသင်းခြောက်သင်း၊ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်နှင့် ဒုတိယဆုရရှိထားသည့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယင်းပွဲအပြီးတွင် အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲများကို ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဆုကြေးများအဖြစ် ပထမဆု ကျပ်သိန်း ၃၀၀၊ ဒုတိယဆု ကျပ်သိန်း ၁၅၀၊ အကြိုဗိုလ်လုပွဲတက်ရောက်သည့်အသင်းများကို ကျပ် ၇၅ သိန်းစီ ချီးမြှင့်မည်ဟု ပြိုင်ပွဲကျင်းပရေးကော်မတီက ထုတ်ပြန်ထားသည်။

၂၀၁၇ ခုနှစ် ဗိုလ်ချုပ်အောင်ဆန်းဒိုင်းပြိုင်ပွဲ၏ လက်ရှိချန်ပီယံသည် ရှမ်းယူနိုက်တက်အသင်းဖြစ်ပြီး ရန်ကုန်ယူနိုက်တက်အသင်းကို အနိုင်ယူကာ ပထမဆုံးအကြိမ် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ■ J-04

# အရှေ့တောင်အာရှ ကာယဗလနှင့်ကာယကြံ့ခိုင်မှုပြိုင်ပွဲအတွက် ဧပြီလတွင် စခန်းသွင်းမည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၆**

အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုက စီစဉ်မှုဖြင့် ကျင်းပမည့် အရှေ့တောင်အာရှ ကာယဗလနှင့်ကာယကြံ့ခိုင်မှုပြိုင်ပွဲအတွက် ဧပြီလတွင် စခန်းသွင်းမည်ဖြစ်ကြောင်း သိရှိရသည်။

ပြိုင်ပွဲကို ဇွန်လအတွင်းတွင် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည်ဖြစ်ရာ ပဏာမကစားသမားများကို ဧပြီလမှစတင်ကာ ရန်ကုန်မြို့ရှိ ကာယဗလနှင့် ကာယကြံ့ခိုင်မှုလေ့ကျင့်ရေးစင်တာတွင် စခန်းသွင်းမည်ဖြစ်သည်ဟု ယင်းအဖွဲ့ချုပ်၏တွဲဖက်အတွင်းရေးမှူး ဦးကျော်စိန်သန်းက ပြောကြားသည်။

“ကစားသမားတွေကို ဧပြီလမှာ စခန်းသွင်းဖို့ ဆုံးဖြတ်ထားပါတယ်။ ကစားသမားတွေအတွက် လိုအပ်တဲ့ဆေးဝါးတွေနဲ့ ထောက်ပံ့မှုတွေလည်း အပြည့်အဝ ထောက်ပံ့ပေးပြီး ပြိုင်ပွဲအတွက် ပြင်ဆင်မှာပါ” ဟု ၎င်းက ဆိုသည်။

လက်ရှိတွင် အမျိုးသားကစားသမားများအဖြစ် ၆၀ ကီလိုတန်းတွင် ကျော်မင်းသန်း၊ ၆၅ ကီလိုတန်းတွင် မောင်မောင်မြင့်၊ ၇၀ ကီလိုတန်းတွင် လမင်းတစ်ရာ၊ ၇၅ ကီလိုတန်းတွင် သောင်းစံ၊ ၇၅ ကီလိုတန်းအထက်တွင် ဆလိုင်းကျော်မင်းတို့ကို ရွေးချယ်ထားကာ အမျိုးသမီးကစားသမားများအဖြစ် သန္တာဦး၊ ဆုမြင့်ဝင်း၊ ချူးမိုးမင်း၊ နေခြည်တင့်ဝေတို့ကို ရွေးချယ်ထားသည်ဟု သတင်းထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့သည် ယခုနှစ်အတွင်းတွင် အရှေ့တောင်အာရှ၊ အာရှနှင့် ကမ္ဘာ့ပြိုင်ပွဲများကို ထပ်မံယှဉ်ပြိုင်မည်ဖြစ်ပြီး ၂၀၁၇ ခုနှစ်က ယင်းပြိုင်ပွဲများတွင် အောင်မြင်မှုများ ရရှိထားခဲ့သည်။ ■ J-04

# အသင်းအကြောင်းကို အန်နီမေးရှင်း ရုပ်ရှင်ကား ရိုက်ကူးရန် ဘာစီလိုနာ စီစဉ်

**ဘာစီလိုနာ၊ ဖေဖော်ဝါရီ ၆**

ဘာစီလိုနာအသင်း တာဝန်ရှိသူများသည် အသင်းအကြောင်းကို အန်နီမေးရှင်းရုပ်ရှင်ကားတစ်ကား ရိုက်ကူးပုံဖော်ရန် စီစဉ်နေပြီဖြစ်ပြီး အန်နီးမေးရှင်းဖန်တီးမှုပိုင်းဆိုင်ရာကို အလုပ်အပ်ရန်အတွက် Pixar စီးပွားရေးလုပ်ငန်းစုနှင့် ဘာစီလိုနာက ဆွေးနွေးမှုများ စတင်နေပြီဖြစ်ကြောင်း AS က ဖော်ပြထားသည်။

Pixar သည် ကမ္ဘာကျော် အန်နီမေးရှင်း ရုပ်ရှင်ကားတစ်ကားဖြစ်သည့် Toy Story ကို ဖန်တီးခဲ့သော စီးပွားရေးလုပ်ငန်းစုကြီးဖြစ်ကာ Pixar ကို နောက်ကွယ်မှနေ၍ပိုင်ဆိုင်ထားသည်မှာ ဒစ္စနေ ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းစုဖြစ်သည်။

ဘာစီလိုနာသည် အသင်း၏ပုံရိပ်ကို ဈေးကွက်မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းစဉ်များ ပိုမိုဆောင်ရွက်ရန်အတွက် ယခုကဲ့သို့ အန်နီးမေးရှင်း ရုပ်ရှင်ကားတစ်ကား ရိုက်ကူးရန် အစီအစဉ်ရေးဆွဲလိုက်ခြင်းဖြစ်ပြီး ယခုရုပ်ရှင်ကားက ဘာစီလိုနာအကြောင်းကို ပိုမိုသိရှိနားလည်စေရန်နှင့် ဘာစီလိုနာကို အားပေးသူတစ်ဦးဖြစ်လာစေရန် ဆွဲဆောင်နိုင်စွမ်းရှိလိမ့်မည်ဟု အသင်းတာဝန်ရှိသူတစ်ဦးက ဖွင့်ဟပြောကြားသွားခဲ့သည်။

ဘာစီလိုနာသည် Pixar နှင့် လက်တွဲ၍ အန်နီးမေးရှင်းရုပ်ရှင်ကား ဖန်တီးပုံဖော်နိုင်ခဲ့ပါက ကမ္ဘာပေါ်ရှိ ဘောလုံးကလပ် အသင်းများအားလုံးအနက်တွင် အသင်းအကြောင်းကို အန်နီးမေးရှင်းရုပ်ရှင်ဖြင့် ဈေးကွက်ချဲ့ထွင်သော ပထမဆုံး ဘောလုံးအသင်းဖြစ်လာလိမ့်မည်ဖြစ်ပြီး လက်ရှိတွင် ဂျူဗင်တပ်နှင့် မန်စီးတီးတို့က ၎င်းတို့၏အကြောင်းကို Netflix၊ Amazon တို့နှင့်လက်တွဲ၍ ရုပ်သံမှတ်တမ်းများ ရိုက်ကူးကာ ထုတ်လွှင့်ပြသမှုများ ရှိနေသည်။ ■ E-11




**ကျောဖုံး - အမှားများရှိခဲ့ကြောင်း ဖေ့စ်ဘွတ်ခ်တည်ထောင်မှု ၁၄ နှစ်ပြည့်တွင် ဇက်ကာဘာ့ဂ်ဝန်ခံ မှအဆက်**

အရည်အချင်းရှိတဲ့သူတွေကို နေရာမှားထားမိတယ်၊ အရေးကြီးတဲ့ခေတ်ရေစီးကြောင်းတချို့ကို လွဲချော်ခဲ့တယ်၊ တချို့ကို နောက်ကျမှ အမီလိုက်နိုင်ခဲ့တယ်။ မအောင်မြင်တဲ့ထုတ်ကုန်(ဝန်ဆောင်မှု) တွေတစ်ခုပြီးတစ်ခု လုပ်ခဲ့မိတယ်”ဟု ဖေ့စ်ဘွတ်ခ်ပူးတွဲတည်ထောင်သူက သူ့ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ရေးသားခဲ့သည်။

လွန်ခဲ့သော ၁၄ နှစ်က ဟားဗတ်တက္ကသိုလ်ကျောင်းသားဘဝက ဇက်ကာဘာ့ဂ်တည်ထောင်ခဲ့သော ဖေ့စ်ဘွတ်ခ်နှင့်ပတ်သက်ပြီး သူကိုယ်တိုင် ဝန်ခံမှုမှာ သုံးစွဲသူ သန်း ၂၀၀၀ အထိ ရှိလာပြီး အထူးအောင်မြင်နေသော်လည်း သတင်းအမှားများ၊ မဟုတ်မမှန် လုပ်ကြံမှုများ ပျံ့နှံ့စေမှုအတွက် ဝေဖန်ခံနေရသော ဖေ့စ်ဘွတ်ခ်၏ အခြေအနေကို ရောင်ပြန်ဟပ်စေခဲ့သည်။

မကြာသေးမီရက်သတ္တပတ်အတွင်း ဖေ့စ်ဘွတ်ခ်သည် မိသားစုနှင့်မိတ်ဆွေများကို အာရုံစိုက်သည့် တင်ဆက်ပုံဖြစ်လာရေး ဆောင်ရွက်မည့်အစီအစဉ်များကို ချပြခဲ့သည်။

ဖေဖော်ဝါရီလ ၅ ရက်နေ့က ဇက်ကာဘာ့ဂ်ရေးသားသည့်ပို့စ်သည် ဖေ့စ်ဘွတ်ခ်လုပ်ကိုင်လည်ပတ်ပုံကို ပြန်လည်ဆန်းစစ်မှုအကြောင်း ရှင်းလင်းချက် တစ်စိတ်တစ်ဒေသဟုလည်း ဆိုနိုင်သည်။

“ဒီကနေ့ ကျွန်တော်တို့အသိုင်းအဝိုင်း တည်ရှိနေတာဟာ အမှားတွေကို ရှောင်လွှဲနိုင်လို့မဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ အကြီးကျယ်ဆုံး စိန်ခေါ်မှုတွေကို ဖြေရှင်းနိုင်ဖို့ လုံလောက်တဲ့အတိုင်းအတာအထိ ဆက်ကြိုးစားဆောင်ရွက်နေမှုအပေါ်မှာ ယုံကြည်လို့ပါပဲ။ ကျွန်တော်တို့ ထပ်တလဲလဲ ကျရှုံးဦးမယ်ဆိုတာလည်း ကောင်းကောင်းကြီးသိထားပါတယ်။ ဒါပေမဲ့ ဒါကသာ တိုးတက်ဖို့အတွက် တစ်ခုတည်းသောနည်းလမ်းဖြစ်ပါတယ်” ဟုဇက်ကာဘာ့ဂ်က ရေးသားခဲ့သည်။ ■ F-03

# အောင်ဆန်းကွင်းကိုအဆင့်မြှင့်တင်ရန် အစိုးရထံ ပြန်အပ်မည်

ရန်ကုန်၊ ဖေဖော်ဝါရီ ၆

ရန်ကုန်မြို့တော်၏ အချက်အချာကျသည့် နေရာတစ်ခုဖြစ်ပြီး နိုင်ငံတကာပြိုင်ပွဲများကို လက်ခံကျင်းပခဲ့သည့် အောင်ဆန်းအားကစားကွင်းကို အဆင့်မြှင့်တင်ရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ယခုရက်ပိုင်းအတွင်း အစိုးရထံ ပြန်လည်အပ်နှံရမည်ဖြစ်သည်။

ရန်ကုန်တိုင်းအစိုးရအဖွဲ့က အောင်ဆန်းအားကစားကွင်းကို ပြန်လည်အဆင့်မြှင့်တင်ရန် ဆန္ဒရှိနေသည့်အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ပြန်လည်အပ်နှံခြင်းဖြစ်သည်ဟု အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းက ပြောကြားသည်။

"တိုင်းအစိုးရအဖွဲ့က အောင်ဆန်းကွင်းကို ဒီထက်ပိုပြီးအဆင့်မြှင့်ဖို့ရှိတယ်ဆိုတော့ ပြန်အပ်ရတာပေါ့။ ကျွန်တော်တို့က ငှားရမ်းအသုံးပြုနေရတဲ့ကွင်းကို"ဟု ၎င်းက ဆိုသည်။

ရန်ကုန်တိုင်း အစိုးရအဖွဲ့အနေနှင့် အောင်ဆန်းအားကစားကွင်းကို အဆင့်မြှင့်တင်ရန် ရှိသည်ဟု သိရသော်လည်း ပြင်ဆင်မည့်အသေးစိတ်ကိုမူ မသိရကြောင်း ၎င်းကထပ်လောင်း ပြောဆိုသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေနှင့် အဆိုပါအောင်ဆန်းအားကစားကွင်းကို တစ်နှစ်လျှင် ကျပ်သိန်း ၅၀ ဖြင့် နှစ် ၃၀ စာချုပ်ကာ ငှားရမ်းထားခြင်းဖြစ်ပြီး ပြင်ဆင်မှုများပြီးစီးပါက ပြန်လည်အသုံးပြုမည်ဟု အဖွဲ့ချုပ်ထံမှ သိရသည်။

သမိုင်းဝင် ဘောလုံးကွင်းတစ်ကွင်းဖြစ်သည့် အဆိုပါအောင်ဆန်းအားကစားကွင်း၌ ၁၉၆၀ ပြည့်နှစ်ဝန်းကျင်က ကျင်းပခဲ့သည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများ လက်ခံကျင်းပထားခဲ့ပြီး ယခင်က အရှေ့တောင်အာရှ၏ အကောင်းဆုံး အားကစားကွင်း တစ်ကွင်းအဖြစ် ထင်ရှားခဲ့သည်။ ■ J-04

## ပြင်သစ်လီဂူး၏လုပ်ခလစာ အများဆုံးရ ကစားသမားစာရင်းကို ပီအက်စ်ဂျီကစားသမားများ ဦးဆောင်

ပဲရစ်၊ ဖေဖော်ဝါရီ ၆

ပြင်သစ်လီဂူး ပြိုင်ပွဲကျင်းပရေးကော်မတီသည် ပြင်သစ်လီဂူး၏လုပ်ခလစာ အများဆုံးရ ကစားသမားစာရင်းကို ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်ရာ ယင်းစာရင်းကို ထိပ်ဆုံးနေရာမှနေ၍ ဦးဆောင်သွားခဲ့ကြသူများမှာ ပီအက်စ်ဂျီကစားသမားများဖြစ်ကြောင်း Sportmail က ဖော်ပြထားသည်။

ပြင်သစ်လီဂူး၏လုပ်ခလစာအများဆုံးရ ကစားသမားစာရင်းတွင် ထိပ်ဆုံးနေရာ၌ ရပ်တည်နေသူမှာ ပီအက်စ်ဂျီတိုက်စစ်မှူး နေမာဖြစ်ပြီး နေမာရရှိနေသော တစ်လလုပ်ခလစာ အကျိုးခံစားခွင့်မှာ ပေါင် ၂ ဒသမ ၇ သန်းရှိကြောင်း ပြင်သစ်လီဂူးပြိုင်ပွဲကျင်းပရေးကော်မတီက အသိပေးထားသည်။

နေမာ၏နောက်တွင် ၎င်း၏ပီအက်စ်ဂျီအသင်းဖော်များဖြစ်ကြသော ကာဗာနီနှင့် အမ်ဘတ်ပေတို့က ရပ်တည်နေကြပြီး ၎င်းတို့နှစ်ဦး၏တစ်လလုပ်ခရရှိမှုမှာ ပေါင် ၁ ဒသမ ၃ သန်းစီသာ ရှိသည့်အတွက် နေမာနှင့်ယှဉ်ပါက နှစ်ဆနီးပါး ကွာဟနေကြောင်း တွေ့ရှိကြရသည်။

ပြင်သစ်လီဂူး၏လုပ်ခလစာအများဆုံးရကစားသမားစာရင်း၏ထိပ်ဆုံးရှစ်နေရာကို ပီအက်စ်ဂျီကစားသမားများက ရယူထားပြီး ထိပ်ဆုံး ၁၃ ဦးရပ်တည်မှုတွင်လည်း မိုနာကိုအသင်းကိုယ်စားပြုအဖြစ် တိုက်စစ်မှူး ဖယ်လ်ကာအို ပါဝင်လာသည်ကလွဲ၍ ကျန် ၁၂ ဦးမှာ ပီအက်စ်ဂျီကစားသမားများဖြစ်ကြသည်။ ■ E-11

## မန်ယူထံသို့ ပြောင်းနိုင်မည့်အခွင့်အရေး တားမြစ်ပိတ်ပင်ခံခဲ့ရကြောင်း ဒီဘူချီ ပြောကြား

လန်ဒန်၊ ဖေဖော်ဝါရီ ၆

ပြင်သစ်လီဂူးကလပ် စိန့်အက်တီယန်ထံသို့ ပြောင်းရွှေ့၍ ကစားသမားဘဝဖြတ်သန်းနေပြီဖြစ်သော အာဆင်နယ်နောက်ခံကစားသမားဟောင်း ဒီဘူချီသည် မန်ယူထံသို့ ၎င်းပြောင်းရွှေ့နိုင်မည့် အခွင့်အလမ်းကို နည်းပြအာစင်ဝင်းဂါးက တားမြစ်ပိတ်ပင်ခဲ့သည့်အတွက် ဒေါသပေါက်ကွဲခဲ့ဖူးကြောင်း ဖွင့်ဟဝန်ခံလိုက်သည်ဟု Daily Mail က ဖော်ပြထားသည်။

မန်ယူသည် လွန်ခဲ့သည့် ၂ နှစ်ခန့်က ဒီဘူချီကိုခေါ်ယူရန် ကမ်းလှမ်းဆက်သွယ်ခဲ့ဖူးပြီး ယင်းအချိန်၌ အာဆင်နယ်ထံတွင် ပွဲထွက်ခွင့်ရရန် ရုန်းကန်နေရခြင်းကြောင့် ၎င်းကို အသင်းပြောင်းခွင့်ပေးပါရန် နည်းပြအာစင်ဝင်းဂါးကို ဒီဘူချီက တောင်းဆိုခဲ့သော်လည်း အာစင်ဝင်းဂါးက ၎င်း၏တောင်းဆိုချက်ကို လက်မခံဘဲ ငြင်းဆန်ပယ်ချပစ်လိုက်ခြင်းဖြစ်သည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် ဒီဘူချီက "ကျွန်တော့်ကိုခေါ်ယူဖို့ မန်ယူက ကမ်းလှမ်းဆက်သွယ်ခဲ့တာ အမှန်ပါပဲ။ ကျွန်တော်ကိုယ်တိုင်ကလည်း မန်ယူအတွက် ကစားပေးဖို့ ဆန္ဒရှိခဲ့ပါတယ်။ ဒီအပြောင်းအရွှေ့အထမမြောက်နိုင်ခဲ့တာက နည်းပြအာစင်ဝင်းဂါးကြောင့်ပါ။ သူဟာ မန်ယူဆီ ကျွန်တော် ရောက်ရှိသွားမှာကို လုံးဝ မလိုလားခဲ့ပါဘူး။ အပြောင်းအရွှေ့ မဖြစ်ရလေအောင် အာစင်ဝင်းဂါးက နည်းလမ်းမျိုးစုံနဲ့ တားမြစ်ပိတ်ပင်ခဲ့ပါတယ်။ သူ့လုပ်ရပ်တွေကို အရမ်းပဲ စိတ်ပျက်ဒေါသထွက်ခဲ့ရတာ အမှန်ပါပဲ"ဟု ပြောကြားသွားခဲ့သည်။ ■ E-11



Daily Mail

# စပါးအသင်းကို ပင်နယ်တီကန်ခွင့် မှားယွင်းသတ်မှတ်ပေးလိုက်မိကြောင်း ဒိုင်လူကြီး ဂျွန်မော့စ် ဝန်ခံ

လီဗာပူး၊ ဖေဖော်ဝါရီ ၆

လီဗာပူးနှင့် စပါးတို့ တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်ကို တာဝန်ယူကိုင်တွယ်ခဲ့သည့် ကွင်းလယ်ဒိုင်လူကြီး ဂျွန်မော့စ်သည် ယင်းပွဲစဉ်တွင် စပါးအသင်းကို ပထမအကြိမ် ပင်နယ်တီကန်ခွင့် သတ်မှတ်ပေးလိုက်ရာ၌ ၎င်း၏ဆုံးဖြတ်ချက်မှားယွင်းခဲ့သည်ဟု ဖွင့်ဟဝန်ခံလိုက်ကြောင်း Sportmail က ဖော်ပြထားသည်။

ဒိုင်လူကြီး ဂျွန်မော့စ်သည် ယင်းပွဲစဉ်တွင် စပါးကို ပင်နယ်တီကန်ခွင့်နှစ်ကြိမ်သတ်မှတ်ပေးခဲ့ပြီး လီဗာပူးနည်းပြ ဂျာဂင်ကလော့ပ်ကမူ အဆိုပါပင်နယ်တီ သတ်မှတ်ပေးမှု နှစ်ကြိမ်လုံးမှာ မှားယွင်းခဲ့သည်ဟု ပြင်းပြင်းထန်ထန် ဝေဖန်ကန့်ကွက်သွားခဲ့သည်။

လီဗာပူးကစားသမားများသည် စပါးကို ပထမအကြိမ် ပင်နယ်တီသတ်မှတ်ပေးခဲ့ရာတွင် ဘောလုံးကို ဆွဲပြေးထွက်သွားခဲ့သော စပါးတိုက်စစ်မှူး ဟယ်ရီကိန်းမှာ လူကျွံနေကြောင်း စောဒကတက်ခဲ့ကြပြီး ၎င်းအနေနှင့် စည်းကြပ်ဒိုင်လူကြီး အက်ဒီစမတ်၏မှတ်ချက်စကားအပေါ်တွင် ချင့်ချိန်၍ စပါးကို ပင်နယ်တီသတ်မှတ်ပေးလိုက်ခြင်းဖြစ်ကြောင်း ဒိုင်လူကြီးဂျွန်မော့စ်က ရှင်းပြသွားခဲ့သည်။

စည်းကြပ်ဒိုင်လူကြီး အက်ဒီစမတ်သည် ဘောလုံးမှာ လီဗာပူးနောက်ခံလူလော့ဗ်ရန်ကို ထိပြီးသည့်နောက်တွင်မှ ဟယ်ရီကိန်း၏ပြေးလမ်းကြောင်းတွင်းသို့ ရောက်ခဲ့သည့်အတွက် လူကျွံဘောဟု မဆိုနိုင်ကြောင်း ဒိုင်လူကြီး ဂျွန်မော့စ်ကို အသိပေးခဲ့ပြီး ယင်းအချက်အပေါ်တွင် မူတည်ကာ စပါးကို ပင်နယ်တီကန်ခွင့်ပေးရန် ဂျွန်မော့စ်က ဆုံးဖြတ်လိုက်မိခြင်းဖြစ်ကြောင်း ဒိုင်လူကြီးများအစည်းအရုံး (PGMOL) က ကြေညာချက်တစ်ရပ် ထုတ်ပြန်ထားပြီဖြစ်သည်။

လီဗာပူးအသင်း ကစားသမားများသည် ဟယ်ရီကိန်းမှာ လူကျွံနေရုံသာမကဘဲ ဟန်ဆောင်ဒိုင်ဗင်ထိုးလှဲချကာ ပင်နယ်တီ တောင်းခံခဲ့ခြင်းဖြစ်သည်ဟု စွပ်စွဲခဲ့ကြပြီး ၎င်းအနေနှင့် စတုတ္ထဒိုင်လူကြီးဖြစ်သူ မာတင်အက်ကင်ဆန်ကိုယင်းအဖြစ်အပျက်အား ရုပ်သံတွင် ရှင်းလင်းစွာ မြင်တွေ့လိုက်ရခြင်း ရှိ၊ မရှိ အမြင်တောင်းခံခဲ့သော်လည်း အက်ကင်ဆန်က တစ်စုံတစ်ရာ မှတ်ချက်ပေးအပ်ခြင်း မရှိခဲ့သည့်အတွက် လုပ်ရကိုင်ရ လွန်စွာခက်ခဲခဲ့ကြောင်းလည်း ဂျွန်မော့စ်က အသိပေးသွားခဲ့သေးသည်။

ဒိုင်လူကြီးများ အစည်းအရုံး (PGMOL)က ထုတ်ပြန်လိုက်သော ကြေညာချက်တွင် "ဒိုင်လူကြီးဂျွန်မော့စ်က သူ့ဘက်ကနေပြီး အသေချာဆုံးဖြစ်အောင် ကြိုးပမ်းခဲ့ပေမယ့် လွဲမှားသွားခဲ့တာတွေရှိတယ်လို့ ဖွင့်ဟဝန်ခံသွားခဲ့ပါတယ်။ စည်းကြပ်ဒိုင်လူကြီးနဲ့ စတုတ္ထဒိုင်လူကြီးတို့ရဲ့အကူအညီကို ရယူဖို့ သူကြိုးပမ်းခဲ့ပေမယ့် အဆင်မပြေခဲ့ပါဘူး။ စတုတ္ထဒိုင်လူကြီး မာတင်အက်ကင်ဆန်ကလည်း ရုပ်သံပြကွက်အရ အခြေအနေကို အခိုက်အတန့်အဖြစ်မျှသာ မြင်တွေ့လိုက်ရတဲ့အတွက် ဘာတစ်ခုမှ ထင်မြင်ချက်မပေးနိုင်ဖြစ်သွားခဲ့ရတာပါ"ဟု ဖော်ပြပါရှိသည်။ ■ E-11

## ရုပ်သံလွှင့်စာချုပ်သစ် ချုပ်ဆိုရာတွင် ဆောင်းရာသီနားရက်ပေးရေး ပါဝင်လာဖွယ်ရှိကြောင်း ပရီးမီးယားလိဂ် အသိပေး

လန်ဒန်၊ ဖေဖော်ဝါရီ ၆

ပရီးမီးယားလိဂ်ပြိုင်ပွဲကျင်းပရေးကော်မတီသည် ရုပ်သံလွှင့်စာချုပ်သစ်ရေးချရာတွင် တင်ဒါအောင်သည့် လုပ်ငန်းစုနှင့် ညှိနှိုင်း၍ ပရီးမီးယားလိဂ်၌ ဆောင်းရာသီ နားရက်ကာလတစ်ခု ဖြစ်ပေါ်လာစေရန် စီစဉ်သွားတော့မည်ဖြစ်ကြောင်း Daily Mail က ဖော်ပြထားသည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဆောင်းရာသီနားရက်ကာလ မရှိခြင်းသည် လူအများအကြားတွင် အငြင်းပွားဖွယ်ရာကိစ္စရပ်တစ်ခုအဖြစ် ကာလအတန်ကြာရှိခဲ့ဖူးပြီး နိုင်ငံတကာအဆင့်ပြိုင်ပွဲများတွင် အင်္ဂလန်လက်ရွေးစင်အသင်း အောင်မြင်မှုများနှင့် အလှမ်းဝေးကွာရလျက်ရှိသည်မှာ ပရီးမီးယားလိဂ်တွင် ဆောင်းရာသီနားရက်ကာလ မရှိခြင်းနှင့် တိုက်ရိုက်ဆက်စပ်နေသည်ဟု ဝေဖန်ထောက်ပြမှုများပင် ထွက်ပေါ်ခဲ့ဖူးသည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ၏လက်ရှိရုပ်သံလွှင့်စာချုပ်သည် ၂၀၁၈-၁၉ ဘောလုံးရာသီပြီးဆုံးချိန်တွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ပြီး ၂၀၁၉-၂၀ ဘောလုံးရာသီကစတင်၍ သုံးနှစ်သက်တမ်းအဖြစ် ရေးချမည့် ရုပ်သံလွှင့်စာချုပ်သစ်တွင် ဆောင်းရာသီနားရက်ကာလ ပါဝင်နိုင်ရေးကို ၎င်းတို့အနေနှင့် စီမံစိုင်းပြင်းနေပြီဖြစ်ကြောင်း ပရီးမီးယားလိဂ်ပြိုင်ပွဲကျင်းပရေးကော်မတီ အမှုဆောင်အရာရှိချုပ် ရစ်ချတ်စကူဒါမိုးကလည်း အတည်ပြုထားပြီဖြစ်သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲကျင်းပရေးကော်မတီသည် နားရက်ကာလကို ဇန်နဝါရီလအတွင်း၌ သတ်မှတ်ပေးနိုင်ရန် စီစဉ်ထားပြီး ဒီဇင်ဘာကာလတွင် ယှဉ်ပြိုင်ကစားသော အင်္ဂလန်ရိုးရာ ခရစ္စမတ်ပွဲကျပ်ကာလကမူ ယခုအတိုင်းပင် ဆက်ရှိနေလိမ့်မည်သာဖြစ်ကြောင်းလည်း ပရီးမီးယားလိဂ် ပြိုင်ပွဲကျင်းပရေးကော်မတီက ရှင်းပြထားသည်။ ■ E-11



# FOREIGN AFFAIRS




ဖေ့စ်ဘွတ်ခ်တည်ထောင်သူ မာ့ခ်ဇက်ကာဘာ့ဂ်

Reuters

## အမှားများရှိခဲ့ကြောင်း ဖေ့စ်ဘွတ်ခ်တည်ထောင်မှု ၁၄ နှစ်ပြည့်တွင် ဇက်ကာဘာ့ဂ်ဝန်ခံ

**ဝါရှင်တန်၊ ဖေဖော်ဝါရီ ၆**

ဖေ့စ်ဘွတ်ခ်လူမှုကွန်ရက် ၁၄ နှစ်ပြည့်သည့်နေ့ဖြစ်သော ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ဖေ့စ်ဘွတ်ခ်ပူးတွဲတည်ထောင်သူ မာ့ခ်ဇက်ကာဘာ့ဂ်က မိမိကိုယ်ကိုယ်ဝေဖန်ဆန်းစစ်မှုအဖြစ် ကမ္ဘာ့အကြီးဆုံး လူမှုကွန်ရက်ထူထောင်ရာတွင် အမှားများရှိခဲ့ကြောင်း ဝန်ခံခဲ့သည်ဟု AFP သတင်းဌာနက ဖော်ပြသည်။

"နှစ်များစွာအတွင်းမှာ စိတ်ကူးကြည့်လို့ရသမျှ အမှားတိုင်းလိုလို လုပ်မိခဲ့ပါတယ်။ လုပ်ငန်းပိုင်းဆိုင်ရာ အမှားအယွင်းတွေ၊ ဆိုးရွားတဲ့သဘောတူညီချက်တွေ လုပ်ခဲ့မိတယ်။ လူမှားပြီး ယုံကြည်မိတယ်၊

စာ - 30

## ဟောင်ကောင်ကျောင်းသားခေါင်းဆောင်များ ထောင်ဒဏ်မှ လွတ်မြောက်



BBC

ကျောင်းသားခေါင်းဆောင်များသည် ဟောင်ကောင် အတိုက်အခံလောက၏ မျက်နှာစာသဖွယ်ဖြစ်လာခဲ့သည်

**ဟောင်ကောင်စီးတီး၊ ဖေဖော်ဝါရီ ၆**

၂၀၁၄ ခုနှစ် ဟောင်ကောင်ဒီမိုကရေစီလှုပ်ရှားမှု ထီးဆောင်းတော်လှန်ရေးကို ဦးဆောင်ခဲ့ကြသော ကျောင်းသားခေါင်းဆောင်သုံးဦးကို ဟောင်ကောင်ထိပ်တန်းတရားရုံးက ထောင်ဒဏ်များပယ်ဖျက်ပေးခဲ့ကြောင်း BBC သတင်းတစ်ရပ်ကဆိုသည်။

တရားမဝင် လူစုလူဝေးမှုဖြင့် ကျောင်းသားခေါင်းဆောင်များဖြစ်ကြသော ဂျိုရှူဝါဝေါင်း၊ နေသန်လောနှင့် အဲလက်စ်ချောင်တို့ကို တရားရုံးတင်ခဲ့ခြင်းဖြစ်သည်။

၎င်းတို့ကို အချုပ်ထဲထည့်ထားခြင်းကြောင့် နိုင်ငံတကာက အာရုံစိုက်မှုများ ရရှိခဲ့ကာ ဟောင်ကောင် အာဏာပိုင်သည် နိုင်ငံရေးဆန္ဒပြသူများကို နှိပ်ကွပ်နေကြောင်း လူ့အခွင့်အရေးအဖွဲ့များက ထောက်ပြဝေဖန်ထားကြသည်။

၂၀၁၄ ထီးတော်လှန်ရေး ဆန္ဒပြပွဲအတွင်း ဟောင်ကောင်ဗဟိုချက်မသည် သီတင်းပတ်ပေါင်းများစွာ စီးပွားရေးရပ်ဆိုင်းသွားခဲ့သည်။

ကျောင်းသားခေါင်းဆောင် သုံးဦးသည် ဆန္ဒပြပွဲများ၏ခေါင်းဆောင်များဖြစ်လာပြီး ၎င်းတို့သည် ဟောင်ကောင်အုပ်ချုပ်ရေးအား ဒီမိုကရေစီနည်းကျ ဆောင်ရွက်ပေးရန် တောင်းဆိုခဲ့ကြသည်။

ဆန္ဒပြပြည်သူများက အဓိကရဏ်းရဲများ၏ မျက်ရည်ယိုဗုံးများကို ထီးများဖြင့် ကာကွယ်ရင်း ချီတက်ခဲ့ကြရာ ထီးတော်လှန်ရေးဟုလည်း နာမည်ကျော်ခဲ့သည်။

တရားမဝင်လူစုဆောင်းမှုဖြင့် အဆိုပါ ကျောင်းသားခေါင်းဆောင်သုံးဦးကိုဖမ်းဆီးအရေးယူထားခဲ့သည်။

၂၀၁၆ ခုနှစ်က ဂျိုရှူဝါဝေါင်းနှင့် နေသန်လောတို့ကိုအများအကျိုးပြုလုပ်ငန်းများပြုလုပ်ရန် ပြစ်ဒဏ်ချမှတ်ခဲ့ပြီး အဲလက်စ်၏ ပြစ်ဒဏ်ကို ဆိုင်းငံ့ခဲ့သည်။

သို့သော် ပြစ်ဒဏ်သည် သက်ညှာလွန်းသည်ဟုဆိုကာ ဟောင်ကောင်အစိုးရက အယူခံဝင်ခဲ့ပြီး အဆိုပါဖြစ်ရပ်သည် ဖြစ်တောင့်ဖြစ်ခဲဖြစ်၍ လူပြောများခဲ့သည်။

ထို့နောက် အဆိုပါ ကျောင်းသားခေါင်းဆောင်များကိုခြောက်လမှ ရှစ်လအထိထောင်ဒဏ်များ အသီးသီးချမှတ်ခဲ့ကြသည်။

ပြီးခဲ့သည့် သီတင်းပတ်က ကျောင်းသားခေါင်းဆောင်များကို နိုဘယ်လ်ဆုပေးရန်အတွက် အမေရိကန်နိုင်ငံရေးသမားများက အမည်စာရင်း သွင်းခဲ့လေရာ ဟောင်ကောင်နှင့် တရုတ်အစိုးရတို့က ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့ပြီးနောက် ၎င်းတို့ကိုပြန်လည်လွှတ်ပေးခဲ့သည့်သတင်းထွက်ပေါ်လာသည်။

■ F-02

## ALSO IN NEWS

### ဗိုက်ပေါ်မှာ ဖရဲသီး ၄၉ လုံးကို ဓားနဲ့ခုတ်စေခဲ့သူ

အိန္ဒိယနိုင်ငံက သိုင်းသမားတစ်ဦးဟာ ကမ္ဘာ့စံချိန် ဂရင်းနစ်တင်ခဲ့ပါတယ်။ သူချိုးခဲ့တဲ့စံချိန်က ဝမ်းဗိုက်ပေါ်မှာ ဖရဲသီးအများဆုံး ဓားဖြင့် ခုတ်ဖြတ်ပြနိုင်မှုတဲ့။ စုစုပေါင်း ဖရဲသီး ၄၉ လုံးကို သူ့ဗိုက်ပေါ်တင်ထားပြီး တစ်ဦးက အချိန်တိုအတွင်းမှာ ဓားနဲ့ ခုတ်ပြတာဖြစ်ပါတယ်။ ဗစ်စပီဂျင်မီခါရာဒီလို့ခေါ်တဲ့ အဆိုပါသိုင်းသမားဟာ မိတ်ဆွေသိုင်းသမား ကာဆက်ရဲ့အကူအညီနဲ့ သူ့ဗိုက်ပေါ်က ဖရဲသီးတွေကို အပိုင်းလိုက် ကွင်းဖြတ်ပြတာဖြစ်ပါတယ်။ ထက်လှတဲ့ ဓားနဲ့ ခုတ်တာမို့ အချိန်အဆမမှန်ရင် အသက်ပါသွားမယ့် စွန့်စားမှုဖြစ်ပါတယ်။ သူတို့ တွဲဖက်ဟာ ဘာဒဏ်ရာကိုမှ မဖြစ်စေခဲ့ဘဲ ဖရဲသီး ၄၉ လုံးကို ခွဲပြခဲ့ပါတယ်။ ယခင်စံချိန်က ၄၈ ဖြစ်တာမို့ ကပ်ပြီးချိုးသွားတယ်လို့ ဆိုနိုင်ပါတယ်။ ခုတ်တဲ့သူရော၊ အောက်ကခံရတဲ့သူရော မလွယ်ကူတဲ့ စိန်ခေါ်မှုပဲဖြစ်ပါတယ်။

■ F-02



### ၆ပေ မိကျောင်းကို အိမ်မွေးတိရစ္ဆာန်လို မွေးထားတဲ့ အင်ဒိုအမျိုးသား

အင်ဒိုနီးရှားနိုင်ငံက မိသားစုတစ်စုဟာ ၆ပေလောက်ရှည်တဲ့ မိကျောင်းကြီးတစ်ကောင်ကို အိမ်မွေးတိရစ္ဆာန်အဖြစ် ခြံထဲမှာမွေးထားခဲ့ပါသတဲ့။ လွန်ခဲ့တဲ့အနှစ် ၂၀ လောက်က အသတ်ခံရခါနီး မိကျောင်းလေးကို တံငါသည်တွေထံကနေ ဝယ်ယူပြီး မွေးခဲ့တာလို့ ပိုင်ရှင်အမျိုးသား မစ္စတာအီရာဝမ် က ပြောကြားပါတယ်။အသက်ကယ်ပြီး ဝယ်လာကာစက ၃၀ စင်တီမီတာသာရှိသေးတာဖြစ်ပါတယ်။

အဆိုပါမိကျောင်းကို သူက ကိုဂျက်လို့ အမည်ပေးထားပါတယ်။ "ဒီအကောင်လေးကို ကျွန်တော်သနားတယ်။ ဒါကြောင့် တံငါသည်တွေကို ငွေပေးပြီး သူ့ကိုခေါ်လာခဲ့တာပါ"လို့ အီရာဝမ် က ပြောကြားပါတယ်။

"သူဟာ ကျွန်တော့် မိသားစုဝင်ဖြစ်လာခဲ့ပါတယ်။ သူ့ကြောင့် မိသားစုကလည်း စိတ်အနှောင့်အယှက်မဖြစ်ပါဘူး။ အိမ်မှာသူရှိတော့ ထူးခြားတာပေါ့" လို့ သူက ပြောပြပါတယ်။ နှစ်ပေါင်းများစွာ ကိုင်တွယ်ပြုစုပေးခဲ့တာကြောင့် မိကျောင်းဟာ သူ့ကိုမိတ်ဆွေလို ဒါမှမဟုတ် မွေးစားဖခင်လို သဘောထားပါကြောင်းလည်း သူကဆိုပါတယ်။

■ F-02

